အမရပူရ

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ ၏

အနာဂတ်သာသနာပြုပြင်ရေး ဟောပြောချက်

ဖြန့်ချိရေး



မိုးကြည်စာပေ

ဆိုင်အမှတ် ၁၁၀၊ ရေကျော်ဝေးအတွင်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် [ ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ]

ဒုတိယ အကြိမ်

၁၉၉၃ ခု၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၁၆ ကျပ်

ပန်းချီ - ဆွေမြင့်
ဘလောက် - အောင်း

အမှုးရိုက်
ဖြိုးပုံနှိပ်တိုက်

ပုံနှိပ်သူ
ဒေါ်ယဉ်ဝင်းလှိုင်၊ ဖြိုးပုံနှိပ်တိုက် (၀၄၄၂၆)
၂၁၁/၂၁၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်၊

ထုတ်ဝေသူ
ဦးမိုးကြည်၊ မိုးကြည်စာပေတိုက် (မြ-၀၉၅၈)
၃၈၇(က)၊ ၇ ရပ်ကွက်၊ ဖျာပုံလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်း

အနာဂတ်သာသနာပြုပြင်ရေး

ဩဝါဒတရားတော်

အမှာ



အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသသည် ဗုဒ္ဓသာသနာတော်အတွက် သန့်ရှင်းတည်တံ့ပြန့်ပွားရန် နေ့စဉ် နံနက်တိုင်း ဩဝါဒ ပေးတော် မူပါသည်၊ သို့သော် အချိန်ရှည်လျားစွာ သာသနာတော်နှင့်ဆိုင်သော ဩဝါဒတရား သီးသန့်ဟောပြောခြင်းကိုမူ အကြိမ်အနည်းငယ်သာ ဟောခဲ့ပါသည်။

သံဂါယနာတင်ချိန် ၁၉၅၀ ခု၊ ဇန်နဝါရီလ ၂ ရက် ကြာသပတေးနေ့ည၌ ကမ္ဘာအေးဘုရားလမ်း မဟာဂန္ဓာရုံကျောင်းတွင် ကွယ်လွန်သူဦးကျန်စု ဆရာဝန် ဦးရန်ရှင်းတို့နှင့်အတူရှိနေစဉ် ည၌ဘက် သာသနာရေး အကြောင်း ဆွေးနွေးရင်းက အတော်ကြာကြာ သာသနာရေးနှင့်စပ်၍ ဩဝါဒပေးတော်မူခဲ့ပါသည်၊ ထိုစဉ်က ကျွန်တော် အသံဖမ်းယူထားခဲ့ပါသည်။

အခြေပြုပဋ္ဌာန်းနှင့် သာသနာရေး ၁၉၇၃ ခု၊ ဖြေလအတွင်းက ဖြစ်ပါသည်၊ မိုးကုတ်မှ အမရပူရ မဟာဂန္ဓာရုံ သိမ်ကျောင်းဒကာနှင့် ဒကာမ ဦးညီညီ-ဒေါ်လှမေတို့ ရှင်သာမဏေပြုပွဲတွင် နံနက်အရုဏ်ဆွမ်းကပ်ပြီး ဩဝါဒပေးချိန်တွင် သာသနာရေး ဩဝါဒကို သာသနာပြု ဒကာ ဒကာမများ ဆင်ခြင်နှလုံးသွင်းတတ်ရန် အထူး ဟောကြားတော်မူခဲ့ပါသည်၊ အလှူပြီးသောအခါ တဆက်တည်း ထိုရက်အတွင်းမှာပင် သာသနာတော်အတွက် ၁၇ ရက်တိုင်တိုင် အခြေပြု ပဋ္ဌာန်းတရားတော်ကြီးကို ဟောကြားတော်မူခဲ့ပါသည်။

ဝိုင်အမ်ဘီအေ သာသနာရေးဩဝါဒ ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၃၀ ရက် (၁၃၃၅ ခု၊ ပြာသိုလဆန်း ၇ ရက်) နေ့တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) အသင်းတိုက်၌ အနာဂတ် သာသနာတော် ပြုပြင်ရေး တရားတော်ကို သီးသန့် ဟောကြားတော်မူခဲ့ပါသည်။ ထို ၃ ကြိမ်မျှသာလျှင် သာသနာတော် ပြုပြင်ရေး ဩဝါဒကို သီးသန့် ဟောကြားတော် မူခဲ့ပါသည်။

ထိုဩဝါဒများကို ကျွန်တော်သည် အသံသွင်း၍ ရှိသေစွာ ထားခဲ့ရာမှ ယခုအခါ သာသနာတော် ဝန်ရှင်းတည်တံ့ပြန့်ပွားရန် အစိုးရနှင့် ပြည်သူတို့ ကြိုးစားနေချိန်နှင့် ကြုံတွေ့နေရပါသဖြင့် သာသနာကို စိတ်ဝင်စားသူတိုင်း အသိဉာဏ်ကျယ်ပြန့်စွာစဉ်းစားနိုင်ရန်ဝိုင်အမ်ဘီအေဩဝါဒ

တိတ်ခဲ့မှု ရှေ့တိုက်စေတီ ဘဏ္ဍာတော်ထိန်း ဂေါပကလူကြီး ဟောင်း အုပ်ချုပ်မှုစား ဒုဗိုလ်မှူးကြီး(ရေ)ဦးအောင်သိမ်းက ကူးယူ၍ စာအုပ်အဖြစ်ရောက်အောင် ကြိုးစား ဖြန့်ချိလိုက်ပါသည်။

၁၃၂၅ ခု၊ ကဆုန်လပြည့်နေ့တွင် မြို့မကျေဘင်း ဝိုင်အမ် ဘီအေ ဗုဒ္ဓဘာသာ သင်တန်း ဖွင့်လှစ်ပွဲတွင် ဆရာတော် ဟောကြားသော တရားတော်များနှင့်တကွ ကျန်သာသနာရေး ဩဝါဒများကို အကြောင်း ညီညွတ်လျှင် ထုတ်ဝေဖြန့်ချိနိုင်ရန် ကြိုးစားပါဦးမည်၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို လိုလားကြသူတိုင်း ကထာဝတ္ထု ဘာသာဋီကာ နိဒါန်းနှင့် သံဝါသဓီပနီ နိဒါန်းတို့ကိုလည်း ဖတ်ရှုလေ့လာသင့်ကြောင်း မေတ္တာဖြင့် သိစေအပ်ပါသည်။

အမှာ

အနာဂတ်သာသနာ ပြုပြင်ရေး သဝါဒတရားတော်.... ၁
၁။ ဗုဒ္ဓအလိုကျဖြစ်စေချင်လို ၁
၂။ စာမေးပဲ့ ဦးမတည်သင့် ၂
၃။ သစ်ရတရား အရင်းခံပါ ၄
၄။ မနေနိုင်ယင် စောစောကလူထွက်ကြ ၅
၅။ လှုံ့ဆော်ဘဲ့တရားပဲ့မဟုတ်ဘူး ၆
၆။ သံဂါယနာနှင့် ကောက်ချက် ၆
၇။ သံဃာ့အစည်းအဝေး .... ဂ
၈။ အဓမ္မဝါဒီ မထွန်းကားမီ ၁၀
၉။ ဝန်လေးမှာဝိုး ၁၁
၁၀။ ပျက်တာကြင် ဒုးရှုးအကြိုက် ၁၂
၁၁။ ဂုဏ်ဆွာကြီးတွေကိုယ်တိုင် ၁၃
၁၂။ ဆွမ်းခံဝး သံဂါယနာတင် ၁၄
၁၃။ ပျက်ရမှာပျက်ပေါ့ ၁၆

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၄။	ငွေအပ်လျှင် မိန်းမလဲအပ်	....	၁၇
၁၅။	မထေရ်ကြီးများကြောင့်ကြခိုက်	....	၁၈
၁၆။	ရေကြည်ရာ မြက်နုရာ	....	၂၀
၁၇။	နောင်ရေးမျှော်ကြည့်တာကြည်ညိုလွန်းလို့	....	၂၁
၁၈။	သာသနာပြုပုဂ္ဂိုလ် ရှာဖွေခြင်း	....	၂၂
၁၉။	ဗြဟ္မဉ့်စည်းစိမ်စွန့်ပြီး သာသနာပြု	....	၂၃
၂၀။	ပညာခြင်းပြိုင်ကြ	....	၂၄
၂၁။	ပညာတတ်ချင်လို့ သင်္ကန်းဝတ်	....	၂၆
၂၂။	သာမဏေကိုကြည်ညိုရှိ သာသနာကြီးပြောင်းလဲ	....	၂၇
၂၃။	သာသနာပြုချင် ဝိနည်းသင်	....	၂၉
၂၄။	ဝိနည်းနားမလည်ပဲနှင့်သာသနာပြုရှိမဖြစ်	....	၂၉
၂၅။	ကထာဝတ္ထု အာကျယ်ပေါ်လာ	....	၃၀
၂၆။	သာသနာနဲ့ဆွေမျိုးတော်ချင်	....	၃၁
၂၇။	ဘုရင့်သားမို့ လေးစားတာလဲပါ	....	၃၂
၂၈။	သာသနာကံပဲလား	....	၃၃
၂၉။	သီဟိုဠ်သာသနာဝင်းဝင်းဝါ	....	၃၄
၃၀။	သူပုန်ရန် သိကြားမတတ်နိုင်	....	၃၅
၃၁။	သံဃာဂုဏ်တော်	....	၃၅
၃၂။	တာဝန်ကျေတော်မူသော သံဃာတော်များ	....	၃၆
၃၃။	မလွယ်တဲ့သာသနာ	....	၃၇
၃၄။	အရည်းကြီးခေတ် ကြုံခဲ့ရပုံ	....	၃၈
၃၅။	ဘယ်လိုပြင်ရပါ့မလဲ	....	၃၈

စဉ်	အကြောင်းအရာ		စာမျက်နှာ
၃၆။	သာသနာပြုရန် အရေးကြီးတဲ့အချက်	....	၃၈
၃၇။	ဒါနလွှမ်းမိုးခဲ့ရာပုံ	....	၄၀
၃၈။	သတိရှိဖို့တယ်ကောင်း	....	၄၁
၃၉။	သာသနာဖျက်ဆီးခံရပုံ	....	၄၂
၄၀။	မင်းကြီးမျက်စိကျ	....	၄၃
၄၁။	လက်လွှတ်ရတယ်	....	၄၄
၄၂။	သင်္ဘန်းကို မြတ်နိုးတဲ့စိတ်	....	၄၆
၄၃။	ဘုန်းကြီးတစ်ယောက်တည်းကျန်မှာ	....	၄၇
၄၄။	ဒီအဝတ်နဲ့သေမယ်	....	၄၈
၄၅။	သာသနာပြုနည်းမမှန်	....	၄၈
၄၆။	လာဘသက္ကာရကို ဦးတည်နေကြတယ်	....	၄၉
၄၇။	ယခင် ယခု တူသေးရဲ့လား	....	၅၁
၄၈။	လူ့ပြည်ကို သံယောဇဉ်ရှိတယ်	....	၅၃
၄၉။	ပါရမီဖြည့်ဖို့သိပ်ကောင်း	....	၅၃
၅၀။	သာသနာပြုအမှား	....	၅၄
၅၁။	ဒါနနဲ့သီလ အားနည်း	....	၅၅
၅၂။	ဘုန်းကြီးသရဲ့	....	၅၆
၅၃။	အသည်းနာဖို့ကောင်း	....	၅၆
၅၄။	ဘုန်းကြီးတစ္ဆေက သာစေချင်	....	၅၈
၅၅။	ဘုန်းကြီးတစ္ဆေ ညဝါပြန်နေကြသတဲ့	....	၅၉
၅၆။	မနေနိုင်လူထွက် သန့်ရှင်းရမယ်	....	၆၀
၅၇။	အခမဲ့ပညာရေး ပြန်သင်ပေး	....	၆၂
၅၈။	ဗုဒ္ဓကို အလေးထားပုံ	....	၆၄
၅၉။	အရိယာသံဃာနှင့် ဗုဒ္ဓ	....	၆၅

စဉ်	အကြောင်းအရာ		စာမျက်နှာ
၆၀။	ရဟန်းဘဝ လက်တွေ့အကျိုး	....	၆၆
၆၁။	ရဟန်းပြုရ ဒုတိယအကျိုး	....	၆၈
၆၂။	အရိယာဖြစ်နိုင်တာ	....	၆၉
၆၃။	အမှီကောင်း၏ ကျေးဇူး	....	၇၀
၆၄။	ဘုန်းကြီးလုပ်ချင်ရင် ဥပဒေနဲ့မှတ်ပုံတင်	....	၇၀
၆၅။	ကုသိုလ်တကယ်လိုချင်မှလုပ်	....	၇၀
၆၆။	နည်းပါစေလေ	....	၇၁
၆၇။	မိမိကျောင်းကတော့ ပြင်မယ်	....	၇၁
၆၈။	စာရိတ္တ ပြန်ဦးလှည့်	....	၇၂
၆၉။	အစိုးရ သတ္တိရှိရှိနဲ့ ပြင်မယ်ဆိုလျှင်	....	၇၂
၇၀။	သံသယရှိစရာ မလို	....	၇၃
၇၁။	ပူးပေါင်းလုပ်ကြပါစို့	....	၇၄
လာဘသက္ကာရ သိလောက ဩဝါဒတရားတော်			၇၇
၇၂။	မြွေဟောက်ပမာ ကြောက်စရာ	....	၇၇
၇၃။	လာဘသက္ကာရ သိလောက	....	၈၀
၇၄။	ရဟန္တာကိုပင် အန္တရာယ်ပေး	....	၈၂
၇၅။	ကြက်မီသားဆုပ်ပမာ	....	၈၄
၇၆။	ရိုးတုံးချဉ်ဆီ ရောက်အောင်တည်	....	၈၇
၇၇။	အဆိုအမိန့်နှစ်ရပ်	....	၈၉

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ ၏

အနာဂတ်သာသနာ ပြုပြင်ရေး ဩဝါဒတရားတော်



ဗုဒ္ဓအလိုကျဖြစ်ဝေချင်လို့ ဘုန်းကြီးဟာ ဗုဒ္ဓ မြတ်စွာရဲ့ သာသနာတော် ယုတ်လျော့သွားမှာကို စိုးရိမ်လွန်းလို့ ဘာသာရေးဆိုင်ရာတွေကို ဒီပုံဒီနည်းပြင်သင့်ပါတယ်လို့ အနာဂတ်သာသနာရေးကျမ်းစာကို ရေးခဲ့ပါတယ်၊ သာသနာကို ဘုန်းကြီးက တလျောက်လုံးနှိမ့်ကျသွားမှာကိုဘဲ့းတယ်၊ ဘာပြုလို့ နှိမ့်ကျသွားမှာကို ဒါလောက် စိုးရိမ်ရတုန်းဆိုတော့ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာက အင်မတန် မြင့်မြတ်တော်မူပါတယ်၊ အင်မတန်လဲ သာသနာရောက်တဲ့နေရာမှာ အကျိုးများစေချင်လွန်းလို့ ပရိနိဗ္ဗာန်ဝံခါနီးတောင်မှ သာသနာတော်အတွက် ဩဝါဒပေးတော်မူခဲ့ပါတယ်၊ ဒါကြောင့် ဘုန်းကြီးဟာ ဗုဒ္ဓမြတ်စွာကို အာရုံပြုတဲ့အခါမှာ ဆင်းတုတော်၊ ရုပ်ပွားတော်၊ စေတီတော် ဒီလိုအရှေ့မှာ ရောက်နေပေမယ်လို့ စိတ်က သက်တော်ထင်ရှား ဘုရားရောက်အောင် အာရုံပြုလေ့ရှိပါတယ်။

မြတ်စွာဘုရားရဲ့ မြင့်မြတ်တော်မူပုံနဲ့ ပါရမီဖြည့်တော်မူခဲ့ပုံတွေကိုထောက်ပြီးတော့ အင်မတန်ကြည်ညိုပါတယ်၊ အဲဒီလိုကြည်ညိုတော့ ဒီသာသနာတော်ကြီးကို ဂုဏ်ရှိ သိရ်ရှိနဲ့ နိုင်ငံမှာလဲအကျိုးများ၊ သာသနာမှာလဲ ဂုဏ်ရှိရှိနဲ့ ဒီလိုဖြစ်စေချင်တဲ့ဆန္ဒကြောင့် အနာဂတ်သာသနာရေးကို ရေးခဲ့တဲ့အခါတုန်းက အများပြူလုပ်လေ့ရှိတဲ့ ဒီဘုရားပဲ့၊ ကျောင်းပဲ့တွေဟာ ဗုဒ္ဓမြတ်စွာရဲ့အလိုတော် မဟုတ်ပါဘူး၊ ဘုန်းတော်ကြီးပျံတော်မူတဲ့အခါ အကြီးအကျယ် ပြူလုပ်ကြတာဟာ အကျိုးမများပါဘူး၊ မပျံတော်မူခင်က ဓာတ်စာဆေးဝါးတွေကို အားရပါးရ လှူဒါန်းပြူစုကြပါ၊ ပျံတော်မူပြီးမှ ဘာမှ မသိတော့မှ ဒီဆရာတော်ကို ပူဇော်တယ်ဆိုတာမဟုတ်ပါဘူး စသည်ဖြင့် ဘုန်းကြီးက ရေးခဲ့တဲ့ဥစ္စာကို နည်းနည်းပုဂ္ဂိုလ်များက လက်ခံပြီးတော့ အများသံဃာက လက်မခံသလိုဖြစ်လို့ ဘာမှခရီးမရောက်ခဲ့ပါဘူး၊ ခရီးမရောက်တော့ ခုသာသနာရေးနဲ့ စပ်လာပြီးတော့ ဘုန်းကြီးတို့သာသနာကို အထင်သေးခံရပါတယ်။

စာမေးပွဲဦးမတည်သင့် ဒီဘုန်းတော်ကြီးတွေရဲ့ ကျောင်းမှာ စာသင်တဲ့ ကျောင်းသားမရှိတော့ပါဘူး၊ ပြီးတော့ သာသနာထဲမှာ ဘယ်လိုရာဟန့်ဖြစ်တယ်၊ ဘယ်လိုသာမဏေဖြစ်တယ်လို့ မသိရပေမယ့်လို့ အမြင်မတော်တာတွေက အဲဒီမတန် တွေ့နေရပါပြီ၊ ဒီတော့ ဘုန်းကြီးက ဒီသာသနာကို ဘယ်လိုများပြူပြင်လို့ရပါမလဲလို့ ဝဉ်းစားရင်း စဉ်းဝေးရင်းက ဘုန်းကြီးကျောင်းတိုင်

မှာတော့ မပြုပြင်လို့မဖြစ်ဘူးဆိုတဲ့ အနေမျိုးနဲ့ ပြုပြင်ခဲ့ပါတယ်၊ ပြုပြင်တော့ကာ ယခုလက်ရှိ စာချဘုန်းကြီးတွေကို စာသင်သားဘဝတုန်းက ဘုန်းကြီး ပထမစာသင်ပေးတုန်းက စာတတ်မှုကို ပခေနထားပြီးတော့ သင်ပေးပါတယ်၊ ပြီးတော့မှ ငတ်တော်လေး စာတတ်လို့ စာမေးပွဲတွေနဲ့ အဆင့်သင့်တော့မှ ဘေးမှာ လွယ်လွယ်ကလေးဝင်လိုက်ဖို့လို့ ဘုန်းကြီးက ညွှန်ပြပြီးတော့ သင်ခဲ့ပါတယ်။

နောက်တော့ ဘုန်းကြီးက စာတွေ ရေးဖို့ရာဘက်မှာ အားသန်နေတာဖြစ်တော့ စာသင်သားတွေကို စာချ ဘုန်းကြီးတွေနဲ့ပဲ ဒီလိုပဲထားခဲ့ပါတယ်၊ အဲဒီလို ထားခဲ့ရာက နောက်တော့ ဘုန်းကြီးတို့ကျောင်းကလဲ စာမေးပွဲတွေအဝင်များလာပါတယ်၊ စာမေးပွဲတွေ အဝင်များလာတော့ကာ ဟိုဆရာ ဒီဆရာများကလဲ အနေအထိုင်လဲ သိပ်သည်းအောင်ပြုပြင်တယ်၊ စာမေးပွဲလဲအောင်တယ်လို့ဆိုပြီး သိပ်လာကြပါတယ်၊ ဘုန်းကြီးကလဲ စောစောကလာတဲ့ ခပ်ကြီးကြီးတွေဟာ အချိုးကျကြသားပဲဆိုပြီးတော့ လက်ခံပါတော့လေ၊ ဒီက မနက်ဆွမ်းကျွေးဖို့တတ်နိုင်ရင် လက်ခံပါတော့လို့ဆိုလို့ လက်ခံလိုက်တာ၊ လွန်ခဲ့တဲ့ ဝါတွင်းက ၅၅၀-ကျော်လာပါတယ်၊ ၅၅၀ ကျော်လာတဲ့အချိန်မှာ ဘုန်းကြီးကတော့ မနက်စောစော ဆွမ်းစားပြီးချိန်မှာ ထိုးစံအတိုင်း ဩဝါဒပေးပါတယ်၊ နောက်တော့ သူတို့ချင်း မကျေနပ်တာနဲ့မို့ ဆန္ဒခြပြတဲ့သဘောမျိုးနဲ့ ဘုန်းကြီးသိအောင်ဆင့်ပြီးငတော့ တော်သလင်းလပြည့်ကျော်လောက်က ဓိုင်းဟာ...ချဟာနဲ့ ဆူဆူပူပူဖြစ်လာပါတယ်၊ ဘုန်းကြီးက ဘာမှမပင်ပန်းပါဘူး၊ ဘာမှ

စိတ်မဆင်းရဲပါဘူး၊ သာသနာကို ပြန်ပြန်ပြီး စစ်ပါတယ်၊ နေ့တိုင်း ဩဝါဒပေးတယ်၊ သူတို့တစ်ချို့ရဲ့ ဝမ်းထဲမှာ စိတ်ထဲမှာ ဒီဩဝါဒမရောက်ဘူး၊ ဒဲလို ကောက်ချက်ချရပါတယ်၊ စာမေးပွဲတွေကို ဦးတည်ပြီးတော့ စာသင်နေတဲ့ နည်းဟာ တကယ်လဲ စာချဖို့ရာ လွယ်လွယ်ကူကူနဲ့ မတတ်ကြပါဘူး။

သဒ္ဓါတရားအရင်းခံပါ· ဒီတော့ ခုပြန်ပြီးတော့ဘုန်းကြီးကျောင်း တိုက်ကို ပြောနေပါတယ်၊ ရှေးတုန်းက ဘုန်းကြီးသင်တုန်းက အခြေအတိုင်းသင်ပါ၊ ဝါဒမေးပွဲကို ဦးမတည်ပါနဲ့၊ စာမေးပွဲကိုဦးတည်ဘဲ ပုဂ္ဂိုလ်တွေ ဒီကျောင်းကိုမလာပါနဲ့၊ ယခု လောလောဆယ်တော့ ဆန့်ပြဿနာတွေဘာတွေနည်းနည်းကြီးကျယ်နေလို့မို့ ဆွမ်းခံလို့ မရပါဘူး၊ နေ့ဆွမ်းမရလို့ရှိရင် ဘုန်းကြီးက ချက်ပြီးတော့ မကျွေးနိုင်ပါဘူး၊ ပနက်ဆွမ်းကိုသာ တတ်နိုင်ပါတယ်၊ ဒါကြောင့် နေ့ဆွမ်းခံလို့မရတဲ့ပုဂ္ဂိုလ်များ ပြန်သွားကြပါဦး၊ နေ့ဆွမ်းရတဲ့အခါ လက်ခံပါမယ်၊ ဟို့ဆူတာပူတာတော့ ဘယ်သူနဲ့လား ဘာလားမပြောဘူး၊ အကြောင်းရင်းပုဂ္ဂိုလ် ၂ ပါးကိုတော့ ခပ်သေးသေးသွားနေကြတော့လို့ တော်တော်ကြာကြာကြီးကပဲ ပြောထားပါတယ်၊ ကိုရင် ခပ်ငယ်ငယ်တွေကိုတော့ ကိုရင်တို့ အခု တုပ်ကွေးတွေနည်းနည်းပါးပါးကြားနေတယ်၊ အဲဒီတုပ်ကွေး ဖြို့ကျောင်းတိုက်ထဲဝင်လာလို့ရှိရင် တော်တော်နဲ့ ထွက်မှာမဟုတ်ဘူး၊ ဒါကြောင့် ခပ်ငယ်ငယ် ကိုရင်လေးတွေ ကိုယ့်ဆိုင်ရာဆိုင်ရာ

ပြန်ပြီးတော့ ဆောင်းတွင်းမှာနေကြဦး၊ နှောင်းအချိန်တန်တဲ့အခါ ပြန်ပြီးတော့ ဘုန်းကြီးလက်ခံပါ့မယ်လို့ ပြောပြီးတော့ တော်တော်နည်းအောင်လုပ်လိုက်ပါတယ်၊ဒါတောင် အခု ၃၀၀-ပတ်ဝန်းကျင် ရှိနေပါသေးတယ်။

မနေနိုင်ရင်စောစောက လူထွက်ကြ တော်တော် နည်းအောင် လုပ်လိုက်တာက ဘုန်းကြီးက ပြန်ပြီးတော့ မူပြောင်းချင်လို့ ဒီစာသင်နည်းမျိုးနဲ့တော့ မဖြစ်တော့ဘူး၊ တကယ့် သဒ္ဓါတရားနဲ့မှဖြစ်တော့မှာပဲလို့ အဲဒီလို သဘောပေါက်ပြီးတော့ မူပြောင်းချင်လို့၊ ပြီးတော့ စာချဘုန်းကြီးတွေကိုလဲ ဘုန်းကြီး ပထမ သင်ပေးတဲ့အတိုင်း ပြန်ပြီးတော့ကို နှေးနှေးသင်ကြ၊ ရအောင်သင်ကြ၊ သူတို့လဲ မပင်ပန်းစေနဲ့လို့ ဆိုပြီးတော့ကို စာမေးပွဲကို မူမထားနဲ့လို့ ခုကျောင်းတိုက်မှာ လောလောဆယ် ပြင်နေပါတယ်၊ ပြီးတော့ တရား အားမထုတ်လို့လဲ တို့စာသင်နေတာဟာ ဘယ်လောက်မှ အရာမထင်ဘူး။ ဒီတော့ကာအားလုံးပဂိုလ်တွေဟာ အချိန်ယူပြီးတော့ကို တရားထိုင်တဲ့နည်းဘာဝနာပွားတဲ့နည်းကိုလုပ်မှဖြစ်မယ်၊ဘာဝနာပွားမှ ဒီစိတ်တွေဟာ ငြိမ်ငြိမ်သက်သက်နဲ့ သူတော်ကောင်းစိတ်ဖြစ်မယ်၊ မနေနိုင်လို့ရှိရင်လဲ စောစောကလူထွက်ကြပေါ့၊ ကိုရင် ခပ်ကြီးကြီးတွေရော ဘာတွေရော် လူထွက်ကြပေါ့၊ သာသနာ့ဘောင်မှာ နေလို့ရှိရင်တော့ ကောင်းကောင်းနေမှဖြစ်မယ်လို့ အဲဒီလို ပြောပြီးတော့ ဒီစည်းကမ်းကို စာချဘုန်းကြီးတွေ တစ်နှစ်လောက် အသားကျအောင်လုပ်

ကြပါ၊ တစ်နှစ်လောက်ဆိုတာ သူတို့ ကြိုးစားအောင်လို့ ပြောနေတာ၊ ဘုန်းကြီးက ၂-နှစ်လောက်မှ အသားကျလိမ့်မယ်လို့ စဉ်းစားထားပါတယ်၊ အဲ့ဒီ ၂-နှစ်လောက် အသားကျတော့မှ အသစ်ကလေးတွေကို ဇဲ့ရှုးပြီးတော့ စိတ်ချလက်ချ လက်ခံမယ်၊ သာသနာကိုတော့ မပြုလို့မဖြစ်ပါဘူးလို့ အဲ့ဒီလို ဘုန်းကြီးကျောင်းမှာ ပြောပြီးတော့ နေပါတယ်။

လှုံ့ဆော်တဲ့တရားပွဲမဟုတ်ဘူး ဒီတော့ ယခုတရားပွဲဟာ လှုံ့ဆော်တဲ့ တရားပွဲလဲမဟုတ်ဘူး၊ ဘုန်းကြီးကို ကြိုတင်လျှောက်ထားပြီး တောင်းပန်တဲ့ တရားပွဲလဲမဟုတ်ဘူး၊ ဘုန်းကြီးလေယာဉ်ပျံက ဆင်းရင်ပဲ ဆရာတော်ဆီ လျှောက်သလား၊ ဆရာတော် ခွင့်ပေးသလား၊ ဟိုမှာ တရားပွဲ ကျင်းပဖို့ ညနေ ၆-နာရီ ဝိုင်-အမ်-ဘီ-အေမှာ ကျင်းပမယ်လို့ စာတွေ့ ဘာတွေကမ်းလှမ်းနေပြီဆိုတော့ ဘုန်းကြီးက စဉ်းစားတယ်၊ ဘယ့်နှယ်လုပ်ကြပါလိမ့်မတုန်းလို့၊ ဒါပေမယ့် သူတို့စိတ်မပျက်စေနဲ့၊ ဘုန်းကြီး အနှာတ် သာသနာအကြောင်း ဟောမယ်၊ အားလုံး ပရိသတ်တွေ့ သတိရကြတာပေါ့လို့ ဆိုပြီးတော့ ဘုန်းကြီးက ဝမ်းမြောက်ဝမ်းသာနဲ့ပဲ မလျှောက်တဲ့တရားပွဲကို လိုက်လျှောခွင့်ပြုလိုက်တယ်။

သံဂါယနာနှင့်ကောက်ချက် အခုကြွလာတဲ့ သံဃာတော်များတော့စာတက်ရင်း သာသနာ့ သံဂါယနာတင်ပုံတွေ့သိပြီးပြီ၊ ဒါပေမယ်လို့ဘုန်းကြီး

နဲ့ အများနဲ့ တစ်ချို့နေရာမှာ ကွဲလွဲနေတာက ဘုန်းကြီးက ဘယ်နေရာမှာ ဘာလုပ်တယ်ဆိုတာ ကောက်ချက်ချတယ်၊ အများက ရိုးရိုးစာသင်သွားတယ်၊ စာချသွားတယ်၊ဘုန်းကြီးကတော့ တောင်တောင်များများ ကောက်ချက်ချလေ့ရှိတယ်၊ ဒီတော့ တုတ်တောင်များများ လူကြီးတွေလဲ နှားလည်ပြီးဖြစ်တဲ့ သံဃာတော်တွေလဲနှားလည်ပြီးသားဖြစ်တဲ့ သံဂါယနာတင်တဲ့ အခန်းကို ဘုန်းကြီးကောက်ချက်ချပြီးတော့ ပြောပါဦးမယ်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် အရှင်မဟာ ကဿပရောက်လာပါတယ်၊ ပရိနိဗ္ဗာန်စံတဲ့အချိန်မာ မရှိပါဘူး၊ ၇-ရက်လောက်ကြာမှ ရောက်လာပါတယ်၊ အရှင်မဟာကဿပနောက်မှာ သုဘဒ္ဒဆိုတဲ့ ရဟန်း ပါလာပါတယ်၊ သုဘဒ္ဒဆိုတဲ့ ရဟန်းကြီးက ဟိုစောစော ဘုရားရှိတော်မူစဉ် သူက ဘုရားကို မအပ်မရာအလှူခံလို့ရတဲ့ ဆန်တွေ့ဆီတွေ့,ထောပတ်ပျားရည်နဲ့ သူ့စိတ်ကူးနဲ့သူဆွမ်းချက်ထားပြီး မနက်ကျတော့ ဗုဒ္ဓမြတ်စွာ ဆွမ်းခံကြွလာတော်မူရာမှာ သူက သူ့ဆွမ်းကိုလောင်းလှူဖို့ရန် ပြင်တော့ ဗုဒ္ဓမြတ်စွာက ပယ်တော်မူလိုက်ပါတယ်၊ မအပ်မရာဘူးလို့ဆိုပြီး ပယ်တော်မူလိုက်တော့ သူ အင်မတန် စိတ်ဆိုးပြီးရန်ငြိုးထားပါတယ်။

နောက်တော့ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတဲ့အချိန်မှာ သူဟာ,ရှင်မဟာကဿပ နောက်က ရဟန်း ၅၀၀-ထဲမှာ ပါလာပါတယ်၊ ရှင်မဟာကဿပက လမ်းခရီးမှာ ဃရဗိုဇ်တစ်ယောက် နတ်ပန်းခိုင်ကြီး ယူလာတာမြင်တော့

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီဆိုတာသိပြီ၊ ဒါပေမယ့် နောက်ကပါတဲ့ပုဂ္ဂိုလ်တွေက အစိမ်းကလေးတွေသာသနာမှာ မကြာသေးဘူး၊ ဘုရားကို မဖူးဘူးဘူး၊ အင်မတန် ဘုရားဖူးချင်တဲ့စိတ်နဲ့ လိုက်လာကြတာ၊ ရုတ်တရက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာတွေ့ရလို့ရှိရင် အမြင်မတော် ငိုကြွေးကြလိမ့်မယ်၊ စောစောက တောထဲမှာ ငိုကြပါစေတော့လို့ ဆိုပြီးတော့ ပရဗိုဇ်ကို မေးတယ်။

"အသင်-ဒီနတ်ပန်းကြီး ဘယ်ကရလာတုန်း"

"ဟာ ကိုယ်တော်တို့ ဗုဒ္ဓကွယ်လွန်လို့ အဲ့ဒီက နတ်ပန်းကြီး ရလာတယ်"

ဗုဒ္ဓကွယ်လွန်လို့ဆိုတဲ့ အသံကြားတာနဲ့ပဲ ဟိုကျေးရွာက ပါလာတဲ့ ရဟန်းလေးဟာ မဆည်နှိုင်မကယ်နှိုင် မတ်တတ်က လဲကျလောက်အောင် သောကဖြစ်ပြီး ငိုကြပါတယ်၊ အဲ့ဒီမှာ သုဘဒ္ဒရဟန်းကြီးက "ငါ့ရှင်တို့မငိုကြနဲ့၊ တို့ ခုမှ လွတ်လပ်သွားတယ်၊ ဟိုတုန်းက ဘယ်ဟာ မအပ်ဘူး ဘယ်ဟာ အပ်တယ်နဲ့ တို့ကိုဆုံးဖြတ်နေတာ အခုတော့ ကိုယ်လုပ်ချင်ရာလုပ်ရပြီ၊ အတော်ပျော်စရာ ကောင်းသွားပြီ" လို့ သူကပြောတော့ ဒီအချက်ကိုရှင်မဟာကဿပက မှတ်တော်မူထားပါတယ်။

သံဃာ့အစည်းအဝေး နောက် ပရိနိဗ္ဗာန်စံပြီးလို့ အားလုံးသိကြတဲ့အတိုင်းရက်ကြာကြာမထားပဲ မလွဲမကင်းသာတဲ့ ရက်ကလေးလောက်သာထားပြီး မီး

သင်္ဂြိဟ်ပြီးတဲ့နောက် ဓာတ်တော် ဝေတဲ့နေ့မှာ ရှင်မဟာကဿပက သံဃာတော်များစည်းဝေးပါတယ်၊ စည်းဝေးတဲ့အခါမှာ မိန့်တော်မူတာက "ငါ့ရှင်တို့ဗုဒ္ဓမြတ်စွာက တရားတော် ဟောတော်မူတဲ့အခါမှာ အကြောင်းအားလျော်စွာ ဟိုမှာဒီမှာ သုတ္တန်ဟောတော်မူတယ်၊ ဝိနည်းပညတ်တော်မူတယ်၊ အဘိဓမ္မာ ဟောတော်မူတယ်၊ ဒီတော့ တို့စီကာစဉ်ကာ မထားကြလို့ရှိယင် မကြာခင် ကွယ်သွားလိမ့်မယ်၊ ဒါကြောင့်မို့လို့ ဗုဒ္ဓမြတ်စွာရဲ့တရားတော်များကိုဝိနည်းဆိုယင် ဝိနည်းတသွန်၊ အဲဒီဝိနည်းထဲမှာလဲပဲ ပါရာဇိကအခန်းတို့ ဘံဃာဒိသိက်အခန်းတို့ စသည်အားဖြင့် အကုန်လုံး စီကာစဉ်ကာ သံဂါယနာ တင်ကြစို့ရဲ့၊ ဝိုင်းပြီးရွတ်ကြစို့ရဲ့၊ ပိုင်းပိုင်း ပိုင်းပိုင်းပြီးတော့ စုစည်းကြစို့ရဲ့။

"သုတ္တန်မှာလည်း သုတ်အရှည်ကြီးတွေကို ဒီဃနိကာယ်ဆိုတဲ့နာမည်နဲ့၊ သုတ်အတိုတွေကိုခုဒ္ဒကနိကာယ်ဆိုတဲ့နာမည်နဲ့၊ အလယ်အလတ်ကိုမဇ္ဈိမနိကာယ်ဆိုတဲ့နာမည်နဲ့ တူရာတူရာ ပေါင်စပ်ပြီး ရွတ်ဆိုကြစို့ရဲ့၊ အဲဒီလိုအမိန့်ရှိတော့ အားလုံးသံဃာများက ဒီလိုဆိုယင် သံဂါယနာ တင်ဖို့ရာလိုအပ်တဲ့ရဟန်းတော်များကို ရွေးတော်မူပါလို့ဆိုတော့ ရှင်အာနန္ဒာနှင့်တကွ သံဃာ ၅၀၀-လောက် ရွေးပါတယ်၊ အဲဒီအခါမှာ အရှင်မဟာကဿပ မိန့်တော်မူတာက—

အဓမ္မော၊ မသူတော်တို့၏တရားသည်။ ပုရေဒိဗ္ဗတိ၊ မထွန်းကားမီ။ ဓမ္မော၊ သူတော်ကောင်းတို့၏တရားကို

ပုရေပဲဋ္ဌိဗာဟိယျတိ၊အတားမြစ်မခံရမီ။အဝိနယဝါဒိနော၊ဝိနည်းမဟုတ်ဟုပြောလေ့ရှိသူတို့သည်။ပုရေဒိဗ္ဗတိ၊ မထွန်းကားမီ။ ဝိနယဝါဒိနော၊ ဝိနည်းကိုပြောလေ့ရှိသော ပုဂ္ဂိုလ်တို့ကို။ **ပုရေပဋ္ဌိဗာဟိယျတိ**၊ အတားမြစ်မခံရမီ။ ဟန္ဒ၊ ယခုနှယ်က။ သံဂါယာမ၊ စုပေါင်းရွတ်ကာ သံဂါယနာ တင်ကြကုန်စို့။

အဓမ္မဝါဒီမထွန်းကားမီ အဓမ္မတွေ မကြာခင် ထွန်းကားလိမ့်မယ်၊အဲဒီအခါမှာသံဂါယနာတင်ဖို့ရာ အနှောင့်အယှက်ဖြစ်တော့မှာပဲ၊ ဒီတော့ကာ အဓမ္မဝါဒီ မထွန်းကားမီ ခုနှယ်က သံဂါယနာ တင်ကြစို့ရဲ့၊ ဘုန်းကြီးက ဒီအချက်ကလေးကို ကောက်ချက်ချတယ်။

အရှင်မဟာကဿပ လက်ထက်တော်တုန်းက ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီး ဘာမှ မကြာသေးဘူး၊ ရက်ပိုင်းလောက်အတွင်းမှာပဲ အဓမ္မဝါဒီထွန်းကားလိမ့်မယ်၊ အဝိနယဝါဒီဝိနည်းကို အကောင်းမပြောတဲ့ပုဂ္ဂိုလ်တွေ့ ထွန်းကားလိမ့်မယ်၊ အဲဒီတုန်းကတည်းကိုက ထွန်းကားလိမ့်မယ်ထွန်းကားလိမ့်မယ်နဲ့ အမိန့်တော်ရှိခဲ့ဘယ်၊ ဒီတော့ ဘုန်းကြီးက ဟိုကတည်းကိုက အဓမ္မတွေထွန်းကားဖို့ရာ မြင်ပြီးသား ဖြစ်နေတာကို ကောက်ချက်ချပါတယ်၊ ဒီတော့ ကောင်းပြီ၊ ရွေးကြစို့ဆိုပြီး ၅၀၀-လောက် ရွေးပါတယ်၊ ရွေးပြီးတော့ ကာယခုရက်ပေါင်း ဘယ်လောက်ကျန်သေးတယ်၊ အဲဒီတော့ ကိစ္စရှိရာတွေ့မိမိတို့နိုးစပ်ရာတွေ့ကြကြပါ၊ သံဂါယနာတင်ဖို့

အချိန်ရောက်တဲ့အခါ ရာဇဂြိုဟ်မြို့ကို အားလုံးကြွကြပါလို့ အမိန့်ပေးပါတယ်။

ဘာဖြစ်လို့ ရာဇဂြိုဟ်ကို ရွေးရသလဲဆိုတော့ ရာဇဂြိုဟ်မှာ နေဖို့ရာကျောင်းများတယ်၊ ၁၈ ရပ်သောကျောင်းတိုက်ကြီးတွေရှိတယ်၊ ယခုသံဃာတော်ဂါဝါးရာခြောင်ခြောင်လည်လည် နေနိုင်တဲ့နေရာရှိတယ်၊ တစ်ခါ ရာဇဂြိုဟ်က ဂဂါစရဂံ ကျယ်ဝန်းတယ်၊ သံဃာဂါးရာ ဆွမ်းခံလို့ရပါတယ်၊ ဘုန်းကြီးက ဒါကို ကောက်ချက်ချတယ်၊ ရှင်မဟာကဿပတို့ ဘယ်မင်း ဘယ်သူတွေကိုမှ အားမကိုးဘူး၊ ဘယ်မှာမှ ကျောင်းအသစ် ဆောက်ဖို့ မလိုဘူး၊ ရာဇဂြိုဟ်မှာ သံဃာတွေနေဖို့ ဆွမ်းခံဖို့ လုံလောက်တယ်၊ ဒါကြောင့် ဒီပြင်ပုဂ္ဂိုလ်များတော့ ဝါတွင်းမှာ မနေကြပါနဲ့လို့ အရှင်မဟာကဿပက သတ်မှတ်ပြီးတော့ရာဇဂြိုဟ်မြို့မှာသံဂါယနာတင်ဖို့ရာစီစဉ်ရပါတယ်။ ဒါကို ဘုန်းကြီးကောက်ချက်ချလိုက်တယ်။

ဝန်လေးမှာစိုး ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ ရွေးကသာ သာသနာ့ဝန်ထမ်းရဟန်းများဟာ ဒကာ-ဒကာမတွေကို သိပ်လဲ အားကိုးကြတယ် မဟုတ်ဘူး၊ သိပ်လဲပဲတာဝန်မပေးလှဘူး၊ မိမိတို့တာဝန်ကို မိမိတို့ ဖြစ်သလိုထမ်းပြီး အလုပ်လုပ်တော်မူကြတယ်၊ ဒါကို ဘုန်းကြီး အင်မတန်စိတ်ဝင်စားပါတယ်၊ တစ်ခါကိုယ့်ဆွမ်းကိုယ်ခံစားတယ်၊ အဲဒါတွေအကုန်လုံးဘုန်းကြီးစိတ်ဝင်စားတယ်၊ ဝါကပ်ခါနီးကျတော့ သံဃာတော်ဂါးရာအသီးသီးကြွတော်မူလာကြပါတယ်၊ ဒီအခါမှာ ကျောင်းတွေက ပျက်

နေတယ်တဲ့၊ အဲ ဆိုပါတော့ အမိုးပျက်ချင်လဲ ပျက်မယ်၊ ကြမ်းတွေဘာတွေ ပျက်ချင်လဲပျက်မယ်၊ တချို့လဲပဲ ခဏ္ဍကျိုးတယ် ပျက်တယ်၊ ဖုလ္လ-ဖုံတွေဘာတွေတယ်မယ်၊ဒီတော့ ဒီဟာတွေကို ဒီဟာတွေကို တစ်လလုံးလုံးပြုပြင်ကြဦးစို့ရယ်တဲ့၊ အရှင်မဟာကဿပတို့ကကျောင်းပြင်ဖို့ရာ ပထမဆုံးကြိုးစားရပါတယ်၊ ကြည့်စမ်း ဘယ်ဒကာ-ဒကာမမှ ကြီးကြီးကျယ်ကျယ်ဒုက္ခမပေးဘူးနော်၊ တစ်လလုံးလုံး ကျောင်းပြင်နေကြပါတယ်။

ပျက်တာပြင် ဘုရားအကြိုက် ဗုဒ္ဓမြတ်စွာက ကျောင်းတွေ ပျက်ယင်ပြင်ရမယ်ဆိုတာသေနာသနဝတ်ကို ပညတ်တော်မူခဲ့ပါတယ်၊ ဘုန်းကြီးကဒီမထေရ်မြတ်တွေရဲ့ အလုပ်လုပ်ပုံကို အလုပ်တိုင်းအလုပ်တိုင်း စိတ်ဝင်စားပြီးတော့ စဉ်းစားနေပါတယ်၊ ဒီတော့ တစ်လလုံးလုံး ကျောင်းပြင်ကြစို့ရဲ့လို့ဆိုတော့ ကျောင်းတွေ ဒါလောက်ပျက်နေတာဟာ သံဃာနဲ့ ဘယ်လောက် ကဲ့ကဲ့နေတုန်းလို့ဆိုတော့ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူတာကကဆုန်လပြည့်နေ့၊ ယခုသံဃာများ ရောက်လာတာက ဝါဆိုလပြည့်ဆိုပါတော့၊ ဘယ်လောက်များကွာသလဲ ဆိုတော့ကဆုန် နယုန် ဝါဆို ၂-လပဲကွာတယ်၊ ၂ လအတွင်းမှာ ပြုတန်သမျှလဲပြုတယ်၊ ပျက်တန်သမျှလဲပျက်တယ်၊ပေါက်တန်သမျှလဲ ပေါက်ထယ်ဆိုတော့ ဒီကျောင်းလေးတွေဟာ ဘုန်းကြီးနေတဲ့ ကျောင်းလေးလောက်တောင် ကောင်းပုံမရဘူး။

ဟိုရွေးတုန်းက ဝေဠုဒန်ကျောင်းတိုက်ကြီး ကောင်းတာ ကောင်းပေလိမ့်မယ်၊ တစ်တိုက်တလေပေါ့၊ သာဝတ္ထိပြည်မှာ အနာထပိဏ်တို့ ဝိသာခါတို့ ဆောက်လှူတဲ့ ကျောင်းတွေ ကောင်းပေလိမ့်မယ်၊ အခြားကျောင်းတွေဟာတော့ကြီးကြီး မားမား ကျောင်းကြီးတွေ မဟုတ်ဘူးဆိုတာ ဘုန်းကြီး ကောက်ချက်ချလို့ရတယ်၊ သိပ်ခိုင်ခိုင်မာမာကြီးလဲ မဟုတ်ဘူးဆိုတာ ဘုန်းကြီး ကောက်ချက်ချလို့ရတယ်။

ရဟန္တာကြီးတွေကိုယ်တိုင် ဒီတော့ ပထမ သံဂါယနာတင်ဘို့ ရဟန္တာငါးရာစုပေါင်းပြီး လုပ်ရတဲ့ဟာဘယ်ဒကာ ဒကာမကမှ ဆွမ်းတာဝန်မယူရဘူး၊ ဘယ်သူကမှ ဆွမ်းကျွေးရယ်လို့မလာဘူး၊ အားလုံးဆွမ်းခံပြီးတော့ ဘုံဥုံးပေးတော်မူကြတယ်၊ ဒီနည်းတော့ ဘုန်းကြီးက ဂုဏ်ယူတယ်၊ ကျောင်းပြင်ဖို့ ဆိုတော့လဲ လက်ပဲရှိကြတယ်၊ ဓားတောင်မရှိဘူး၊ ဆောက်တို့ ပဲခွပ်တို့မရှိဘူး၊ ဒီတော့ကာ အဇာတသတ် မဟာရာဇာဆီ သွားပြီးတော့ ဆွမ်းရပ်သလို ရပ်ကြရပါတယ်၊ "ဘာမျှား အလိုရှိပါသတုန်းဘုရား" လို့ လျှောက်တော့ "အခု သံဂါယနာတင်ကြမလို့၊ သံဃာမျှားနေမဲ့ကျောင်းတွေမှာ အပျက်အစီးတွေရှိလို့ ဟတ္ထကမ္မလက်နဲ့ အလုပ်လုပ်မဲ့သူမျှား အလိုရှိတယ်၊ ဆိုလိုတာက လက်သမားပါပဲ။

အဲဒီတော့ လက်ဆမားနဲ့ ဆောက်နဲ့ ဘာနဲ့ အကုန်လုံးပို့လိုက်တော့ ဘုန်းကြီးထင်တယ်၊ လက်သမားတွေလုံလောက်

အောင် ဟုတ်ချင်မှဟုတ်မယ်၊ ရဟန္တာတွေကိုယ်တိုင် ပါဝင်ရမှာပဲ၊ ရဟန္တာတွေကလဲ သာမန်ပုဂ္ဂိုလ်က လာခဲ့တာမဟုတ်ဘူး၊ ဒေါင်ဒေါင်ပြေးတွေ့၊ ရှင်မဟာကဿပက သင်္ဃကြီးက ထွက်လာခဲ့တယ်၊ ရှင်အာနန္ဒာတို့က မင်းညီမင်းသားကထွက်လာခဲ့တယ်၊ ရှင်အနုရုဒ္ဓါတို့ကမင်းညီမင်းသားကထွက်လာခဲ့တယ်၊ အဲဒီလို ဒေါင်ဒေါင်ပြေး ပုဂ္ဂိုလ်ကြီးတွေ၊ ပြီးတော့ တန်ခိုးဣဒ္ဓိပါဒ်ရှိပြီးသား ရဟန္တာကြီးတွေ၊ ဒီပုဂ္ဂိုလ်ကြီးတွေက ကျောင်းပြင်တဲ့အခါမှာ ကူရှာကြပေလိမ့်မယ်၊ ဒီတော့ အရှင်မြတ်များလဲ စဉ်းစားကြည့်ပေါ့၊ ၂-လလောက်သံဃာနဲ့ ကင်းကွာနေတာနဲ့ ပျက်စီးတယ်ဆိုတဲ့ ကျောင်းတွေဟာ ဘယ်နည်းနဲ့မှ မကြီးကျယ်နိုင်ဘူး၊ ဒါကို တပည့်တော်က ကောက်ချက်ချတယ်။

ဆွမ်းခံစားသံဂါယနားတင် ဒီတော့ လက်သမားတွေလုပ်တဲ့နေရာမှာ ရှင်မဟာ ကဿပက စပြီးတော့ကိုင်စရာရှိယင်ကူပြီးကိုင်ပေးမယ်၊ ထုစရာရိုက်စရာရှိယင်လဲ လက်သမားတွေအားနေတဲ့လက်နက်ကိရိယာတွေနဲ့ ထုဖယ် ရိုက်မယ်၊ အချောကိုင်တာ မဟုတ်ပါဘူး၊ အကြမ်းလောက်ပြုပြင်ကြတာ၊ အဲဒီပထမသံဂါယနာဟာအကြီးဆုံးပါ၊ ဘာကြောင့်လဲဆိုတော့ ဘုရားတရားတော်တွေကို ပထမဆုံးဒိဝင်ပြီး ဝဲကာစဉ်ကာ လုပ်ရတဲ့ကိစ္စပါ၊ ဒီတော့ အင်မတန် ခက်ခဲကြီးကျယ်တဲ့ကိစ္စကိုအောင်မတန် တန်ခိုးဣဒ္ဓိပါဒ်နဲ့ပြည့်စုံတဲ့ရဟန္တာ ဒေါင်ဒေါင်ပြေးတွေကပြင်ရတယ်၊မနက်

ကျလို့ရှိယင် ဆွမ်းခံပြီးတော့ ဘုဉ်းပေးတော် မူကြတယ်၊ ပြီးတော့ ကျောင်းပြင်တဲ့အလုပ်လုပ်ကြတယ်၊ ဒါကို တပည့်တော်များ သိပ်ပြီးတော့ စဲ့နေတယ်၊ ကဲ ဒီလိုနည်းနဲ့ သံဂါယနာ တင်တော်မူခဲ့ကြတယ်ဆိုတော့တာပေါ့။

အဲဒီတုန်းက သံဂါယနာတင်တဲ့နေရာကိုကြီးကြီးမားမား မရှိတော့ အဇာတသတ်မင်းဆီ အကူအညီတောင်းတော့ စာကတော့ဆိုပါတယ်၊ အဇာတသတ်က အင်မတန်ကောင်းတဲ့ ဓမ္မာရုံကြီး မဏ္ဍပ်ကြီး (မဏ္ဍပ)ဆောက်လုပ်ပြီးတော့လှူတယ်လို့တော့ ဆိုပါတယ်၊ ထားပါတော့အဲဒီဟာပဲ အကောင်းတွေ့တယ်၊ဒီအပြင်ဟာတွေဘာမှကြီးကြီးမားမားမတွေ့ဘူး၊ ဒီလို ပထမ သံဂါယနာတင်ပြီးရော၊ တင်ပြီးလို့ အနှစ် ၁၀၀လောက်ရှိတဲ့ အချိန်မှာ ဒုတိယ သံဂါယနာတင်ဖို့ အကြောင်း ပေါ်လာပြန်တယ်၊ ဘုန်းကြီးက ဒီဟာကိုလဲမှတ်တမ်းတင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဇေတဝန်ကျောင်းက ဘယ်မထေရ်မြတ် ဒုတိယသံဂါယနာတင်တဲ့ထဲမှာ. ပါလာတယ်လို့ စကားမရှိဘူး၊ရှင်အာနန္ဒာရဲ့တပည့်ကြီးတွေပါလာတယ်လို့ဆိုတယ်၊ ဒီတော့ ဗဟုဿုတစ္စာရဲ့သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကြီးကိုတောင် အမျိုးမျိုးသောဘေးရန်က မကာကွယ်မစောင့်ထိန်းနိုင်ခဲ့ကြဘူး၊မစောင့်ထိန်းနိုင်လို့မို့ ဇေတဝန်ကျောင်းတော်က ဘယ်ရဟန္တာက ဒုတိယသံဂါယနာမှာဘာပါဝင်ဆောင်ရွက်တယ်ဆိုတာမတွေ့ရဘူး

ပျက်ရမှာပျက်ပေါ့ ဇေတဝန်ကျောင်းတော်ကြီးတောင်မှ ရှိခဲ့ဖူးရှိတော့မယ်၊ ဒါကြောင့် ဒကာဒကာမတွေက ဘုန်းကြီးရဲ့ ကျောင်းတိုက် လာပြီးတော့ ဒီကျောင်းတိုက်ကြီးဟာ ဘုန်းကြီးမရှိယင်ဘယ့်နှယ်လုပ်မလဲ၊ ကျောင်းတွေက ဘယ်လောက်များနေပြီနဲ့ နောင်ရေးကို စိုးရိမ်ပြီး လျှောက်ကြတယ်၊ ဘုန်းကြီးကပြောတယ်၊ ဘုရားသီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကြီးကို ဘုရားမရှိတဲ့အခါကျတော့ ရှင်အာနန္ဒာတို့၊ ရှင်မဟာကဿပတို့၊ ရှင်အနုရုဒ္ဓါတို့ဒေါင်ဒေါင်ပြေး ရဟန္တာကြီးတွေထိန်းသိမ်းမှာ ဧကန်ပါပဲ။

အဲဒီရဟန္တာကြီးတွေဆက်လက်ပြီးထိန်းသိမ်းတဲ့ဇေတဝန်ကျောင်းကြီးတောင်မှ အနှစ် ၁၀၀-လောက်ရောက်တဲ့အခါကျတော့ အဲဒီကျောင်းက ဘယ်သူသံဂါယနာတင်တယ်ဆိုတာမတွေ့ရပါဘူး၊ ဇေတဝန်ကျောင်းတော်ကြီးတောင်မှ ပျက်ဝီးသေးတာ ဘုန်းကြီးကျောင်း ဘာဖြစ်သလဲ၊ ပျက်ပေါ့၊ ဘုန်းကြီးက ဒီလိုပဲပြောပါတယ်၊ အဲဒီဒုတိယ သံဂါယနာတင်ရခြင်းရဲ့အကြောင်းဟာ အရှင်မြတ်တို့လဲ သိပြီးသား၊ စာပေအတော်လိုက်စားတဲ့ ပုဂ္ဂိုလ်များလဲသိပြီးသားဖြစ်ကြပါလိမ့်မယ်။

တစ်ချိန်မှာဝဇ္ဇီတိုင်းသားဂဟန်းများကဥပုသ်နေ့ကျတော့ ခွက်တစ်ခုမှာ ရေထည့်ထားပြီးတော့ဥပုသ်သည်တွေကိုဒကာဘို့ တတ်အားသမျှ ထည့်ကြ၊ ဒါနဲ့ပဲ သံဃာများရဲ့ အသုံး

ဖြစ်လိမ့်မယ်လို့ပြောပြီး အလှူခံကြတယ်၊ အဲဒီလိုပြောတော့ ထည့်ကြတယ်၊ ဘုန်းကြီးကမျှားမျှားထည့်မယ်လို့မထင်ဘူး၊ ကုလားတွေအင်မတန်နှမြောတယ်၊ ဟိုကတပဲ၊ ဒီကတမူး၊ အဲဒီလိုပေါ့ထည့်ကြတယ်၊ အဲဒီမှာ အရှင်ယသဆိုတဲ့ပုဂ္ဂိုလ်က ရဟန္တာ၊ ဒကာတို့ ငွေမအပ်ဘူးဆိုပေမယ့် သူတို့ကထည့်ရိုး ထည့်စဉ်ထည့်ကြဘာပဲ၊ နောက်တနေ့ကျတော့ရတဲ့ငွေတွေကို စုပေါင်းပြီးတော့သံဃာများကိုခွဲဝေပြီးတော့သူတို့ဝေတယ် တစ်ပါးကိုငါးမူးရတယ်၊ တစ်ကျပ်ရတယ်ဆိုပါတော့ အဲဒါလိုဝေတယ်။

ငွေအပ်လျှင်မိန်းမလဲအပ် အရှင်ယသကိုလဲသွားပြီးဝေတယ်။ ရော့ ဒါက ကိုယ်တော်ဖို့၊ ဒါက တပည့်တော်ဖို့၊ အရှင်ယသမယူဘူး၊ ဒီတော့ ဗိုက်ယ်တော် အင်မတန်ခေါင်းမာတယ်၊ မနေ့တုန်းကလဲ ဒကာတွေသဒ္ဓါ တရားပျက်အောင် ဒါမလုပ်ကောင်းဘူးလို့ သူပြောတယ်၊ သွားပါ ဒကာတွေကိုသွားပြီးတောင်းပန်ပါ၊ ငါပြောမိတာ မှားပြီလို့ သွားပြီးတောင်းပန်ပါ၊ ထုံးစံက ဒီလိုတောင်းပန်ရမယ်ဆိုပဲငင်နောက်လိုက်တပါးပေးရမယ်၊ ဒါနဲ့ရှင်ယသက နောက်လိုက်တပါးပေးပါဆိုတော့ နောက်လိုက်ကိုယ်တော် လေးတပါးပေးလိုက်တယ် မြို့ထဲရောက်သွားတော့ဒကာတို့ရဲ့ ဆရာမျှားက ဘုန်းကြီးက်ငွေမယူကောင်းပါဘူးလို့ပြောတဲ့ အတွက်ကြောင့် ဒကာတို့ရဲ့သဒ္ဓါတရားကို ပုံးတယ်လို့ဆုပ်စွဲ ကြတယ်၊ ဗုဒ္ဓမြတ်စွာလက်ထက်တော်တုန်းကပဉ္စတ်တော်မူ ခဲ့တဲ့သိက္ခာပုဒ်တွေမှာငွေကိုမကိုင်ရ၊ မခံရဘူးလို့ပြောပြတယ်၊

သုတ္တန်ဘက်က ငွေအလှူခံလို့ရှိယင်၊ ငွေရှိလို့ရှိယင် ကာမဂုဏ်-ငါးပါးအကုန်လုံးခံစားသလိုဖြစ်မှာပေါ့၊ ငွေရှိတဲ့ပုဂ္ဂိုလ်ဟာ အိမ်ထောင် သားမွေးလို့ မယားယူလို့လဲ ဖြစ်မှာပေါ့လို့၊ ဒီလိုအဓိပ္ပာယ်ရောက်အောင် မြတ်စွာဘုရား မိန့်တော်မူခဲ့တဲ့ အကြောင်းဇာတ် ဟောပါလေရော။

ဟောတော့ဒကာတွေကဟာဒီအကြောင်းခုမှသိရပါလား၊ အရှင်ဘုရားတပါးပဲ ရဟန်းရှိပါတော့တယ်၊ တပည့်တော်တို့ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်တွေ ရဟန်းမဟုတ်တော့ပါလားဆိုတော့ ထပ်ပြီးလှန်သွားပြန်ရော၊ ဒါနဲ့နားလည်အောင်ပြော့ပြီး ပြန်သွားတော့ ဘယ့်နှယ်လဲ ဒကာတွေသွားတောင်းပန်တော့ဒကာတွေကျေနပ်ရဲ့လား၊ သူတို့ကမေးတော့နောက်က ပါသွားဘဲ့ကိုယ်တော်လေးကဘာဟုတ်လိမ့်ကိုယ်တော်ဒကာတွေက ရှင်ယသတပါးပဲ ရဟန်းရှိတော့တယ်၊ တပည့်တော်တို့ ရဟန်းမဟုတ်တော့ဘူးလို့ ပြောနေပြီဆိုဘော့၊ ဟာ... အင်မတန် ယုတ်မာတဲ့ယသပဗ္ဗာဇနီယကံ ပြုကြစို့ ဆိုပြီးဝိုင်းပြီးတော့ကံပြုမယ်လို့ သံဃာစည်းဝေးတုန်းမှာအရှင်ယသက တန်ခိုးဂုဏ်ဓိပ ၏ရှိတဲ့ ရဟန္တာမို့လို့ တန်ခိုးနဲ့ပုံပြီးကြွသွားတယ်။

မထေရ်ကြီးများကြောင့်ကြဝိုက် ကြွသွားပြီးတော့မှ မထေရ်ကြီးတွေ လိုက်ပြီး လျှောက်တာကိုး၊ ဝေဿာလီပြည်မှာတော့ ဒီလိုဖြစ်နေပါပြီ ဒီတော့ အရှင်ဘုရားများအားလုံး ဝိုင်းပြီးတော့ သံဃိယနာတင်မှ ဖြစ်တော့မှာပဲလို့ဆိုတော့ ရဟန္တာကြီးတွေ ရဟန္တာကြီးတွေ

ဘိုမှာ ဟိုမှာ ဟိုမှာ လိုက်လျောက်တော့၊ ရဟန္တာကြီးတွေ ကြွတော်မူလာလိုက်ကြတာ ဒီထဲဘုန်းကြီးကသဗ္ဗကာမီဆိုတဲ့ မထေရ်ကြီး အင်း-နဲ့နဲ့တော့ ဂဏန်းလွဲချင်လွဲမယ်၊ ဝါတော် ၁၂၀ ရပြီဆိုတော့ သက်တော်အနည်းဆုံး ၁၄၀ လောက် ရှိမယ်၊ တောကျောင်းမှာနေတဲ့ အဲဒီမထေရ်ကြီးလဲ ကွယ်လာတော်မူတယ်၊ ဘုန်းကြီးကြည်ညိုလိုက်တာစိတ်ကူးကြည့်တယ် ဒီတောင်ဝှေးလဲပါပုံမရဘူး၊ လက်ကတုံး တောင်ဝှေးဆိုတဲ့ ကိုယ်တော်လေးလဲပါပုံမရဘူးလို့၊ ဆရာတော်ကြီး ကွယ်လာလိုက်တာ၊ ရှင်အာနန္ဒာရဲ့တပည့်ကြီးတွေ ဘုရားကိုဖူးလိုက်ဘူးကြတယ်။

ဒီအကြောင်းကိုလျောက်တော့ကိုဟာဒီလိုနေလို့မဖြစ်ဘူးဆိုပြီးကြွတော်မူလာလိုက်ကြတာ၊ ဘုန်းကြီးကလေကြည်ညိုလိုက်တာ၊ စိတ်ကူးနဲ့ စိတ်ကူးနဲ့ သိပ်ပြီးတော့ကြိုးစားတော်မူကြတာပဲကိုး သိပ်ကြည်ညိုတာပဲ ဒါနဲ့ကြွလာကြပြီးတော့ သံဂါယနာ တင်တယ်ဆိုတဲ့ဥစ္စာ အကျိုးအကြောင်း ပြောရတာကိုး၊ အဲသူတို့က ဒီငွေ့ကသာ ပဓာနမို့လို့ မူတည်ပြောနေတာ ဒီပြင်မတရားမှုမျိုးလဲ လုပ်နေကြသေးတယ် ဒီငွေ့လောက်တော့ မကြီးကျယ်ဘူးပေါ့၊ အဲဒါတွေသံဂါယနာတင်တဲ့အခါမှာ ဒါလုပ်ကောင်းသလား မလုပ်ကောင်းဘူးလား၊ အကုန်စိစစ်ရတယ် ဒါ မလုပ်ကောင်းဘူး၊ ဘယ်မှာပညတ်တော် မူတယ် ဘယ်မှာ ဘာအကြောင်းကြောင့် ပညတ်တော်မူတယ်၊ တစ်ခုစီတစ်ခုစီ ရှင်းဘော်မူကြတာကိုး အားလုံး ရဟန္တာတွေ ၇၀၀ လောက်ရှိပါတယ် အားရစရာ

ကောင်းလိုက်တာ၊ ရဟန္တာကြီးတွေလေ၊ ၇၀၀-လောက် ရဟန္တာကြီးတွေ ကြိုးစားတော်မူလိုက်ကြတာ၊ အားရစရာ ကောင်းလိုက်တာ၊ အဲဒီလိုရှင်းပြီးတော့မှ ကဲ....ဒါမအပ်တဲ့ ဥစ္စာ သေချာတယ်ဆိုပြီးတော့အားလုံး ပြန်ပြီးတော့ ရွတ်ကြ ပါတယ်၊ အဲဒါ ဒုတိယ သံဂါယနာပဲ။

ရေကြည်ရာမြက်နုရာ အဲဒီလို ရွတ်တုန်းက တရားတော်တွေ စီကာစဉ်ကာကတော့ အထူး လုပ်ဖို့ မလိုတော့ဘူး၊ပထမသံဂါယနာတုန်းကစီကာစဉ်ကာလုပ်ပြီး သားမို့ကိုး၊ ဒီရှိပြီးသားအတိုင်းပဲ ရွတ်တော်မူကြပါတယ်၊ ဘုန်းကြီးက ဒီကိစ္စမှာမထေရ်ကြီးတွေကြောင့်ကြစိုက်တော်မူကြတာကို ကြည်ညိုလွန်းလို့၊ ပြီးတော့ ဒီသံဂါယနာတင်တဲ့ အချိန်မှာ ခုနက မတရား လုပ်နေတဲ့ ကိုယ်တော်တွေဟာ ထွက်သွားကြတယ်၊ ဒီမှာ လုပ်လို့မရတော့ဘူး၊ ဒကာတွေက အကုန်သိကုန်ပြီ၊ ဒီမှာလုပ်လို့မရတော့ ထွက်သွားပြီးတော့ သူတို့နည်းသူတို့ဟန်နဲ့ တစ်ဂိုဏ်းထောင်ပြီး နေကြတယ်။

နောက်တစ်ဂိုဏ်းကနှစ်ဂိုဏ်းကဲ့၊နှစ်ဂိုဏ်းကလေးဂိုဏ်းကဲ့၊ လေးဂိုဏ်းကရှစ်ဂိုဏ်းကဲ့ အားလုံး ၁၈ရပ်လောက် ကဲ့သွားကြတယ်၊ သူတို့မှာ၊ အဲဒါ မြောက်ပိုင်း ရောက်သွားလို့ မြောက်ပိုင်းဗုဒ္ဓဘာသာလို့ဖြင့်သွားတာ၊တော်တဲ့ပုဂ္ဂိုလ်တွေ အတော်ပါတယ်၊ အယူဝါဒအားဖြင့်မတူလို့ဟိုဘက်ပါသွားကြတာ၊သူတို့အစဉ်အဆက်မို့ လို့စာဘက်ပေဘက်ကအတော်တော်တဲ့ ပုဂ္ဂိုလ်တွေ ဉာဏ်ရည် ဉာဏ်သွား စွမ်းပကားရှိတဲ့ ပုဂ္ဂိုလ်တွေ အတော်များများပါသွားတယ်၊ အဲဒီ မြောက်

ပိုင်းမှာ သို့သော်လဲဝိနည်းကိုကျင့်တဲ့နေရာကျတော့ တစ်မျိုးဖြစ်သွားပြီ၊ ဒါနဲ့ပဲ မြောက်ပိုင်း ဗုဒ္ဓဘာသာ ဆိုပြီးတော့ ကွဲသွားရတာ၊ ဒီကြားထဲ ဖြတ်ပြောလိုက်မယ်။

ဘုန်းကြီးတို့ မြောက်ပိုင်းက ပြန်ပြီးတော့ကို တဖြည်းဖြည်းဗမာလူမျိုးတွေကိုကပဲ မြောက်ပိုင်းခပ်ဆန်ဆန်ဖြစ်လာသေးတယ်၊ ဗမာလူမျိုးတွေက ဘယ်ကဆင်းသက်ဆက်သွယ်လာတယ်ဆိုတဲ့ သမိုင်းအရပေါ့လေ၊ သူတို့ မြောက်ပိုင်းကိုးကွယ်တဲ့ သာသနာကလဲပဲ တဖြည်းဖြည်း ဒီဘက်ရောက်လာတယ်၊ ရောက်လာတော့ကို ရှင်အရဟံမရောက်မီ အရည်းကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေ ပေါ်သေးတယ်၊ အရိယတ် အရိယတ်ကို အရည်နောက်တော့ ဗမာက ယကိုရည်းလုပ်လိုက်ပြီးအရည်းကြီး အရိယာကြီး အရိယာကြီးနဲ့ အရိယာကြီးတွေ့ မင်းမူလိုက်တာ၊ ဗမာပြည် သွက်သွက်လယ်ရော၊ အထူးအာဒိုင့် ပုဂံပြည်မှာ ဒီအရည်းကြီးတွေကျက်စားလိုက်တာ သွက်သွက်ကို၊ လယ်သွားတာပဲ။

နောင်ရေးမျှော်ကြည့်တာ ကြည်ညိုလွန်းလို့ အဲဒါနဲ့ဒုတိယသံဂါယနာတင်ပြီးတော့ ဒီရဟန္တာကြီးတွေစဉ်းစားတော်မူကြတယ်၊ နောင်အနာဂတ်မှာဘေးရန်ရှိလို့ရှိယင်အဲဒီဘေးရန်ကို ကာကွယ်ဖို့ပုဂ္ဂိုလ်များရှိပါသေးရဲ့လားလို့၊ နောင်အနာဂတ်အနာဂတ်၊ ခုရှိတဲ့အထဲကမဟုတ်ဘူး၊ နောင်အနာဂတ်မှာ သာသနာဘေးရန် ဖြစ်ပေါ်လာယင် ကာကွယ်မဲ့ပုဂ္ဂိုလ်များရှိရဲ့လား၊ အနာဂတ်မှာ ဖြစ်ထွန်းမယ့်ပုဂ္ဂိုလ် ပေါ်ပေါက်ပါ့မလားလို့ လှမ်းကြည့်

တယ်၊ လူ့လောကတစ်ခုလုံး ကြည့်လို့မရဘူးတဲ့၊ သူ့နည်း သူ့ဟန်နဲ့တော့ တန်ခိုးတွေအာဏာတွေ ရှိနိုင်တဲ့ပုဂ္ဂိုလ်တွေ ပြည့်လို့၊ ဒါပေမယ့် သာသနာတော်ရဲ့ဘေးရန်ပေါ်လာယင် ခေါင်းဆောင်ပြီး ကာကွယ်နိုင်မယ့် ပုဂ္ဂိုလ်တစ်ပါးမှ ရှာမရဘူးတဲ့၊ ဘုန်းကြီးက အဲ့ဒီလို အနာဂတ်ကို မျှော်ကြည့်တာကို ကြည်ညိုလွန်းလို့။

သာသနာပြုပုဂ္ဂိုလ်ရှားဖွေခြင်း နောက်တစ်ခါနတ်ပြည်ကိုတစ်ဆင့်တစ်ဆင့်တစ်ထပ်တစ်ထပ် ကြည့်လို့ နတ်ပြည်ခြောက်ထပ်မှာလဲ နတ်မင်းတွေ ရှိတယ်၊ အသီးသီးတန်ခိုးကြီးကြတယ်၊ ဒါပေမယ့်လို့ သာသနာတော်ရဲ့ဘေးရန်ကို ကာကွယ်နိုင်မဲ့နတ် တစ်ယောက်မှ မတွေ့ပါဘူး၊ ဒါနဲ့ ဗြဟ္မာ့ပြည်ကို တန်ခိုးနဲ့တစ်ခါဆက်ပြီး ကြည့်ကြပြန်တယ်၊ ကြည့်တဲ့အခါကျတော့ ဗြဟ္မာ့ပြည်မှာ တိဿဗြဟ္မာကြီးဆိုတာ အထက်ဆုံးတက်ဖို့ရာ စျာန်အသစ် ရပြီးပြီ၊ ရှိတဲ့စျာန်ဟောင်းကတော့ဒီလို မတတ်နိုင်ပါဘူး၊ အကျိုးမပေးရသေးတဲ့ စျာန်အသစ်ရပြီး အထက်တက်မှာ ဆိုပါတော့ ပထမစျာန်ဗြဟ္မာ့ဘုံမှာနေယင်ဒုတိယစျာန်တက်ဖို့ရန် စျာန်အသင်ရပြီးပြီ၊ အဲဒီတိဿဗြဟ္မာမင်းကတော့ လူ့ပြည်မှာ အကယ်၍ ပဋိသန္ဓေနေလို့ရှိယင် တတိယသာသနာတော်ရဲ့ ဘေးရန်ကို ကာကွယ်နိုင်မယ့် အရည်အချင်းရှိတယ်၊ အဲဒါကိုမြင်လို့မို့ ရဟန္တာကြီးများ ဗြဟ္မာ့ပြည် ကြွသွားတော်မူကြတယ်။

တိဿဗြဟ္မာမင်းရဲ့ ဇီမာန်ရောက်တော့ ဘာကိစ္စများကြောလာကြပါတုန်းဆိုတော့ဖြစ်ပုံတွေပြောတာကိုး၊ အခု သာသ

နာဘေးရန်ဖြစ်လို့ မိမိတို့ကာကွယ်ပြီးပြီ၊နောင်အခါတတိယ အကြိမ် ဘေးရန် ဖြစ်လို့ရှိယင် ခေါင်းဆောင် ပြီးတော့ ကာကွယ်မယ့် ပုဂ္ဂိုလ်ကို လူ့လောကကြီးမှာ ရှာပါတယ်၊ တစ်ယောက်မှ မတွေ့ပါဘူး၊ နတ်ပြည်ခြောက်ထပ်နတ်လောက ရှာတော့လဲ တစ်ယောက်မှမတွေ့ပါဘူး၊ ဗြဟ္မာ့ပြည်ရှာတဲ့အခါကျတော့ အရှင်ဗြဟ္မာမင်းကို တွေ့ပါတယ်၊ အရှင်ဗြဟ္မာမင်းက ဗြဟ္မာသက် သက်စေ့တဲ့အခါ အထက်ဗြဟ္မာပြည်မှာ မနေပါနဲ့၊ လူ့ပြည် ပဋိသန္ဓေနေပြီးတော့ ဒီ သာသနာ့ဘေးရန် ကာကွယ်ပါလို့ဆိုတော့ ဗြဟ္မာကြီးက ဝမ်းသာလိုက်တာတဲ့။

ဗြဟ္မာ့စည်းစိမ်ဝန်ပြီး သာသနာပြု

ကြည့်စမ်း-ဗြဟ္မာ့စည်းစိမ်ဟာ လူနဲ့မပြောနဲ့ နတ်ထက်တောင်သာတယ်၊ ပြီးတော့ အထက်ဗြဟ္မာပြည်မှာနေရမယ်ဆိုယင် အနည်းဆုံး နှစ်ကမ္ဘာနေရမှာ၊ အနုတော့ဗြဟ္မာ့စည်းစိမ်ကြီးကို စွန့်ပြီးတော့သာသနာတော်အလုပ်ကို လုပ်ရမှာ ငမ်းမြောက်လွန်းလို့ဆိုတဲ့ဥစ္စာလေ ဘုန်းကြီး စိတ်ထဲမှာ သိပ်ကြည်ညိုတာပဲ၊ ဗြဟ္မာကြီးကိုပဲ သိပ်ကြည်ညိုတာပဲ၊ အဲ....ဒါတိုဟာဗြဟ္မာတဲ့၊ နောက် အသက်တန်းစေ့လို့ ဗြဟ္မာပြည်က စုတေပြီးတော့ မောဂ္ဂလိပုဏ္ဏားရဲ့ဇနီး ပုဏ္ဏေးမမှာ ပဋိသန္ဓေတည်ပါတယ်၊ ဒါကြောင့် မောဂ္ဂလိပုတ္တတိဿလို့ နာမည်ဖြစ်ပါတယ်။

ဒါနဲ့ဒီပုဂ္ဂိုလ်ကမွေးဖွားလာတဲ့အခါမှာအတော်မာနကြီးတာကိုး၊နည်းနည်းလေးသိတတ်တဲ့အရွယ် ရောက်လာယင်ပဲ

အလွန်လိမ္မာပါးနပ်တယ်တဲ့၊ ဗြဟ္မာပြည်ကလာတဲ့ ပုဂ္ဂိုလ်မို့ အင်မတန်လဲသန့်ရှင်းတယ်၊ သူအိပ်တဲ့နေရာမှာ ဘယ်သူမှ မအိပ်ရဘူး၊ ဗြာဟ္မဏဆိုတာလဲ ဟိုခေတ်တုန်းက ပူဇော်စပူဇနေယျာနံဆိုပြီး ပူဇော်နေကြတာ၊ ဗြဟ္မာ့ပြည်က လူဖြစ်လာပြီးတော့ ကျောင်းနေချိန်မှာ သူက ကျောင်းသွားတယ်၊ ကျောင်းသွားယင် သူ့အိပ်ရာလေးကို အပေါ်မှာခွေတ်ထားခဲ့တယ်၊ ဘယ်သူမှ မသုံးစေရဘူး၊ ၁၆-နှစ်လောက်ကျတော့ သူဟာ ဝေဒင်္ကျမ်းတွေကို အကုန်လုံး တတ်နေပြီ။

အဲဒီမှာ ခုနက စကားကျန်နေတယ်၊ ဒုတိယသံဂါယနာတင် ရဟန္တာအရှင်မြတ်များက ရဟန္တာလေး နှစ်ပါးကို သင်တို့ ဒီကိစ္စမှာ ဘာမှ အကူအညီမရဘူး၊ ဒါကြောင့် မောဂ္ဂလိပုဿားရဲ့အိမ်မှာ ဝင်စားပေမယ့် သတို့သားလေးဟာ နောင် အနာဂတ်သာသနာကို ပြုလိမ့်မယ်၊ တစ်ပါးက ရဟန်းဘောင် သာသနာ့ဘောင်ရောက်အောင် သွေးဆောင်ရမယ်၊ တစ်ပါးက ပညာသင်ပေးရမယ်လို့ ဒီလိုဒဏ်ထားခဲ့ကြတယ်၊ ဒါနဲ့ တစ်ပါးက အဲဒီအိမ်မှာပဲ ဆွမ်းရပ် နေ့တိုင်းရပ် နောက်တော့ ရပ်ပါမျှားတော့ နည်းနည်းလေးလောင်း၊ နောက်တော့ ကြည်ညိုပြီးတော့ ဆွမ်းကျွေး အဲဒီမှာပဲ ဆွမ်းဘုဉ်းပေး၊ ဟိုကလေးကတော့ ရဟန္တာအရှင်မြတ်ကို အဖက်မလုပ်ပါဘူး၊ သူ့ဟာသူကျောင်းသွားနေတာပဲ။

ပညာခြင်းပြိုင်ကြ ကနေ့ အရှင်မြတ်က စဉ်းစားတယ်၊ ငါ..., သတို့သားနဲ့ စကားပြောဖို့ တစ်ခါမှ မရဖူးဘူး၊ သူကလဲ ပညာအတော်တတ်နေပြီ၊ ဒီတော့ စကား

ပြောရအောင် ဘာမျှား လုပ်ရမလဲလို့ စဉ်းစားတော့ ခုနက သတို့သားရဲ့ အိပ်ရာနေရာကို တွေ့တယ်၊ တစ်နေ့ ပုဏ္ဏားအိမ် သွားတဲ့အခါမှာ တခြား ခင်းစရာနေရာ ရှာမတွေ့အောင် တန်ခိုးနဲ့ကွယ်ပြီးတော့ သတို့သားရဲ့ အိပ်ရာကိုသာ မြင်စေ တယ်၊ ဒါနဲ့ အရှင်မြတ်ကြွလာတဲ့အခါ သတို့သားကဒယ်ငယ် ငယ် သူဆူချင် ဆူပေစေတော့ဆိုပြီး အဲဒီ အိပ်ရာကို ယူပြီး ခင်းပေးကြရော။

သားပြန်ရောက်လာတဲ့ အချိန်ကျတော့ ငါ့နေရာဘယ်သူ ခင်းပေးတာလဲ ဘာလဲနဲ့ ရှူးရှူးရဲရဲဖြစ်တယ်၊ ရဟန္တာကို တော့ ဘာမှမပြောဘူး၊ သူက ပြာဟ္မဏမျိုးလဲ ဖြစ်တယ်၊ ပညာကလဲတတ်တယ်၊ အင်မတန်မာနကြီးတာ၊ ဒီလိုဖြစ်ပြီး နောက်တော့ ရဟန္တာအရှင်မြတ်နား ကပ်လာတယ်၊ သူက ဘာမှမတတ်လို့ ခံရင်တော့ နှိမ်မလို့၊ သူ့နေရာနေတာမကျေ နပ်တာကစပြီးတော့ နှိမ်မလို့၊ "ကဲ—ရဟန်း ကျုပ် ပြဿနာ မေးမယ်၊ ဖြေမလား" "သိရင်တော့ ဖြေရတာပေါ့" ထုံးစံ ဒီလိုပဲပြောရတယ်၊ "သိရင်တော့ ဖြေရတာပေါ့" ဒါနဲ့ သူ ဝေဒကျမ်းထဲက သူလဲ ကောင်းကောင်းမရှင်းဘူး၊ သူ့ဆရာ ကြီးတွေလဲ ကောင်းကောင်း မရှင်းဘူးဆိုတဲ့၊ အခန်းတွေကို မေးတာပဲ။

ဒီက ရဟန္တာလဲဖြစ်တယ်၊ ဝေဒကျမ်းတွေကိုလဲ တတ်ပြီး သားဖြစ်တယ်၊ ရှင်းလိုက်တာလေ။ ရှင်းရှင်းပြီးတော့ ထပ် ထပ်မေး၊ ရှင်းရှင်းပြ။ နောက်တော့ "သတို့သား သင်မေး

တဲ့တော့ တော်တော်များပြီ၊ ငါမေးတာကို ဖြေမလား ပေါ့''၊ ''အိုမေးပေါ့''သူကလဲ ဝေဒကျမ်းထက် ကြီးကျယ် တာ ဘာမှမရှိဘူး ထင်ထားတာကိုး၊ မေးပေါ့လို့ဆိုတော့ ဒီတော့ မေးတယ်၊ စိတ္တယမိုက်ထဲကထုတ်ပြီးတော့မေးတယ်။ **ပညာတ္တိတ်ချင်လို့သက်နန်းဝတ်** ဒီတော့ သူက စဉ်းစားလိုက်တာ၊ သူ့ဝေဒကျမ်း အထက် ရောအောက်ရော အကုန်လုံးကျပြီးသားတွေ့ စဉ်းစားလိုက်တာ၊ နည်းနည်းမှအဖြေမရဘူး၊ ဒါနဲ့နေပါအုံး၊ ဒီမန္တန်က ဘယ်လိုမန္တန်လဲဆိုတော့ 'အဲဒါ ဗုဒ္ဓမန္တန်ပါ'တဲ့၊ အေးအေး ပဲ၊ 'ဒီမန္တန်ကို ကျုပ်သင်မပေးနိုင်ဘူးလား'ဆိုတော့ ကြည့်စမ်း—ပညာကတော်လာတော့ နည်းနည်းအောက်ကျို့လာ မိ၊ ''ကျုပ် သင်မပေးနိုင်ဘူးလား'' အို ဒီအဝတ်မျိုး ဝတ်နိုင်ရင်တော့ သင်ပေးရတာပေါ့၊ ဒီအဝတ် ၁တ်တဲ့လူမှသင် ရတာကိုတဲ့၊ ဒါနဲ့ သူက မန္တန်တတ်ချင်တာနဲ့ အဖေအမေ တွေ့ကို သား မန္တန်တတ်ချင်လို့ ဒီအဝတ် ဝတ်ပါရစေဆို တော့ ခွင့်ပြုကြတယ်။

အဲဒီကစပြီးတော့ သက်နန်းလဲ ဝတ်ပြီးရော တစပဉ္စက ကောဋ္ဌာသကမ္မဋ္ဌာန်း (ကာယာနုပဿနာ ကမ္မဋ္ဌာန်းပေါ့ လေ)သင်ပေးလိုက်တဲ့ ဥစ္စာသောတာပန်ဖြစ်သွားလို့ လူထွက် ဖို့ရာ မရှိတော့ဘူး၊ ပညာတွေလဲပဲ ဆက်လက်သင်လို့တတ်လို့ ဆိုပါတော့ပေါ့၊ ပညာတတ်ရဟန္တာကြီး ဖြစ်သွားပြီဆိုပါ တော့ပေါ့။

နောက်တော့ ဓမ္မာသောကမင်းကြီးလဲ မင်းဖြစ်ပြီးတဲ့ အချိန်ကစပြီး ဗြာဟ္မဏတွေကို ထမင်းကျွေးနေတာ ခြောက်

သောင်းထင်တယ်၊ ဒီလိုပဲ ကျွေးရိုးကျွေးစဉ် ဘိုးတော်ဘေး တော်ဝင်လက်ထက်ကစပြီးတော့ ဒီလိုပဲ ကျွေးလာခဲ့တာ သူလဲ ဆက်လက်ပြီး ကျွေးနေတာပဲ၊ ဘာမှမစဉ်းစားဘူး။ တစ်နေ့တော့ ပြာဟ္မဏတွေ စားပုံသောက်ပုံတွေ့ သူမြင်တယ်၊ ဆူဆူညံညံ စကားပြောတာကွေ့ ကြားတယ်၊ နေ့တိုင်းနေ့တိုင်း ကျွေးရတဲ့ ပစ္စည်းတွေကို ဒီလိုပရမ်းပတာနဲ့ ကျွေးနေလို့တော့ မဆောင်သေးဘူး၊ နည်းနည်းစဉ်းစားဖို့တော့ ကောင်းပြီ၊ ဒါလေးကလဲ မှတ်ချက်ကလေး မှတ်ချက်ကလေး၊ စဉ်းစားဖို့ကောင်းပြီလို့ စိတ်ကူးနေတုန်းမှာပဲ တစ်နေ့သဋ္ဌတော့ နန်းရင်းပြင်မှာ နိဂြောဓ သာမဏေလေး လမ်းလျှောက်သွားတာကို သူမြင်လိုက်တယ်၊ သူ့ရဲတူလဲ တော်ပါတယ်၊ နောက်မှသိမှာပေါ့၊ ဒီဝတ္ထုတော့ ဘုန်းကြီး မပြောဘဲ့ဘူး၊ အနာဂတ် သာသနာကျမ်းမှာ ဒါတွေထည့်ရေးထားပါတယ်။

သာမဏေကိုကြည့်ညို၍ သာသနာကြီးပြောင်းလဲ အဲ့ နောက်တော့ ချစ်ကျမ်းရာက စပြီးတော့ သာသနာကို ကြည်ညိုလာပြီဆိုပါတော့၊ သာသနာကို ကြည်ညိုလာတော့ သာမဏေလေးကို ဆွမ်းကျွေးတယ်၊ ပထမတော့ သာမဏေလေးနဲ့ ၃၂-ပါး၊ နောက်တော့ ၆၄-ပါး ဒီလို တိုးတိုး တိုးတိုးပြီးတော့ သံဃာတော်တွေ ပင့်ပင့်ပြီးတော့ နန်းတော်ထဲမှာ ဆွမ်းကပ်လိုက်တာ နောက်တော့ သံဃာတွေ ဆွမ်းစားပုံကတစ်မျိုး၊ သူ့ပုဏ္ဏားတွေ စားပုံကတစ်မျိုး၊ ဒီလိုဖြစ်နေတော့ တဖြည်းဖြည်း ပုဏ္ဏားတွေလျှော့

လျှော့ပြီး နောက်တော့အကုန်လုံးဖြတ်လိုက်ရော၊ သာသနာတော်မှာရှိတဲ့ သံဃာတော်တွေချည်းပဲ ဆွမ်းပြုစုလုပ်ကျွေးတယ်။

ဒီတော့သာသနာက အင်မတန် မြင့်သွားပီ၊ ပစ္စည်းလာဘ်လာဘတွေ ဆွမ်းတွေ ဘာတွေ အင်မတန်ပေါများလာပီ၊ ပေါများတော့ ဥနက မဟာရာဇာကိုမှီပြီးတော့စားသောက်နေရတဲ့ပုဏ္ဏားတွေက စားစရာ သူတို့မှာအခက်အခဲကြုံလာပြီ ဒီတော့ ဘုန်းကြီးဝင်လုပ်ကြရော၊ ဒီဟာကို ဘုန်းကြီးသိပ်မခံချင်တာပဲ၊ ဘုန်းကြီးဝင်လုပ်တာကလဲ သိမ်နဲ့ဘာနဲ့ကျကျနန မဟုတ်ဘူး၊ သူတို့ဟာသူတို့ဖြစ်သလိုနဲ့ပဲ ဝင်လုပ်ကြ၊ သင်္ကန်းဝတ်ကြ၊ ပြီးတော့နဂိုက သံဃာတော်တွေနဲ့ ပေါင်းပြီးတော့ စကားပြောတဲ့အခါမှာ အယူဝါဒချင်းကမတူ၊ အင်း-သူတို့ဝိနည်းလဲ သူတို့ ကောင်းကောင်းနားမလည်၊ ဒါနဲ့ ဥပုသ်ပဝါရဏာပြုလို့မဖြစ်ဘူး၊ ပျက်သွားလိုက်တာ အကြာကြီး၊ ထားပါတော့, ဒါတွေခဏခဏကြုံရဲ့။

အဲဒီလို အခေနမျိုးနဲ့ နောက်တော့ ဘုရင်က သာသနာအင်ပတန်ကြည်ညိုနေတဲ့အချိန်မှာသူတို့ဝင်လာလို့သာသနာပရမ်းပတာ ဖြစ်နေတဲ့ အချိန်ကျတော့ မထေရ်မြတ်တွေက အတူတူ ဥပုသ်ပြုဖို့မဖြစ်ဘူး ဘာဘူးဘိုတာ သိပြီးဒီအပြင်လဲ တစ်ဝိုတပဲခုဖြစ်သွားသေးတယ် ညီတော်တိဿကလဲရဟန်းပြုနေလို့ သာသနာတော်မှာရောက်နေပြီ၊ အဲဒီအချိန်မှာ ဓမ္မာသောကမင်းက သံဃာတော်တွေ ဥပုသ်မပြုမနေရ၊ ဥပုသ်မပြုသူတွေကို အရေးယူဖို့ အပတ်တစ်ပေါက်ကို အမိန့်ပေး

လိုက်တော့သံဃာတုတ္တေန့အတူဥပုသ်ပဝါရဏာမပြုတဲ့သံဃာကောင်းတွေ တော်တော်သတ်မိသွားသေးတယ်။

သာသနာပြုချင်ဝိနည်းသင် အဲဒီတင် တိဿမင်းသား ရဟန်းကသူကိုယ်တိုင်ခုနက အမတ်နှားသွားပြီးနေတော့ ဘုရင့်ညီတော်ရဟန်းဆိုတော့ ဥပုသ်မပြုပေမယ့် မသတ်ရဲဘူး၊ ဒါနဲ့ ဘုရင်ကိုပြန်ပြီး သံတော်ဦးတင်တဲ့တော့မှ တဲ့ ငါကအသတ်ခိုင်းတာမှမဟုတ်ပဲနဲ့ ဆိုပြီးတော့ ရှင်ဘုရင်ကြီး နောင်တဖြစ်ပြီး သာသနာတော်ကိုတစ်မျိုးပြုပြင်ဖို့ရာစဉ်းစားတော့ရှင်မောဂ္ဂလိပုတ္တတိဿပေါ်လာတယ်။

ဝိနည်းနှားမလည်ပဲနှင့် သာသနာပြုရှုံးဖြစ် ရှင်မောဂ္ဂလိပုတ္တတိဿကလဲသာသနာတော့ ဘေးရန်ပေါ်နေပြီ၊ ဒီအရှုတ်အထွေးထဲမှာ ရောပြီး နေလို့ရှိယင် တရားလဲပြောလို့ဟောလို့ရမှာမဟုတ်ဘူး၊ ဒါနဲ့ အင်မတန်ချောင်ကျတဲ့အဟောဂင်္ဂါဆိုတဲ့နေရာမှာတစ်ပါးထဲသွားနေတယ်၊ အမျှားနဲ့ ရောနေလို့ရှိယင် ဆရာလုပ်လို့ မရဘူး၊ ဩဝါဒပေးလို့မရဘူး၊ ဒါကြောင့် လှတ်လှတ်ကြီးသွားနေရပါတယ်၊ အဲဒီလိုသွားနေတဲ့ အရှင်မြတ်ကို သွားပင့်ပြီးတော့ ဓမ္မာသေ့ကမင်းကြီးနဲ့တွေ့တဲ့အခါမှာ ဝိနည်းကိုပြောပေးရပါတယ်။ ဒါကြောင့်ဝိနည်းနှားမလည်ပဲနဲ့တော့ သာသနာပြုလို့မဖြစ်ကို မဖြစ်ပါဘူး။

ဝိနည်းပြောပြီးတဲ့နောက်မှ ခုနကရောနှောနေတဲ့ သံဃာတွေကို တစ်ပါးစီတစ်ပါးစီမေးတယ်၊ သင်ဘာဝါဒရှိတုန်း

သင်ဘာဝါဒရှိတုန်းဆိုတော့ ဗုဒ္ဓဝါဒမဟုတ်တဲ့သူတွေအကုန်လုံး လူဝတ်လဲပြီးတော့ အော်းလုံးဗုဒ္ဓဝါဒနဲ့ညီတဲ့ ပုဂ္ဂိုလ်တွေသာစုဝေးပြီး သံဃာယနာတင်ဖို့ရာ အားလုံးစုံငင်ပြင်းရပါတယ်သံဃာယနာတင် ရုပါတယ်၊ တတိယသံဃာယနာဟာ ထူးထူးထွေထွေတော့ မဟုတ်ဘူး၊ အဲ့ဒီဘေးရန်ပေါ်တာပဲ၊ ဖြတ်တော့ ဒီဘရားတွေပဲရှတ်တာပဲ။

ကထာဝတ္ထုအကျယ်ပေါ်လာ သို့သော်လဲ ဗုဒ္ဓမြတ်စွာ လက်ထက်တော်တုန်းက အကျဉ်းလောက်သာ ဟောတော်မူထားတဲ့ ကထာဝတ္ထုကိုတော့ ရှင်မောဂ္ဂလိပုတ္တတိဿက အကျယ်ခွဲပြီးတော့ ဟောခဲ့ပါတယ်၊ နောက်တော့ သံဃာယနာလဲတင်ပြီးပြီ, သာသနာတော်ကို ကြည်ညိုလို့ ဓမ္မာသောကမင်းကလဲ ကျောင်းတိုက်ပေါင်း ၈၄၀၀၀ တရားတော်နဲ့အရေအတွက် အညီအမျှ ကျောင်းတိုက်ပေါင်း ၈၄၀၀၁ တည်ပြီးပြီ။

တည်ပြီးတော့ ဝမ်းသာလွန်းလို့ကျောင်းတိုက်တွေဆိုပါတော့ပေါ့၊ အနုမြန်မာအပြောဆိုယင် ရေစက်ချတဲ့နေ့ ဆိုပါစို့၊ ဝမ်းသာလွန်းလို့ အရှင်မောဂ္ဂလိပုတ္တတိဿနဲ့လဲ အင်မတန် ရင်းသွားပီ၊ အရှင်ဘုရားဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ ဒကာတော်လောက်ပစ္စည်းစွန့်လှတ်ပြီးတော့ ကြည်ညိုတဲ့လူရှိပါရဲ့လားဆိုတော့ဒကာတော်လောက်အကုန်အကျခံပြီးတော့ သာသနာဖြူတဲ့ပုဂ္ဂိုလ်ကတော့ ဘုရားလက်ထက်တော်တောင်မှမရှိခဲ့ပါဘူး၊ သူကကုဋ္ဌေတစ်ရာ ကုန်အောင်

လူတာကိုး၊ ကုဋ္ဌေတစ်နှာ ပြည့်ခါနီး လေးကုဋ္ဌေ လိုနေလို့ ဖြင့်တဲ့နည်းနဲ့ ကုဋ္ဌေတစ်ရာပြည့်အောင်ဖြည့်တယ်။

အဲဒီတော့ ဓမ္မာသောကမင်းက အင်မတန် ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ ဒီလိုဆိုယင် ဒကာတော်နဲ့ သာသနာနဲ့ ဆွေမျိုးမတော်သေးဘူးလား၊ ဒါယာဒမဖြစ်သေဘူးလားဆိုတော့ ဒီအချိန်မှာ သားတော်မဟိန္ဒမင်းသားက အနားမှာရှိတယ်၊ သမီးတော်သင်္ဃမိတ္တာမင်းသမီးလဲအနားမှာရှိတယ် မဟိန္ဒမင်းသားက အိမ်ရှေ့မင်းဖြစ်ဖို့ ရာလျားထားပြီးသား၊ ဘာပြုလို့လဲဆိုတော့ သူ့အရင်အိမ်ရှေ့မင်းက ရဟန်းပြုသွားပြီကိုး။ မင်းကြီးကလျာထားပြီးသားဖြစ်တဲ့ မဟိန္ဒမင်းသားကို မြင်တယ်။

သာသနာနဲ့ဆွေမျိုးတော်ချင် နောက် ရှင်မောဂ္ဂလိပုတ္တတိဿက ဒကာတော် ပစ္စည်းလေးပါးကို ဘယ်လောက်လှူလှူ ပစ္စယ ဒါယကာပဲ ဖြစ်မယ်၊ သာသနာနဲ့တော့ ဆွေမျိုးမတော်သေးပါဘူး၊ မိမိရဲ့ သားသမီးကို သာသနာတွင်း သွတ်သွင်းမှ ဒါ သားသမီးအကြောင်းပြုပြီးတော့ သာသနာနဲ့ ဆွေမျိုးတော်ပါတယ်ဆိုတော့ ကြည့်လိုက်တော့ မဟိန္ဒ မင်းသားကို မြင်တယ်။ အင်မတန် ကြည်ညိုတာကိုး သာသနာနဲ့ သိပ်ရင်းချင်တာ၊ ဒါနဲ့ သားတော်ရဟန်းမပြုနိုင်ဘူးလား၊ ဒီမဟိန္ဒမင်းသားကို ရည်ရွယ်ပြီးတော့ ရှင်မောဂ္ဂလိပုတ္တတိဿ ကလဲ ဒီစကားကို အမိန့်ရှိတာပဲ၊ သားတော်က ပြုနိုင်ပါတယ်။ သမီး

တော်ကလဲ ဘိက္ခုနီပြုနိုင်ပါတယ်၊ ဒါနဲ့ သားတော် သမီး တော်နှစ်ပါးဘိက္ခုနီပြုကြတော့ကာ ရှင်ဘုရင်ကြီးအင်မတန် ကျေနပ် ဝမ်းမြောက်တယ်။

ဘုန်းကြီးတို့ကောက်ချက်ချတာက ဒီလို။ နောက်တော့ ရှင်မဟိန္ဒ ရဟန္တာဖြစ်ပြီးတော့ သီဟိုဠ်ကျွန်းမှာ သာသနာပြုတယ်၊ သီဟိုဠ်ကျွန်း သာသနာပြုတဲ့အချိန်မှာ ဒေဝါနုံပိယတိဿ မင်းနဲ့ ဓမ္မာသောကမင်းဟာ တစ်ယောက်နဲ့တစ်ယောက် မမြင်ဘူးပဲနဲ့ အကြည်တော်ဖြစ်နေကြတယ်၊ ဒီတော့ ဓမ္မာသောကမင်းရဲ့ သားတော် ရှင်မဟိန္ဒရဟန်းက တန်ခိုးနဲ့ ကောင်းကင်က ကြွလာတဲ့အချိန်မှာ ဒေဝါနုံပိယတိဿကမင်းလုပ်နေတော့ကာ အဲကြည်တော် ဓမ္မာသောကမင်းရဲ့ သားတော် ဖြစ်တာလဲတစ်ကြောင်း၊ တန်ခိုးနဲ့ကြွလာတာလဲ တင်ကြောင်း၊ ဟောပြောတဲ့ တရားတော်တွေကလဲ အားလုံး အဆင်ပြေတာကလဲ တင်ကြောင်းကြောင့် သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးဟာ ရက်အနည်းငယ်အတွင်းမှာပဲ ဗုဒ္ဓဘာသာဖြစ်လာကြတယ်။

ဘုရင့်သားကို လေးစားတာလဲပါ ရှင်ဘုရင်ရဲ့သားက ရဟန်းပြုပြီးလာတဲ့အတွက်ကြောင့် ဒါလောက် မြန်မြန်ဆန်ဆန် သီဟိုဠ်ကျွန်း သာသနာ ဖြစ်မြောက်တာဟာ အမျိုးကောင်းကောင်း လိုတယ်၊ အမျိုးကောင်းကောင်းလိုတယ်ဆိုတာ ခုမှမဟုတ်ဘူး၊ ဟိုစောစောထဲက ယုံကြည်ထားလို့ ဘုန်းကြီးရဲ့ နှစ်ဝမ်းကွဲညီတစ်ယောက် ဘုန်းကြီးကို အင်မတန်ချစ်တယ်၊ သူက ကိုရင်ဝတ်နေပြီ၊ သူ့အမေမှာ ဒီသား တစ်ယောက်ပဲရှိတယ်၊ ပစ္စည်းကတော့

ဒီသားတစ်ယောက်ပဲရှိတယ်၊ ပစ္စည်းကတော့ အမျိုးထဲမှာ အပေါဆုံးတစ်ယောက် အပါအဝင်၊ ဘုန်းကြီးလုပ်ဖို့ သေ့ဆောင်တယ် မရပါဘူး၊ ကိုရင်ဘဝကပဲလူထွက်သွားတာပဲ၊ ဘုန်းကြီးကဒီအမျိုးကောင်းကောင်းနဲ့ ပစ္စည်းဥစ္စာပေါပေါနဲ့ သာသနာစိတ်များရှိလို့ရှိယင် အင်မတန် ကောင်းမှာပဲလို့ တောင့်တနေတာ ကြာလှပြီ။

သာသနာ့ကံပဲလား ဒါနဲ့ ရှင်မဟိန္ဒက သီဟိုဠ် ကျွန်းမှာ သာသနာပြုတယ်၊ ရှင်မောဂ္ဂလိပုတ္တ-တိဿကလဲသာသနာတော်ဆက်ပြီးပြုတယ်ပြီးတော့ရှင်မဟိန္ဒဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတော့ အိမ်ရှေ့မင်း စည်းစိမ်ကို စွန့်ပြီးတော့ ရဟန်းပြုတဲ့ပုဂ္ဂိုလ်ကို၊ ခုခေတ်က ဘုန်းကြီးအားမရလို့ဆိုတာ၊ ဘုန်းကြီးကပြောတယ်၊ ဘယ်လောက် ပစ္စည်းရှိရှိ တကဲ့သာသနာပြုနိုင်လို့ရှိယင် ဒီပစ္စည်းဟာ မတန်ပါဘူး၊ ရှင်မောဂ္ဂလိပုတ္တတိဿက ဗြဟ္မာ့စည်းစိမ်ကို စွန့်ပြီးတော့ သာသနာပြုပါတယ်၊ လူ့လောကကြီးကို ဆင်းလာခဲ့ပါတယ်၊ ရှင်မဟိန္ဒကလဲ အိမ်ရှေ့မင်းစည်းစိမ်းကို စွန့်ပြီးတော့ ရဟန်းပြုပါတယ်။

ဘာဖြစ်လို့ ဒီပညာတတ်တွေက သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ သာသနာပြုဖို့ စိတ်မရှိကြတာတုန်းနဲ့ ဘုန်းကြီးကပြောပါတယ်တောင့်တပါတယ်လို့လားပါတယ်၊ဒါပေမယ့် သာသနာ့ကံပဲလား ဘာလားမသိဘူးပေါ့လေ၊ အင်မတန်မှ ရှားပါးနေပါတယ်၊ ကဲ-ထားခဲ့ပါတော့။

သီဟိုဠ်သာသနာဝင်းဝင်းဝါ ဒုတိယသံဂါယနာ တင်ပြီး
~တော့ တတိယသံဂါယနာတင်
သုံးတန်ပြီးသွားပြီနော်၊ တတိယ သံဂါယနာ တင်ပြီးတော့
ဘုန်းကြီးတို့သာသနာက သီဟိုဠ်မှာအင်မတန်ကောင်းနေပြီ၊
ရှင်မဟိန္ဒရဲ့သာသနာကသာသာယာယာနဲ့ တစ်တိုင်းပြည်လုံး
ကလဲဗုဒ္ဓဘာသာဆိုပါတော့ပေါ့၊ရှင်ဘုရင်ကလဲဗုဒ္ဓဘာသာ
အားပေးတယ်ဒီတော့သာသနာကြီးအင်မတန်ကောင်းနေပြီ
ပိဋကတ်တော်တွေကိုဇမ္ဗူဒီပ်ဆိုတဲ့ အိန္ဒိယက ယူပြီးတော့ဟို
မှာ အမျိုးမျိုးသီဟိုဠ်ဘာသာတွေနဲ့ဘာသာပြန်ကြပါတယ်။

အဲဒီလို ပိဋကတ်တော်တွေကို ဒီလိုလုပ်ထားတဲ့ အချိန်မှာ
သီဟိုဠ်ကျွန်းမှာပြဟ္မဏတိဿသူပုန်ဘေးဖြစ်ပါတယ်၊ သာသ
နာတော်ရဲ့ ဝတ္တကအနေ့မျိုးနဲ့ထားတဲ့စပါးတွေလဲပဲ ကြက်
စားလို့ကုန်ပါတယ်၊ လူတွေလဲပဲလယ်ယာကိုင်းကျွန်း မလုပ်
နိုင်ပါဘူးမလုပ်နိုင်တော့တောထဲကိုထွက်ပြေးပြီတော့ရသမျှ
ကာလေး သစ်သီး-သစ်ရွက်တွေစားပြီးတော့နေကြရပါတယ်
ရဟန်းတော်များလဲ အဲဒီ သစ်သီးသစ်ရွက်စားပြီးနေတဲ့ လူ
တွေ အပေါ်မှာ မှီပြီးနေရတော့ မလုံလောက်ပါဘူး။

ဒါနဲ့သိကြားမင်းထံသွားပြီးတော့တန်ခိုးရှိတဲ့ပုဂ္ဂိုလ်တွေ
က အကူအညီတောင်းကြတယ်၊ ဒကာတော်သိကြားမင်း၊ ဒီ
သူပုန်ဘေးကြီးကို အေးအောင်လုပ်ပေးပါ၊ သာသနာတော်
ကြီးပါ အနေခက်ပါပြီလို့ပြောတော့သိကြားက သူပုန်ကြီး
က အင်မတန်ဆိုးတယ်၊ သူပုန်ကြီးကိုတော့အေးအောင်မလုပ်

နိုင်ပါဘူး၊ အရှင်ဘုရားများ ဒီမှာ ဆွမ်းမပြည့်စုံလို့ရှိယင် ဇမ္ဗူဒီပ်အိန္ဒိယဘက်ကိုကူးကြပါ၊ ဒကာတော်ကဖောင်ဒကာ တာဝန်ခံပါတယ်၊ ရေမနှစ်စေရပါဘူး၊ အကုန်လုံးသာ လိုက်ပါ၊ ရေမနှစ်အောင် တာဝန်ယူပါမယ်လို့ ဆိုတော့ ဘုန်းကြီးကစဉ်းစားတယ်။

သူပုန်ရန် တစ်ခါတဝ်ခါ လူတွေက အားကိုလွန်လွန် **သိကြားမတတ်နိုင်** နေတယ်၊ ကြည့်စမ်း....သိကြားက ဘာမှ သူပုန်ကို မနှိမ်နိုင်ဘူး၊ တစ်နေ့တုန်းက အရှင်ဘုရားများရဲ့ ဘုန်းတော်ကံတော်နဲ့ သာသနာတော်ရဲ့ ဘုန်းတော်ကံတော်နဲ့စပါးဆန်ရေတွေနောက်တော့ကောင်း ကောင်းပါရဲ့၊ ဘာနဲ့ဒကာတွေကပြောတယ်၊ ဘုန်းကြီးတို့ ဘုန်းကံတော့ထည့်မတွက်နဲ့လို့ ပြောရတယ်၊ ဘာပြုလို့လဲဆို တော့ ဘုန်းကြီးတို့ဘုန်းကံက ဒဲ့ဒီထိအောင် "ဖုတဲ့-စပါး" မလုပ်နိုင်ပါဘူးလို့၊ ဒီတော့ကိုယ့်ဟာနဲ့ကိုယ် စိုက်ကြပျိုးကြ၊ ဒီလိုမှဖြစ်ရမှာကို၊ နေရာတိုင်းမှာသာသနာကြီးကို အားကိုး မနေပါနဲ့ ကိုယ့်အလုပ်နဲ့ ကိုယ်နဲ့လုပ်မှဖြစ်တယ်၊ ဘုန်းကြီး က ဒီဟာကိုမြင်ပြီးသား၊ သိကြားကိုယ်တိုင် မတတ်နိုင်ဘူး ဖောင်ဒကာသာ တတ်နိုင်ပါတယ်ဆိုတဲ့ဥစ္စာ။

သံဃဂုဏ်တော် အဲ့ဒီလို သံဃာတော်များ ဇမ္ဗူဒီပ်ကို အများ အပြားကူးသွားကြရော၊ တချို့သံဃာတော် များကတော့ မထူးပါဘူး၊ ဟိုသေလဲ အံ့သေပဲ့၊ ဒီသေလဲ

အသေပါပဲ၊ရဟန္တာတွေလဲပါတယ်၊ဒီအထဲမှာ အဲဟိုအရပ်ကို ကိုယ်တော်တို့ကြွကြ၊ ပြီးတော့ စာပေတွေကို ကိုယ်တော်တို့ ဆောင်ကြလို့ဆိုပြီးတော့ စာကိုနှုတ်နဲ့ရွတ်နေရပါတယ်၊ ဒီလို စာရေးတာ မရှိသေးပါဘူး။

အဲဒီလိုနှုတ်နဲ့ရွတ်နေရတဲ့အချိန်ဖြစ်တော့ကာ သီဟိုဠ်မှာ ကျန်ရစ်ခဲ့တဲ့မထေရ်မြတ်တွေက စာလေးတွေ မေ့သွားမှာ စိုးလို့ ရွတ်ရွာကြတယ်၊ နည်းနည်းပါးပါးစားပြီးလဲ ရွတ်ရွာကြတယ်၊ တစ်ခါတလေ ရင်ဘတ်တွေဘာတွေ ပူမှာစိုးလို့ သဲတွေဘာတွေတင်ပြီးတော့ ရင်ဘတ်ပေါ်မှာ သဲအစိုတွေတင်ပြီး ရွတ်ရွာကြတယ်၊ သာသနာကို အရှင်မြတ်များက ဒီလိုနည်းနဲ့ ဆောင်လာခဲ့ကြတာ။

တာဝန်ကျေတော်မူသော သံဃာတော်များ: နောက်တော့ သူပုန်ရန်တွေအေးလို့ ဇမ္မူဒိပ်က ပြန်ပြီး ကြွလာကြတော့ကာ သီဟိုဠ်က ဆောင်ထားတဲ့ပုဂ္ဂိုလ်တွေနဲ့ တိုက်ဆိုင်ကြည့်ကြပါတယ်၊ တိုက်ဆိုင်တော့ တစ်လုံးမှမလွဲပါဘူး။

နောက်တော့ မထေရ်မြတ်တွေ စဉ်းစားတယ်၊ နောင်အခါမှာ ဒီလိုသူပုန်ဘေးရန်တွေဘာတွေ မဖြစ်ဘူးလို့ မဆိုနိုင်ဘူး၊ ဖြစ်ယင် နောက်ကိုယ်တော်တွေ ဒီလိုနှုတ်နဲ့ဆောင်နိုင်တော့မှာမဟုတ်ဘူး၊ စာပေတွေ ကွယ်ကုန်တော့မှာပဲလို့ အဲဒီလိုတိုင်ပင်ကြပြီးတော့ပေထက်အက္ခရာတင်ကြစို့ရဲ့ဆိုပြီး

ပေထက် တင်ကြပါတယ်၊ ဒါကို စတုတ္ထ သံဂါယနာခေါ်ပါတယ်၊ အဲဒီလိုနဲ့ ဘုန်းကြီးတို့သာသနာဟာ ကိုယ်စီကိုယ်စီ တာဝန်ကျေအောင် အင်မတန် ဆောင်လာခဲ့ကြတယ်၊ ပြန်ပြောပါအုံးမယ်။

မလွယ်တဲ့သာသနာ ပထမ သံဂါယနာတုန်းက ရှင်မဟာကဿပတို့ကိုယ့်ဆွမ်းကိုယ်ခံပြီးကျောင်းကလေးများ ပြင်ပြီးတော့ သံဂါယနာတင်ခဲ့ကြတယ်။

ဒုတိယ သံဂါယနာကြတော့ ငွေအလှူခံတဲ့ ကိစ္စကြောင့် အသက် ၁၄၀ လောက်ရှိတဲ့ သဗ္ဗကာမိ ရဟန္တာကြီးတွေပါတောထဲကကွာလာကြပြီး သံဂါယနာတင်ကြတယ်။

တတိယ သံဂါယနာကြတော့လဲ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမဏ္ဍဂါမြတ်ကမတရားဝင်လာတဲ့ရဟန်းတုတွေဖယ်ပြီးတော့ဓမ္မာသောကမင်းအကူအညီနဲ့သံဂါယနာတင်ခဲ့ရတယ်။ စတုတ္ထသံဂါယနာမတင်မီဖြစ်ပုံကလဲ စာတွေပျောက်မတတ်ဖြစ်ပြီးနေရာကမှ ကြိုးစားပြီးတော့ ဆောင်တော်မူလာကြတယ်၊ နောက်တော့ နောင်လာနောက်သားတွေ ဆောင်နိုင်မှာ မမြင်လို့မို့ ပေထက်မှာ စာပေတွေကိုပါဋ္ဌိလိုရေးရတယ်၊ အဋ္ဌကထာလိုရေးရတယ်၊ အဲဒီလို ပေထက်အက္ခရာတင်ရပါတယ်၊မလွယ်ပါဘူးနော်၊သာသနာတော်ဆောင်လာရတာ၊ ဒါ စတုတ္ထသံဂါယနာ ပြီးသွားရော၊ ပေထက်အက္ခရာ တင်ပြီးတဲ့နောက်တော့ လိုတဲ့အခါ ပေကိုကြည့်ပြီး ရွတ်ရဖတ်ရတာဖြစ်တော့ အတော်သက်သာသွားပြီ။

အရည်းကြီးခေတ်ကြုံခဲ့ရပုံ အဲဒီ အတော် သက်သာသူဌေးတို့ နောက်ကို တရားတော်တွေ ပြန့်ပြီးတော့လာရာက ဘုန်းကြီးတို့ ခုနက အရည်းကြီးတွေရဲ့ ပရမ်းပတာဖြစ်ပုံတွေကို ဘုန်းကြီးတို့ နိုင်ငံမှာ အကြောင်းပေါ်နေပြီ၊ ပေါ်နေတော့ ဒီအနော်ရထာ မင်းစော လက်ထက်မှာ (ဟုတ်မယ် မဟုတ်မယ်တော့ မသိဘူး) လက်ထပ်မယ့် အမျိုးသမီးများကို ပန်းဦးပူဇော်တဲ့ သဘောမျိုးနဲ့ အရည်းကြီးတွေဆီကို ဆက်ရတယ်ဆိုတာဟာ သူ့မိဖုရားတောင် ဆက်ရတယ်လို့ နှုတ်အပြောတော့ ဘုန်းကြီးကကြား နေတယ်၊ ဘုန်းကြီးက သိပ်မခံချင်တာပဲ။

ဘယ်လိုပြင်ရပါ့မလဲ ဒါတွေ တစ်နေ့နေ့ ဘယ်လိုလုပ်ပြီး ပြင်ရပါမလဲ ဆိုတာ ဘုရင့် စိတ်ထဲတော့ ကြိမ်းနေမှာပေါ့လေ၊ အလုပ်တစ်ခုဟာ မှန်တာကို လုပ်ပေမယ့်လို့ တိုင်းသူပြည်သားတွေ ရုတ်ရုတ် ရုတ်ရုတ်ဆိုယင် အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်မှာ မလွယ်ဘူး၊ ဒါကြောင့် မှန်တာကို လုပ်ပေမယ့်လို့ တိုင်းသူပြည်သားတွေ ရုတ်ရုတ်မဖြစ်ဖို့ကလဲ အရေးကြီးပြန်တယ်၊ ဒါနဲ့ သူက ပြုပြင်ရေးအတွက် အကြောင်းကောင်း ရှာနေတဲ့အချိန်မှာ ရှင်အရဟံ ကွယ်လာတယ်။

သာသနာပြုရန် အရေးကြီးတဲ့အချက် ဒါ ဘုန်းကံရှိလို့ တွေ့လာကြတာပဲ၊ တိုင်းပြည်ကို တကယ် သာသနာပြုမယ်ဆိုယင် အနေအထိုင်, အဝတ်အစား အပြောအဆို၊ အဲဒါက နံပါတ် ၁၊ ဒါက လူမြင်

ကွင်းကိုး၊ ပြီးတော့ တရားဓမ္မက နံပါတ် ၂၊ ရှင်အရဟံက ဒီဂုဏ်တွေ အကုန်ပြည့်စုံတယ်၊ ပြည့်စုံတော့ အနော်ရထာမင်းစောက သိပ်ကြည်ညိုတယ်၊ တိုင်းသူပြည်သားတွေကလဲ သူတို့ကိုးကွယ်နေတဲ့--အရည်းကြီးတွေနဲ့ အပြတ်အသတ် ကွာနေတာ မြင်ရတယ်၊ ပြောင်းပြန်ကိုဖြစ်နေပြီ၊ ဒီကဟောတာ ပြောတာက တစ်မျိုး၊ အရည်းကြီးတွေက တစ်မျိုး၊ ဒီတော့ ရှင်ဘုရင်က သိပ်ကြည်ညိုနေပြီ၊ အဲဒါ တိုင်းပြည်ကပါ လိုက်လာတဲ့အချိန်ကျတော့ ဝမ်းသာအားရနဲ့ အရည်းကြီးတွေ လူထွက်ခိုင်းပြီးတော့ သာသနာ အစစ်အမှန်ကို ပြုခဲ့တာပဲ။

ဒီတော့ မြန်မာနိုင်ငံကို သာသနာရောက်ပြီနော်၊ ရောက်တော့ ဘုန်းကြီးက ဒါတော့ထောက်ကြည့်တယ်၊ သာသနာရောက်တယ်၊ စာပေတွေက ပါဠိစကားတွေ၊ ဒီကမတတ်ကြဘူး၊ ဖတ်လဲ မဖတ်တတ်ဘူး၊ အနက်အဓိပ္ပာယ်လဲ မသိဘူး၊ ဒီအခြေအနေ ရောက်နေတော့ကာ စာသင်ဖို့ အရေးကြီးလာတယ်၊ အဲဒီစာတွေ ဖတ်တတ်ဖို့, နားလည်ဖို့ အရေးကြီးလာတယ်၊ လူတွေကလဲ သာသနာကြည်ညိုလွန်းလို့မို့ ဘာသနာနဲ့ဆိုင်တဲ့ ကိစ္စတွေကို နားလည်ချင်လာတယ်။

ဒီတော့ ဘုန်းကြီးတွေကလဲ စာထဲပေထဲကကြည့်ပြီးတော့ ဟောရတော့မယ် မဟုတ်လား၊ ငါးပါးသီလက ဘာဘာဘာဘာ၊ ဒါနက ဘာဘာ၊ ယိလကတော့ ခဏလေး ဟောလိုက်လို့ရှိယင် ငုံသွားတယ်၊ ငါးပါးသီလစို့ ဒုဝင့်ဂုဏ် ဆယ်ပါးတို့က ငုံသွားတယ်၊ ဒါနဒအကြောင်းကျတော့ မျှာ်လိုက်

တာ၊ ပြီးတော့ ဟောလို့ကလဲ့ လွယ်လိုက်တာ၊ ဘယ်သူဟာ ဘာလျှလို့ နတ်ပြည်ရောက်သွားတယ်၊ ဘယ်သူက ဘာလျှလို့ ဘာဖြစ်တယ်၊ ဟောလို့ကလဲ့ တယ်ကောင်းတယ်၊ သိလဲ့ သိလွယ်တယ်၊ လူတွေ့ကလဲ့ သဘောကျတယ်၊ ဒါနဲ့ တမူးရလို့ တစ်ပဲလျှဆိုတဲ့ ဝါဒမျိုးဟာ ပြန့်သွားတဲ့ လက္ခဏာရှိတယ်။

ဒါနလွှမ်းမိုးခဲ့ရပုံ ဒါကြောင့် ဘုရားတွေ့တည်လိုက်ကြတာ၊ ပုဂံဘုရားတွေ့တည်လိုက်ကြတာ၊ကျောင်းဆောက်ရတာက ဒါလောက်တောင် မဟုတ်သေးဘူး၊ ဘုရားတွေ့ တည်လိုက်ကြတာ၊ သိပ်ကြည်ညိုနေတာကိုး၊ နောက်တော့ ကျောင်းတွေ့ဘာတွေ့ ဆောက်ကြ၊ စာတွေ့ဘာတွေ့ သင်ကြ၊ သင်တော့ကာ လူတွေ့ကလဲ့ တတ်ချင်လာတယ်၊ တတ်ချင်လာတော့ ဘယ်သူသင်ပေးမလဲလို့ရှိယင် ဘုန်းကြီးတွေ့ပဲ့ သင်ပေးရမယ်၊ ကလေးငယ်ငယ် ဘုန်းကြီးက သင်ပေးတော့ကာဘုန်းကြီးကျောင်းသားတွေ့ဖြစ်လာတာပေါ့။

အဲဒီလိုနဲ့ ဘုန်းကြီးတို့သာသနာမှာသံဃာဆိုတဲ့ဝေါဟာရသုံးက အင်မတန်မသုံးတတ်ဘူး၊ ဆရာ ဆရာသမား ဆရာဒကာ, ဒီလိုပဲ သုံးတတ်တယ်၊ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတွေ့က သင်ပေးလာတာကိုး၊ ဘုန်းကြီးတွေ့က အရင်တတ်တော့ ဘုန်းကြီးတွေ့က တရားကိုလဲ့ သင်ပေးတယ်၊ စာကိုလဲ့ သင်ပေးတယ်၊ အဲဒါနဲ့ ဆရာဒကာ ဆရာတပည့်၊ ဆရာတော် အသုံးများလာတာ၊ မြန်မာနိုင်ငံက သံဃာတယ်မသုံးဘူး၊ သံဃာကိုလဲ့ တယ်မရည်မှန်းတတ်ဘူး၊ ဒီလိုပဲ ဆရာ-ဆရာသမားနဲ့ လာခဲ့တာ။

ကောင်းတော့ကောင်းတယ်၊ ဒီနည်းနဲ့သာသနာတော်ကို ဆောင်ပြီးတော့လာကြတာ၊ ဒီက ဆရာသမားတွေက ဟော ပြောဆုံးမ,စာတွေသင်ပေး. ကလေးတွေကလူလားမြောက် လူ့ဘောင်ရောက် ဆရာသမားတွေမို့လို့လူဒါန်းပေးကမ်း၊ ဒီလိုနဲ့ သာသနာတော် အဆက်ဆက် ဆောင်လာလိုက်တာ ဘုန်းကြီးတို့သာသနာဟာ မင်းတုန်းမဲင်းကြီး လက်ထက် ရောက်လာခဲ့တာပဲ၊ (မင်းတုန်းမင်းကြီး ပဉ္စမသံဂါယနာ တော့ မပြောတော့ပါဘူးလေ၊ ဒါကို ထားပါတော့) မင်း တုန်းမင်းကြီးလက်ထက်မှာ သီပေါမင်းတို့တောင်မှ ဘုန်း ကြီးကျောင်းမှာ စာသင်ခဲ့ရတာပဲ။

သတိရှိဖို့တယ်ကောင်း ဒါပေမယ့် မင်းတုန်းမင်းလက်ထက် မှာပဲ အင်္ဂလိပ်စာသင့်မယ့် သံတဲ ကျောင်းပေါ်လာပြီ၊သံကျောင်းပေါ်လာတော့ကာအင်္ဂလိပ် စာကို မင်းသားတွေက မသင်လို့မဖြစ်ဘူး၊ နိုင်ငံခြားက သံ တမန်တွေနဲ့ ဆက်ဆံနေရတယ်၊ သူတို့စကားပြန်နဲ့ ပြောနေ တဲ့ဟာ ဘယ်သူမှ အားမရဘူး၊ မတတ်သာမှ နားထောင် ရမှာ၊ အဲ့ဒီတော့ သူတို့ ကိုယ်တိုင်တတ်ဖို့လဲ လိုလာတယ်၊မင်း တုန်းမဲင်းကြီးလဲ သဘောကျတယ်၊ အဲဒီ သံတဲကျောင်းမှာ သွားပြီးတော့မင်းသားတွေတချို့ အင်္ဂလိပ်စာသင်ကြပါပြီ။

ဘုန်းကြီးတို့ဘုန်းကြီးတွေကဆရာသမားတွေကအဲ့ဒီကထဲ က အရေးကြီးတဲ့ကိစ္စမှာ တို့မတတ်နိုင်တော့ဘူးဆိုတာ သတိ

လေးရဖို့တယ်ကောင်းတယ်၊ နောက်တော့ ဒီလိုနဲ့ဘုန်းကြီးတို့ လက်လွတ်မှန်းမသိ နည်းနည်း နည်းနည်း လက်လွတ်လာခဲ့တယ်၊ နောက်တော့ တိုင်းပြည်အင်္ဂလိပ်လက်ထဲပါသွားရော အဲ...အင်္ဂလိပ်လက်ထဲမှာ ဘုန်းကြီးတို့ တစ်နိုင်ငံလုံးဆုံးသွားရော၊ အဲ....အောက်နိုင်ငံဆုံးတုန်းက ကော်မရှင်နာမင်းကြီးက ဘုန်းကြီးတွေကို သူ့မျက်စိတော်တော်ကျတယ်၊ ကျတာက အကောင်းကျတာပါ။

သာသနာဖျက်ဆီးခံရပုံ ဒီဟာထက် တစ်ခုကြားထဲပြောအုံးမယ်၊ အင်းဝလက်ထက်မှာ သိုဟန်ဘွား လာအုပ်စိုးဘူးတယ်၊ ရှမ်းသိုဟန်ဘွား လာပြီးတော့ အုပ်စိုးတော့ကာဘုန်းကြီးတို့ ဘုန်းကြီးတွေကနေရာတိုင်းမှာ အရာထင်ထင်နေတယ်၊ ရှမ်းသိုဟန်ဘွားက အုပ်ဝိုးတဲ့အချိန်မှာ သူ့ကိုပုန်ကန်မှာကသိပ်ကြောက်တယ်၊ ဘုန်းကြီးများကတုံးကလေးခေါက်လိုက်ပြီ ဆိုလို့ရှိယင် သံဃာတစ်ရာလဲဟုတ်တယ်၊ နှစ်ရာလဲဟုတ်တယ်၊ စာသင်ကြတယ်၊ ဒီတော့ဒီအဖွဲ့က အင်မတန်အင်အားတောင့်တယ်၊ တစ်နေ့နေ့ ဒီအဖွဲ့ ပုန်ကန်မှာစိုးရတယ်ဆိုပြီးတော့ ဘုန်းကြီးတွေ တကထဲ သူတို့အလိုတော်ရိတွေနဲ့လဲ ပါမှာပေါ့၊ ရှမ်းအမတ်တွေနဲ့ တိုင်ပင်ပြီးတော့ ဘုန်းကြီးတွေကို ဆွမ်းစားပင့်တယ်။

ရှင်ဘုရင်ကဆွမ်းစားပင့်တယ်ဆိုတော့ဝမ်းသာအားရနဲ့ စာတော်ပညာရှိတွေတော်တော်များများပါသွားတာပေါ့၊

နဂိုက သူတို့စီစဉ်ပြီးသားဆိုတော့ကို မဏ္ဍပ်ထဲမှာ ဘုန်းကြီးတွေ့ ဆွမ်းစားလို့လားဆွမ်းစားပြီးလားဆွမ်းမစားခင်လား မသိဘူး၊ တစ်ခါထဲ ရုတ်ရုတ်ရက်ရက်နဲ့ သူတို့ဖက်ထားတဲ့ ခေးတွေနဲ့ခုတ်သတ်တာပဲ၊ ပြေးနိုင်တဲ့ ကိုယ်တော်တွေသာ လွတ်တာ၊ အဲဒီမှာ စာတတ်ပေတတ် သုံးရာကျော်လောက် ပါတယ်လို့ နှုတ်သမိုင်းကတော့ရှိတယ်၊ ဒီတော့ ဘုန်းကြီးတို့က နည်းနည်းကိစ္စရှိလို့ရှိယင် ဆရာလုပ်နေရတဲ့ ဘုန်းကြီးတွေမှာ နည်းနည်း အရာထင်တယ်။

မင်းကြီးမျက်စိကျ ဒါနဲ့ ခုနကပြန်ပြောမယ်၊ မြန်မာနိုင်ငံ အောက်ပိုင်းရဿဲ့တဲ့ အာချိန်မှာ ကော်မရှင်နာမင်းကြီးက စိတ်ကောင်းနဲ့ ဘုန်းကြီးတွေ့အင်မတန် ကောင်းတယ်၊ ဘုန်းကြီးကျောင်းဆိုတာ အရိပ်အာဝါသ ကောင်းတယ်၊ ကလေးတွေ ပညာသင်ဖို့သိပ်ကောင်းတယ်၊ ကလေးတွေ ခုပညာသင်နေတာကတော့ဘာသာရေးပညာပဲ သင်တယ်၊ လူမှုရေးနဲ့ဆိုင်တဲ့ ဂဏန်းသခ်ျာတို့ဘာတို့ပါသင်ပေးလိုက်ရလို့ရှိယင် ဒီအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကိုယ့်ကို့ တော်လှန်မှာသာကြောက်တာ၊ သူတို့ အထိုက်အလျောက် တတ်နေတာတော့ သဘောကျတယ်။

သူတို့အုပ်ချုပ်လို့ ကြီးပွားလာတယ်ဆိုတာသူတို့ကဂုဏ်ယူချင်တယ်၊ သို့သော်လဲ သူတို့ကိုခွာရာတိုင်းတဲ့အထိတော့သူတို့သင်မပေးချင်ဘူး၊ ဒီတော့ဂဏန်းသခ်ျာလောက်သင်ပေးတာကတော့သူတို့ခွာရာတိုင်းနိုင်တာမှမဟုတ်ပဲကိုး၊ အဲဒါကြောင့်

သင်ပေးဖို့လို့ပြောတယ်၊ အမျှားကြီးတတ်ကြဲတယ်၊ တတ်လဲ့ တတ်လွယ်တယ်၊ သင်တာကတော့ပထမတတ်ပြီးသားလူတွေက သင်ပေးမှာပေါ့၊ နေရာကတော့ ဘုန်းကြီးကျောင်းပဲ။

နောက်တော့ အထက်နိုင်ငံပါသိမ်းပြီးပြီ၊သိမ်းပြီးတော့ အထက်နိုင်ငံရောက်တော့ အထက်နိုင်ငံက ဘုန်းကြီးတွေက တော်တော်အင်အားကောင်းတယ်၊ ဆရာတော်သမားတော်တွေက အင်မတန်များတယ်၊ အထက်နိုင်ငံမှာပထမဆုံးခုနင်ကလိုလျှောက်တော့ ဘုန်းကြီးကျောင်းတွေ အမျှားကြီးဂဏန်းသခ်ျာတွေဘာတွေ သင်ကြတယ်၊ နောက် သင်ရောက ဘာဖြစ်လာလဲလို့ဆိုတော့ ဒီပညာဝန်တို့ပညာအုပ်တို့က ဗုဒ္ဓဘာသာမဟုတ်ဘူး၊ကျောင်းထဲမှာအစစ်အဆေးလာတဲ့အခါကျတော့ တချို့လဲ အလိုက်သိစ့ာ လောကဲတ်ပျူငှာလုပ်တယ်၊ တချို့ကလဲ ဖိနပ်ကြီးစီးပြီးတော့ ဝင်တာမကြိုက်၊ ဒါနဲ့ဆန့်ကျင်ဘက်တွေဖြစ်ပြီးတော့တချို့ကျောင်းတွေပျက်ကုန်ရော၊ သူတို့ကလဲ အကောင်းအစီရင်ခံမှာ မဟုတ်ဘူး၊ မကောင်းအစီရင်ခံမှာပဲ၊ တချို့ကျောင်းတွေပျက်ကုန်ရော။

လက်လွတ်ရတယ် တချို့နည်းနည်းပါးပါးရှိတဲ့ ကျောင်းတွေကျတော့ဂဏန်းသခ်ျာမသင်ကောင်းဘူးသင်ကောင်းတယ်၊မသင်ကောင်းဘူးသင်ကောင်းတယ်နဲ့ အဲဒီဓါဒတွေကဲ့လိုက်တဲ့ဥစ္စာကျောင်းတွေကိုအမျှားကြီးပြုတ်ကုန်တာပဲ၊နည်းနည်းလေး ခံနိုင်ရည်ရှိတဲ့ ကျောင်းလောက်သာကျန်တော့တယ်၊ ဒါကြောင့်ဘုန်းကြီးတွေနဲ့ ကျောင်း

သားတွေနဲ့လက်လွတ်မှန်းမသိ မြို့ပိုင်းကစပြီးလက်လွတ်လာခဲ့တယ်၊ နောက်တော့ တဖြည်းဖြည်း တောပိုင်းကပါ မသင်နိုင်တော့ လက်လွတ်လာကြတယ်။

ဒီတော့ ဘုန်းကြီးတို့ သာသနာဟာ ယခု ဆရာနဲ့ဒကာနဲ့ ဘယ်လိုဖြစ်ကုန်ကြသလဲ၊ ဘုန်းကြီးကျောင်းထက် မဟုတ်တော့ဘူး၊ အများစုက ဘုန်းကြီးကျောင်းထက် မဟုတ်တော့ကာ သူတို့ကလဲ ဘုန်းကြီးကို၊ တချို့လဲ မိရိုးဖလာလေးစားတယ်၊ တချို့လဲ မလေးစားချင်တော့ဘူး၊ ဒီတော့ မလေးစားချင်ရုံတင်မကဘူး၊ ဘုန်းကြီးကျောင်းမှာနေတဲ့ အနည်းငယ်ကလေးတွေတောင်မှ အောက်ကျနောက်ကျ ကလေးတွေက အနေများနေတော့ သူတို့က ဘာပြောသလဲ၊ ဘုန်းကြီးကျောင်းသား ဘာညာနဲ့ ဒီလိုဖြစ်လာခဲ့တယ်၊ သိပ်ပြီးတော့ သေးသိမ်သွားတယ်။

ဘုန်းကြီးက အခါပေါင်းများစွာ ဒီစိတ်နဲ့သာ နေရလို့ရှိရင်တော့ ဒီမြန်မာနိုင်ငံမှာ ဘုန်းကြီးဖြစ်နေရင်တော့ အဲဒီထဲက ကာကွယ်မှာ၊ ခုတော့ ဘုန်းကြီးဖြစ်ရတာကနောက်ကျနေလို့ သာသနာကို ဘယ်လိုလုပ်ရမလဲဆိုတာ ခုလဲကြိုးစားတုန်းပဲ၊ ဒီမိမိတစ်ပါးတည်း ကောင်းကောင်းနေမယ်ဆိုရင် နေလို့လွယ်ပါတယ်၊ ယခုတော့ သာသနာတော်ကို ချစ်လွန်းလို့ ဒါလောက် လုပ်နေရပါတယ်။

ဒါကြောင့် သာသနာတော်ကြီးကို ဘုန်းကြီးတို့ ဘယ်လို လုပ်ပြီးတော့ ပြင်ကြမလဲ၊ ဒီလို အရှင်ဘုရားတို့ ဘယ်လိုလုပ်

ပြီးတော့ သာသနာတော်ကို ဘယ်လိုဝိုင်းကူကြမလဲ၊ တပည့်တော် တစ်ယောက်တည်းမော့ တပည့်တော် ကုသိုလ်ရရုံ တပည့်တော်ကျောင်းတိုက်တော့ ပြင်မှာပါပဲ၊ တပည့်တော် ကျောင်းတိုက် ပြင်ရုံနဲ့တော့ မဖြစ်ပါဘူး၊ တစ်ခါ ဘုန်းကြီးကို တယ်ရှုပ်တယ်၊ ဘုန်းကြီးတွေမရှိတာဘဲ ကောင်းတယ်၊ လုံးလုံးမရှိရင် ကောင်းတယ်လို့ ဒီလိုယူဆမယ်ဆိုရင် ယခု ဘုန်းကြီးသြဇာ နည်းနည်းလေးနည်းတာနဲ့မို့လို့ စာရိတ္တ တွေဘယ်လိုဖြစ်ကုန်သလဲ၊ ကျေးရွာရော မြို့ရော ဘာတွေဖြစ် ကုန်သလဲ။

အမှန်ကတော့ ဘုန်းကြီး ကောင်းကောင်းရဖို့သာအရေး ကြီးတာ၊ ဘုန်းကြီးတွေကွယ်သွားဖို့ မဟုတ်ပါဘူး၊ ကွယ်ရင်လဲ ဘုန်းကြီးက ဝမ်းမနည်းပါဘူး၊ ဘုန်းကြီးကကိုယ့်ဖာသာ ကိုယ်ပြောနေတယ်၊ ဘုန်းကြီးကနာမည်အမျိုးမျိုးနဲ့နာမည် ကြီးနေတာဖြစ်တော့ စာမေးပွဲတွေလဲအောင်တယ်၊ ကျမ်းစာ တွေလဲ ရေးတယ်ဆိုတော့ စစ်အတွင်းတုန်းကပေါ့လေ လူ ထွက်လိမ့်မယ်၊ စစ်မပြီးခင် လူထွက်လိမ့်မယ်၊ ဗျာဒိတ်လာ ပေးကြသေးတယ်။

သင်္ကန်းကိုမြတ်နိုးတဲ့စိတ် ဒါနဲ့တစ်ခါစဝ်အတွင်းမှာ ဒကာမ ကြီး တစ်ယောက်က စစ်ကိုင်းမှာ ရောက်တယ်၊ ဘုန်းကြီးကို သိပ်ကြည်ညိုတယ်၊ သူ့သမီးမျိုး က သီလရင်ဖြစ်လို့ ဘုန်းကြီးစာတွေကို သူကြည့်ရတယ်၊ သိပ် ကြည်ညိုတာပဲ၊ စစ်ကိုင်းဘက်ရောက်တော့ စစ်ကိုင်းကသူတို့ တည်းတဲ့ချောင်က သီလရင်က ဘာပြောတုန်း၊ ကိုယ်ကသာ

ကြည်ညိုနေတာ၊ ကိုယ့်ဘုန်းကြီးကတော့ လူထွက်တော့မှာ အဆင်သင့် အကုန်လုံး ပြည့်စုံနေပြီဆိုပါတော့လေ၊ အကုန်လုံး ပြည့်စုံနေပြီဆိုတော့ ကုန်ကို ကုန်နေတာပဲ။

ဒါနဲ့ အို-လူထွက်လို့ရှိရင်လဲ လူပဲကြည်ညိုမယ်ဆိုပြီးတော့ ဒကာမကြီးက လေယာဉ်ပျံတွေကြားထဲက အရဲစွန့်ပြီးတော့ လာတယ်၊ လာတော့ သူက ဒီကျတော့ ဘုန်းကြီးကသင်္ကန်းလေးကလဲ ရမှမရဘဲကိုး၊ ချွေတာပြီးနေတာဖြစ်တော့ နှစ်ထပ်သင်္ကန်းတစ်ခုကို တစ်ခုတော့ သွားတဲ့လာတဲ့အခါမှာ ခြုံဖို့ဆိုပြီးတော့ နှစ်ထပ်သင်္ကန်း တစ်ပိုင်းဖြတ်၊ ဖြတ်ပြီးတော့ တစ်ပိုင်းတော့ဘုန်းကြီးကအမြဲခြုံနေတယ်၊ တစ်ပိုင်းတော့ သွားတဲ့လာတဲ့အခါမှ ခြုံဖို့ဆိုပြီးတော့ ထားတယ်။

ဘုန်းကြီးတစ်ယောက်တည်းကျန်မှာ အဲဒီလို သင်္ကန်းလေး ဟောင်းဟောင်းနဲ့ဘုန်းကြီးကို ရိုးရိုးကလေး ကျောင်းမှာတွေ့တော့ ဝမ်းသာလိုက်တာတဲ့လေ၊ ဒကာမကြီးက ဝမ်းသာရုံတင်မကဘူး၊ သူ့ဝိုင်းပြောလိုက်ကြတာကိုလဲ ဒကာမကြီးက မနေနိုင်လို့ လျှောက်တာကိုး၊ ဒီလိုကြည်ညိုလို့ ဘုန်းကြီးက ပြောရအုံးမယ်လေ၊ တစ်သာသနာလုံး ဘုန်းကြီးတွေ အကုန်လုံး လူထွက်သွား ဘုန်းကြီးတစ်ယောက်တည်း ကျန်မှာလို့၊ ဒီသာသနာကို ဘုန်းကြီးက မစွန့်နိုင်ဘူးလို့၊ ပရိနိဗ္ဗာန် စံတဲ့အခါမှာ ဒီသင်္ကန်းနဲ့ ပရိနိဗ္ဗာန်စံမှာလို့၊ ဒါကြောင့် ဒီသာသနာ့ ဘုန်းကြီးစွန့်မှာ မဟုတ်ဘူးလို့ ဘယ်လောက်ပဲ ဘုန်းကြီးမှာ

ပြည့်စုံနေနေ ဘုန်းကြီးမှာ အကုန်လုံး ပြည့်စုံနေနေ အကုန်လုံး ဟိုဘက်လျှံနေနေ ဘုန်းကြီးလူမထွက်ပါဘူးလို့၊ ဝမ်းသာလိုက်တာဘုရားတဲ့၊ ဝမ်းသာလိုက်တာ။

ဒီအဝတ်နဲ့ သေမယ် နောက်တော့ အင်္ဂလိပ်တွေ ဘာတွေ ပြန်ဝင်လာတော့ ဂျပန်ကို ကူညီတဲ့ ဘုန်းကြီးတွေဆိုပြီး သတ်နေတယ်လို့ ကြားတယ်၊ ကျောင်းအစဉ်မကြီးက လုံတ်တင်စုံလောက်တော့ အနားထားပါအုံးနော်၊ အင်္ဂလိပ်တွေ ဘာတွေမျှားလာလို့ရှိရင် ဦးဇင်းကပျာကယာ လဲလိုက်စမ်းပါအုံး လို့ဆိုတော့ ဒကာမကြီး ဒီအဝတ်နဲ့ သေမယ်၊ ဟိုအဝတ်ကိုမဝတ်ဘူး၊ ဒီနောက်ဆုံး ဘဝဟာ ဒီအဝတ်ပဲ၊ ဒါကြောင့် ဒီအဝတ်နဲ့သေမှာဆိုတော့ ဦးဇင်း တစ်ခဏတော့ လဲလိုက်ပါအုံး ဘာအုံးနဲ့၊ အဲ့ဒီတော့ ဘုန်းကြီးက ဒါလောက်စေတနာနဲ့ ဒါလောက် သာသနာကို စောင့်ရှောက်နေပါတယ်။

သာသနာပြုနည်းမမှန် ဒီတော့ကာ သာသနာကို ဘာပြုလို့ ယခုဒီလို အခြေအနေ ရောက်သွားသလဲ၊ လူမလေးအောင် ဖြစ်နေရသလဲဆိုတော့ သာသနာပြုတဲ့နည်း မမှန်ဘူး၊ သာသနာပြုတဲ့နည်းက ဘယ်လိုပြုနေကြတုန်းလို့ဆိုတော့ မင်းတုန်းမင်းကြီး လက်ထက်တုန်းကိုက စာတော်ပြန်တွေဆိုပြီးတော့ ဆုတော်တွေ လာတော်တော်တွေနဲ့ အင်မတန်မြောက်လာခဲ့တယ်၊ ခုလဲပဲ ဒီလိုပဲ မြောက်နေကြတယ်။

မြောက်နေကြတော့ဘုန်းကြီးကျောင်းမှာဘုန်းကြီးစာချုတုန်းကစာချဘုန်းကြီးတွေလဲထွက်တယ်၊ သူတို့လဲစာတော်ကြ

တယ်၊ နောက်တော့ စာချဘုန်းကြီးတွေကို ဘုန်းကြီးက ခပ်လဲ့လဲ့နဲ့ထားတဲ့ အချိန်ကျတော့ ဘုန်းကြီးက ကိုယ့်စာသာကိုယ်ချတယ်၊ သူတို့စာတွေကို ဘုန်းကြီးမချဘူး၊ အဲ့ဒီမှာ သူတို့က ဦးလှည့်ပြီး လှည့်မှန်းမသိ စာမေးပွဲတွေဆီ လှည့်ပြီးတော့သွားတော့ အားလုံး စာမေးပွဲတွေ ဖြစ်နေပြီ။

လာဘသက္ကာရကို ကျော်ငြားကလဲနာမည်ကောင်းလိုက်တာမှ **ဦးတည်နေကြတယ်** စာမေးပွဲတွေ သိပ်အောင်တယ်၊ ဘာနဲ့ပြောတော့ ဒီမှာသိပ်လာကြပြီ၊ နောက်တော့ တစ်နေ့တုန်းက ခုနကပေါ့လေ၊ ဝိုင်းဟ-ချဟ-ဆိုတဲ့ ဆူပူမှုတွေဖြစ်တဲ့ အချိန်ကျတော့မှ ဘုန်းကြီးက ကဲ-ခုတော့ အကြောင်းပေါ်လာပြီလို့ ပြန်ပြီးတော့ ဘုန်းကြီးက မေးတော့မှ စာသင်နည်းတွေက ဘယ်လိုဖြစ်သွားပြီဘာပြီနဲ့ပြောတယ်၊ကောင်းပြီ၊ဒါတစ်နိုင်ငံလုံးမှားတဲ့ဥစ္စာကို တို့ကျောင်းတိုက်ကပါလိုက်ပြီး မှားတာဟာ မကောင်းဘူး၊ ဒီတော့ စာသင်နည်းကို မူရင်းကိုပြန်ရမယ်၊ပြီးတော့ လာဘသက္ကာရလာဘ်လာဘနဲ့ ဂုဏ်ရှိဖို့ကို ဦးတည်ပြီးတော့ ဂုဏ်ပေးနေကြတယ်။

ရှင်ဘုရင်လက်ထက်တုန်းကလဲ ဂုဏ်ပေးနေတယ်၊လာဘ်တွေပေးနေတယ်၊ အဲဒီစာသင်နည်းကို ဗုဒ္ဓမြတ်စွာက နှိမ့်ချပြီးတော့ ရှုတ်ချပြီးတော့ အလဂဒ္ဒူပမာ စာသင်နည်းတဲ့၊ မြွေဖမ်းတာတဲ့၊ မြွေကိုအဖမ်းမတတ်တော့အလမ်းယ်သမားအဆိပ်ပြင်းပြင်းနဲ့မြွေကိုလိုက်ရှာတော့ငတ္ထရောတဲ့၊တွေ့တော့

သူက မြေကိုအဖမ်းမတတ်ပဲနဲ့ နောက်ကနေပြီးတော့ အမြီး ကိုကိုင်လိုက်တဲ့ဥစ္စာ၊ မြေကလျှည့်ပေါက်လို့ သေရောတဲ့။

အဲဒါကိုပဲ စာအသင်မတတ်ဘဲနဲ့ ဂုဏ်လိုချင် လာဘ်လိုချင် လို့ ပြီးတော့ ရဟန်းဒကာ ရဟန်းအစ်မလုပ်တဲ့လူကလဲ ဘာ စာမေးပွဲ အောင်တုန်းတဲ့၊ သူတို့ကတောင်မှ ဖြစ်နေပုံက ဖြစ်နေပုံက၊ ဒီတော့ အားလုံးကလဲ ဆရာသမားတွေကလဲ ဘုန်းကြီးတို့တိုက်က သံဃာဘယ်လောက် ဝေမေးပွဲအောင် တယ် ဘာတယ်နဲ့ ဖြစ်နေတာကိုး၊ ဒကာ ဒကာမတွေကလဲ ဝမ်းသာလိုက်တာ၊ ကျောင်းအစ်မတွေကလဲ ဝမ်းသာလိုက် တာ၊ အဲဒီလို ဖြစ်နေတော့ကာ ရည်ရွယ်ချက်ဟာ ဂုဏ်လိုချင် လို့ လာဘ်လိုချင်လို့ဆိုတော့—

အညာနိ လာဘူပနိဿာ၊ အညာ နိဗ္ဗာန ဂါမိနီ။
ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗ္ဗဟယေ။

လာဘ်လာဘကို မျှော်ကိုးပြီးတော့သွားတဲ့လမ်းက နိဗ္ဗာန် လမ်းမှ တဝ်လမ်းပဲ၊ နိဗ္ဗာန်လမ်းမဟုတ်ပါဘူးတဲ့၊ နိဗ္ဗာန် သွားတဲ့လမ်းကလဲ လာဘ်လာဘရတဲ့လမ်းနဲ့ တခြားပဲ နိဗ္ဗာန် လမ်းမဟုတ်ပါဘူးတဲ့၊ မိမိတို့ တိတ်တိတ်ဆိတ်ဆိတ် တရားနဲ့ နေကြပါလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်၊ ဒီလို လာဘ် လာဘကို မျှော်ကိုးတဲ့နည်းက မြွေဖမ်းတဲ့နည်းနဲ့ တူတယ်၊ မြွေဖမ်းမတတ်လို့ မြွေကိုက်ခံရတဲ့ နည်းနဲ့တူတယ်၊ သူ့မှာ အပြစ်ရှိနေတယ်တဲ့။

စာသင်ရင်း စာအံရင်းကို သူ့မှာ အကုသိုလ်ဖြစ်နေတယ်၊ ဘာပြုလို့တုန်း တတ်ချင်တာမဟုတ်ဘူး အောင်ချင်တယ်၊ နာမည်လိုချင်တယ်၊ ဂုဏ်လိုချင်တယ်၊ မိဘတွေ ဆရာသမားတွေကလဲ ဂုဏ်လိုချင်တယ်၊ လာဘ်ရစေချင်တယ်၊ ရဟန်း ဒကာ ရဟန်းအင်မတွေ့ကလဲ ဂုဏ်ရှိစေချင်တယ်၊ သူတို့ ဦးပဥ္ဇင်းကို သွက်သွက်ကိုလည်လို့၊ ကောင်းပြီ ဒီလိုနဲ့လာခဲ့တာဖြင့် ဗုဒ္ဓမြတ်စွာရဲ့ အလိုတော်နဲ့လဲ လွဲပြီပေါ့၊ တို့ဦးသူပြည်သားတွေက သာသနာပြုတယ်ဆိုလဲပဲ သာသနာပြုရာမရောက်ဘဲ ဖြစ်နေပြီပေါ့လို့ ဆိုရမယ်ဆိုတော့ ကောင်းပြီ-အခုလက်ရှိ သာသနာကြည့်ပါ။

ယခင်ယခုတူသေးရဲ့လား လက်ရှိ သာသနာဟာ ဒကာတို့ရဲ့ခုတော်တော်ကြီးမားတဲ့ သံဃာတော်များရဲ့ ငယ်စဉ်က သာသနာမျိုး ဟုတ်သေးရဲ့လား၊ နေပုံထိုင်ပုံက လက်ရှိ လူကြီးတွေရဲ့အမြင်မှာ ရှေးတုန်းကမြင်ရတဲ့သံဃာတော်မျိုး အများအားဖြင့် ဟုတ်သေးရဲ့လား၊ သာသနာပြုလိုက်တာ ငွေတွေလဲကုန်လိုက်တာ၊ ကျောင်းကြီးတွေလဲ ဆောက်ပေးလိုက်တာ တကထဲဟိန်းလို့ကောင်းပြီ၊ ဒီဟာတော့ ဘုန်းကြီးတို့စာထဲ တစ်နေရာမှာပေါ့လေ၊ အယူကတော့ ဂိတ္ထိအယူပါပဲ။

ဗာလာ၊ လူပြိန်းလူအတို့သည်။ ဒေန္တိ၊ ပေးလူကြကုန်၏။ ပဏ္ဍိတာ၊ လူပါးလူနပ်တို့သည်။ ဂဏှန္တိ၊ ခံယူကြကုန်၏ တဲ့။ တိတ္ထိ အယူပါပဲ။ အဲဒီအယူဟာ- ဗုဒ္ဓအယူမဟုတ်ပေမယ့်လို့

တိတ္ထိအယူက ဒီလိုဆိုထားတာ ဘုန်းကြီးက ပြုံးမိတယ်ကိုး၊ ဟုတ်တုတ်တုတ်ပါပဲ့။

အဲဒီတော့ ငကောင်းပြီ၊ ဒီလိုဖြစ်နေလို့ဒီဘုန်းကြီးတို့နောက် ဘဝတစ်ခုရဲ့လမ်းစဉ်ကို ကြည့်ကြစို့၊ လမ်းစဉ်ကိုကြည့်တော့ လူဘက်ကအတော်သူတော်ကောင်းတဲ့သူတွေ ကျောင်းဒကာ၊ ဘုရားဒကာတွေ သူတို့တက်မယ်ဆိုလို့ရှိရင် များသောအားဖြင့် အထက်ကို မရောက်ဘူး၊ ရုက္ခစိုးလောက်ဖြစ်တယ်။ သိပ်၊ မမြင့်ကြဘူးပေါ့လေ၊ မြတ်စွာဘုရား လက်ထက်တော်တုန်းက အထက်ရောက်တယ်ဆိုတဲ့ သူတွေတောင်မှ ဗိမ္မိသာရမင်း တို့ဟာလေ သူကိုယ်တိုင် သောတာပန်လဲဖြစ်တယ်၊ ဘုရားကျောင်းဒကာလဲဖြစ်တယ်၊ သူ အုပ်ချုပ်ခဲ့တဲ့တိုင်းပြည်ကလဲ နယ်က ကျယ်ကကျယ်ပါဘိသနဲ့၊ အဲဒါတောင် နတ်ရွာစံတဲ့အခါကျတော့ စတုမဟာရာဇ်ဘုံမှာ သွားဖြစ်တယ်၊ တာဝတိံသာ ယာမာ မဟုတ်ဘူး။

ဘုန်းကြီးတို့ အဋ္ဌကထာက ဖာပါတယ်၊ စတုမဟာရာဇ်ဘုံမှာ ဖြစ်ရတာကတော့ သူ့ကံက ဒါလောက်မကပါဘူးတဲ့၊ နဂိုကနေဖူးတဲ့ နေရာမို့လို့ သံယောဇဉ်ကလေးရှိလို့ ဆိုပါတော့ပေါ့၊ နိကန္တိကြောင့်အဲဒီနေရာကိုသွားဖြစ်ရပါတယ်တဲ့၊ “ဘုန်းကြီးကဖြင့် အဲဒီအတိုင်း နိကန္တိကြောင့်ဖြစ်ရတာ ဘာဖြစ်လို့ စတုမဟာရာဇ်နတ်မင်းကြီးက ခိုင်းလို့ လာရတယ်လို့ ပြောရတုန်း စတုမဟာရာဇ်နတ်မင်းကြီးကဘာလို့ခိုင်းရတုန်း သူ့ကို တကယ်နေရာဟောင်းမို့လို့ ပြန်ဖြစ်လို့ ရှိရင်တန်ခိုးကြီး

နတ်ဖြစ်ပါသလား၊ မဟုတ်ဘူး စတုမဟာရာဇ်နတ်မင်းကြီး တွေ လက်အောက်မှာ သွားဖြစ်တယ်။

လူ့ပြည်ကို သံယောဇဉ်ရှိတယ် နောက် ဘုန်းကြီးတို့ ဆိုင်ရာ ဆိုင်ရာတွေကို နည်းနည်းပါးပါး နည်းနည်းပါးပါးစုံစမ်းကြည့်တော့ ရှက်စိုးလောက်ပဲ ဖြစ်ကြတယ်၊ သိပ်မမြင့်ဘူး၊ ဒါတောင် ဘုရားဒကာ ကျောင်းဒကာတွေနော်၊ ဘုရားဒကာ ကျောင်းဒကာတွေ ရှက်စိုးလောက်ပဲ ဖြစ်ကြတယ်၊ အထက်ကို သိပ်မရောက်ကြဘူး၊ ဘာပြုလို့တုန်းဆိုတော့ အကြောင်းအမျိုးမျိုးပေါ့လေ၊ သူတို့က ဒီတော့ကာ ဘုန်းကြီးက ကိုယ်လဲ အိုပြီမဟုတ်လား၊ သွားရမှာကို ငရဲတိရစ္ဆာန် ပြိတ္တာမဟုတ်ဘူးဆိုတာသိတယ်၊ နတ်ပြည်ကိုလဲ သိပ်ပြီးတော့ မလိုချင်ဘူး၊ သိပ်မလိုချင်တာက ဒီလူ့ပြည်ကို ဘုန်းကြီးကသံယောဇဉ်အများကြီးရှိတယ်။

ပါရမီဖြည့်ဖို့ သိပ်ကောင်း နတ်ပြည်က စည်းစိမ်ကိုလဲ ဘုန်းကြီးက အားမကျပါဘူး၊ သာယာတာကတော့ လူ့စည်းစိမ်တောင် သာယာသေးတာဖြစ်တော့ မသာယာဘူးလို့ မပြောပါဘူး။ သာယာပါတယ်၊ ဒါပေမယ့် အားမကျပါဘူး၊ ဘာပြုလို့တုန်းဆိုတော့ ဒီမှာ ပါရမီဖြည့်ဖို့က သိပ်ကောင်းတယ်။ လူ့လောကက သိပ်ကောင်းတယ်။ ထပ်ပြီးတော့ ဖြစ်ရလို့ရှိရင် ကောင်းကောင်း မွန်မွန် ဖြစ်လို့ရှိရင် ဒီလူ့လောကပဲ ဖြစ်ချင်တယ်။

မှတ်ချက်။ ဆရာတော်၏ လူ့ချမ်းသာဖတ်ပါ။

ကျမ်းစာတွေ ဘုန်းကြီးရေးတာလို ဘုန်းကြီးက ပြောတယ်၊ စာတွေ နောင်ကို ကောင်းကောင်းမသင်ကြဘူး။ သိပ်တတ်မှာ မဟုတ်ဘူး၊ သိပ်မတတ်တော့ ငါပြန်ပြီးတော့မျှား. လူပြုံလို့ရှိရင်တော့ ဉာဏ်ကောင်းတဲ့ လူကလေးဖြစ်မှာ ဖြစ်လို့ရှိရင် ဆရာ တော်သင့်ရုံနဲ့ ငါ့စာတွေငါတစ်ယောက်တည်း တတ်အောင် လုပ်မယ်လို့ အဲဒီလိုကို ဘုန်းကြီးက ပြောပြီးတော့ ကျမ်းစာတွေ ကုန်အောင်ရေးနေတာ၊ ဒီသင်ရိုး ကုန်အောင်ကို ကြိုးစားနေတယ်၊ နည်းနည်းပဲ ကျန်တော့တယ်။

သာသနာပြု အမှား ဒီတော့ကာ ဘုန်းကြီးက လူ့ပြည်ကိုလဲ သံယောဇဉ် ရှိတယ်၊ ပါရမီ ဖြည့်ဖို့ကောင်းလို့ သာသနာတော်ကိုလဲသံယောဇဉ်ရှိတယ်၊ သာသနာတော် မြင့်ပြီးတော့ဂုဏ်ရှိစေချင်တယ်၊သာသနာတော်ကို ကိုးကွယ်တဲ့ ဒကာ ဒကာမတွေလဲ ကုသိုလ်များများရစေချင်တယ်၊ ဒီငတော့ ဘုန်းကြီးက လေ့လာတယ်၊ လူ့လောကကို ပတ်ပလေ့လာတယ်၊ခုနဂ္ဂလိုတွေ့တယ်၊သိပ်ပြီးတော့ မတက်ဘူး၊ သံယောဇဉ်တွေတယ်များတယ်၊ လုတွေ့ကလဲသာသနာပြုဆိုတဲ့ ဥစ္စာ သာသနာကိုမဟုတ်ဘူး၊ ကိုယ့်ဘုန်းကြီးဘိုးပြီးငတော့ ပိုအရေးပါနေကြတယ်။

ဒကာတို့ နည်းနည်းပါးပါးလေ့လာလို့ရှိယင် အဂ္ဂမဟာပဏ္ဍိတ ဧတ်တုန်းက အဂ္ဂမဟာပဏ္ဍိတရအောင် သူတို့ ဂဏ္ဍင်းဒကာ ကျောင်ဆောင်ပတွေက စပြုံးတော့ ကြိုးစားတယ်၊ သူတို့ ဘုန်းကြီးဂုအောင် ဒီတော့ သူတို့ဟာလဲသိပ်ပြီး

တော့ မသန့်ရှင်းပုံဟူး၊ ခုလို သာသနာတော်ကိုးကွယ်ပုံက အဲဒီလို၊ ဘုန်းကြီးကမြင်တော့ ဟုတ်တယ်လို့ စတုမဟာရာဇ် ဖြစ်တာတောင် ကံကောင်းလို့၊ အင်း....တချို့ စတုမဟာရာဇ် တောင် ဖြစ်မှာမဟုတ်ဘူးလို့ ဒီလိုမြင်နေတယ်။

ဒါနနဲ့ သီလအားနည်း တစ်ခါသံဃာတော်များ ဘယ်လိုဖြစ်သတုန်းလို့ဘုန်းကြီးကလေ့လာတယ်၊ လေ့လာမှ ရတယ်ကိုး၊ ဒီဘုန်းကြီးတို့ရဲ့ ရှေ့က လူဝင်စားလို့ ဆိုတဲ့ နာမည်ရှိတယ်၊ လူဝင်စားဆိုတာ သူတို့ အိပ်မက်ပေးတာတို့ ဘာတို့နဲ့ပေါ့လေ၊ ဒီလောက်ပဲ သိရမှာပေါ့၊ သိပ်ပြီးတော့ မမြင့်ဘူး၊ ဆင်းတောင့်ဆင်းရဲ မိဘများရဲ့ ဝမ်းမှာ ဆိုပါတော့၊ ဘုန်းကြီး ရှုတ်တရက် မြင်တာတော့ နှစ်ပါးတွေ့တယ်၊ တစ်ပါးက နိုင်ငံကျော်ဆရာတော်အမည်ခံ၊ တစ်ပါးက နယ်မှာ ဆရာတော်အခေါ်ခံ လူဝင်စားလေးတွေ သေးသေးသိမ်သိမ်လေးတွေ။

ဘုန်းကြီးက စဉ်းစားတယ်၊ ဖြစ်မှာပဲ ဘာဖြစ်လို့တုန်း၊ ဒါနက သိပ်ပြီးတော့ မရှိဘူးမဟုတ်လား၊ သီလကလဲပဲ စင်ကြဲယ်သလောက်သာ စင်ကြယ်မှာ၊ ဒီတော့ လူ့ဇာတိဆိုတော့ ကောင်းတဲ့ဇာတိပဲ၊ ဒါပေမယ့်လို့ ဆင်းတောင့်ဆင်းရဲလေးတွေ့၊ တစ်ခါ တချို့ဘုန်းကြီးတွေ့ကို ဘုန်းကြီးက လေ့လာတယ်ပေါ့လေ၊ လေ့လာတော့ တွေ့ပါတယ်၊ အားလုံး ကိုယ်တော်များလဲ အမှတ်တမဲ့ ပြီးသွားလို့ပါ၊ တွေ့ကြမှာပါ။

ဘုန်းကြီးသူရဲ့ ဘုန်းကြီး ငယ်ငယ်တုန်းက အင်မတန် ကြီးကျယ်တဲ့ ကုမ္ဗဏီတစ်ခုက အင်မတန် ထင်ရှားတဲ့ နာမည်ကျော် ပုဂ္ဂိုလ်တစ်ပါးကို ကိုးကွယ်တယ်၊ ကျောင်းဆောက်တယ်၊ သူတို့ခေတ်နဲ့သူတို့အင်မတန်ကောင်းတဲ့ ကျောင်းပေါ့လေ၊ ကျောင်းဆောက်တယ်၊ ကျောင်းမပြီးခင် ပုံတော်မူတယ်၊ ပုံတော်မူလို့ နောက် ကျောင်းပြီးတဲ့ အခါကျတော့ ဆရာတော်တစ်ပါးကို ကျောင်းလှူကြတယ်၊ ဆရာတော်ကြီး အဲဒီကျောင်းပေါ်မှာ တက်ပြီးတော့သီတင်းသုံးတဲ့ အိပ်တဲ့အခါမှာ လည်စေ့လာညှစ်တယ်တဲ့၊ ကြည့်စမ်း ခုနက တော်တော်နာမည်ကြီးတဲ့ ဘုန်းကြီး ဘာဖြစ်နေလဲ၊ တစ္ဆေတောင်မကဘူး၊ သရဲဖြစ်နေတယ်။

ဒီတော့ကာ ဒီလိုသတင်းတွေကို ဘုန်းကြီးကဟိုမှာကြား ဒီမှာကြား ကြားနေရတယ်၊ တစ်ချိန်တော့ ကြားရပြန်တယ်၊ ဘယ်သူပုံတော်မူတုန်းက ကျောင်းပေါ် မတက်ဝံ့ဘူး၊ ဘာဖြစ်လို့တုန်း၊ ခြောက်တယ်တဲ့ အဲဒီပုဂ္ဂိုလ်အကြောင်းလျှောက်တဲ့လူက အဲဒီကိုယ်တော်ဟာ အလှူတိုင်းမလှတ်ဘူးတဲ့၊ နာမည်ကြီးတယ်၊ ပြီးတော့ ကျောင်းပေါ်မှာပစ္စည်းတွေ့လဲပြည့်လို့၊ ခြောက်တယ်တဲ့။

အသည်းနာဖို့ကောင်း ပြီးတော့တစ်ခါအင်မတန်နာမည်ကြီးတဲ့ ပုဂ္ဂိုလ် နာမည်ကြီးတွေနော်၊ ဆရာတော်အခေါ်ခံတွေနော်၊ ဒါက ဘုန်းကြီးမြင်တာမဟုတ်ဘူး၊ အမြင်အထင်သမားတွေက ပြောတယ်၊ ဘယ်နဲ့ ဘယ်နဲ့လမ်း

လျှောက်နေတာပဲ၊ တစ္ဆေဖြစ်နေတာပဲ၊ ဒီမှာတော့ ဆရာတော် အခေါ်ခံပဲ၊ ဟိုမှာတစ္ဆေဖြစ်နေတယ်၊ တစ်ခုကတော့ ဘုန်းကြီးတို့နဲ့ တော်တော်နီးတဲ့နေရာမှာ၊ ရိပ်သာကမ္မဋ္ဌာန်းပေးနေတဲ့ ဘုန်းကြီး၊ အားတော့နာပါရဲ့၊ တောထွက်တောထွက် အင်း....တောထွက်မို့လို့ တော်သေးတယ်၊ နှစ်ပါးနေကြတယ်၊ သူတို့က ရိပ်သာကမ္မဋ္ဌာန်းဆရာလို့ နာမည်ခံတယ်၊ နှစ်ပါးနေတယ်၊ တစ်ချိန်ကျတော့ တစ်ပါးပုံတော်မူတယ်၊ ပုံတော်မူတော့ အားလုံး လူတွေ ဘာတွေ ရှိတုန်းမှာ ဘာမှမဖြစ်ဘူး၊ ရက်လည်ဆွမ်းကျွေးပြီးလို့ ဆွေမျိုးတွေလဲ ပြန်သွားကြရော တစ်ပါးတည်း ကျန်တော့တယ်ကိုး၊ အတူနေတစ်ပါးထဲ ကျန်တော့တယ်၊ ညအိပ်တော့ မီးထွန်းယင် မီးမှုတ်ပြစ်တယ်၊ ထပ်ထွန်းပြန် ထပ်မှုတ်ပြစ်တယ်၊ မင်းကွာ.... ငါ လူတုန်းကမှမကြောက်ဘဲနဲ့ သေမှ တစ္ဆေဖြစ်မှ ကြောက်ရမှာလား ဆိုပြီးတော့ ရိပ်သာဘုန်းတော်ကြီးက ဓားရှည်ကို ယူပြီးတော့ ခုတင်ပေါ်ချရော ခုတင်ပေါ်က ဓားရှည်ကြီး လှဲချပစ်လိုက်တာတဲ့၊ ဟာ...ဒီကောင် တယ်ဆိုးပါလား၊ သူ့ရဲ့သီတင်းသုံးဖော်မှန်း သူသိတယ်။

နောက်တော့ ကုဋီတက်ချင်လို့ ကုဋီသွားတော့လဲ ကုဋီထဲဟို့က ထိုင်လို့တဲ့၊ ဒီဟာကတော့ မလွယ်ဘူးလေ၊ ဒီဟာက ဘုန်းကြီးက ဒီလိုဖြစ်တယ်ဆိုတော့ ကျောင်းကကိုယ်တော်တွေကို ဘုန်းကြီးတွေလို ဒီပြဿနာစုံအောင် သတင်း နားထောင်ကြ၊ ဘုန်းကြီးကတော့ မသွားပါဘူး၊ သတင်းနားထောင်ကြဆိုတော့ ဟိုကိုယ်တော်က အိပ်လို့မဖြစ်ဘူး၊ မဖြစ်

တော့ သူ့အိပ်ရာလိပ် သူသိပ်းပြီးတော့ သူတခြားသွားအိပ်မယ်လို့ လာတာကိုး၊ နောက်ကပြန်ဆွဲတယ်တဲ့၊ အိပ်ရာလိပ်နဲ့ ထွက်လာ နောက်ကပြန်ဆွဲတယ်တဲ့၊ ဘုန်းကြီးတို့ကျောင်းက ဦးပဉ္စင်းတစ်ပါးက လမ်းလျှောက်ယင်း ကိုယ်တော် ဘာဖြစ်တာတုန်းလို့ ဆိုတော့ နောက်ကဆွဲဆွဲနေလို့တဲ့။

ဘုန်းကြီးတစ္ဆေက သာစေချင် အဲဒီမှာ ဘုန်းကြီးက တစ္ဆေခြောက်တာ သဘော ပေါက်သွားတယ်၊ ဟာ.... တစ္ဆေခြောက်တယ် ဆိုတာ ချစ်လို့လဲ ခြောက်တာပဲ၊ ပျော်လို့လဲ ခြောက်တာပဲ၊ သူတို့ဟာ တစ္ဆေဆိုတဲ့ ဥစ္စာက ဒီလိုလေ ဟို မီးတွေဘာတွေနဲ့ လောင်နေတဲ့ ပြာတွေမျှားကသာ ဒုက္ခမျှားတာကိုး၊ သူတို့ကတော့ ဖြစ်သလိုနဲ့ စားပြီးတော့ နေလို့ရတယ်၊ သူတို့က သိပ်မဆိုးလှဘူး၊ ဒါနဲ့ ဘုန်းကြီးက ဒီပြဿနာကို ဦးပဉ္စင်းတို့ ကုန်အောင် နှားထောင်ကြလို့။

နောက် တော်တော်လေးကြာတော့ ဘုန်းကြီးက မေးတယ်၊ ဟိုကျောင်းမှာ တစ္ဆေခြောက်သေးသလား ဆိုတော့ ခုမခြောက်တော့ဘူးတဲ့၊ ဘယ့်နယ်လုပ်လို့လဲဆိုတော့ပယောဂဆရာနဲ့ ချုပ်လိုက်လို့တဲ့၊ ငါမခံချင်ဘူးကွာ, ငါမခံချင်ဘူး၊ ဘုန်းကြီး တစ္ဆေဆိုတော့ ငါက သံယောဇဉ် ရှိတယ်လို့၊ ပယောဂဆရာကြောင့် ဒီတစ္ဆေမခြောက်ဝံ့ဆိုတာကို ငါမခံချင်ဘူး။

တို့ဘုန်းကြီးတစ္ဆေကဲသတ္တိရှိရမယ်၊ ဘုန်းကြီးချင်းမေတ္တာရပ်ခံလို့ ဒီလိုမခြောက်ပါနဲ့၊ ဘယ်လိုကောင်းကောင်းနေပါ၊

လို့တာကိုပေးပါ့မယ်၊ စားပါသောက်ပါ၊ဒီလိုမေတ္တာရပ်ခံလို့မခြောက်ဘူးဆိုတာဘုန်းကြီးကကြားချင်တာကိုး၊ခုတော့ဒီလိုမဟုတ်ဘဲနဲ့ပယောဂဆရာအစ္စမ်းနဲ့လုပ်လိုက်လို့မခြောက်တော့ဘူးဆိုတာ နာတယ်လို့၊ ဘုန်းကြီးသံယောဇဉ်ကတစ္ဆေဖြစ်တောင် သံယောဇဉ်ရှိဘာ၊ တစ္ဆေဖြစ်တောင် ဘုန်းကြီးတစ္ဆေက သာမှကြိုက်တာ၊ ဒီတော့ ဘုန်းကြီးက ဒီလိုနည်းနဲ့ဘယ်သူ ဘယ်မှာ ဘာဖြစ်နေတယ်၊ တစ္ဆေဖြစ်နေတယ်၊ ငရဲကျတော့ ဘယ်မှာ ဘာမှ ပြန်ကြားလိမ့်မတုန်း၊ လူဝင်စားလောက်နဲ့ တစ္ဆေလောက်သာ ကြားနိုင်တာပေါ့။

ဘုန်းကြီးတစ္ဆေညဝါပြန်နေကြသတဲ့

ဒီတော့ ဘုန်းကြီးက ကဲ ...သာသနာဒီလိုတော့မဖြစ်ဘူး၊ နေအုံးယုံချင်ယုံမယုံချင်နေ ဆိုပါတော့ပေါ့၊ ပေပင်ဆရာတော်ကြီးက သုဿာန်သွားပြီးတဲ့တော့ တရားထိုင်တယ်၊ သုသာန်က မြို့နဲ့ရွာနဲ့နီးတဲ့သုသာန် မဟုတ်ပါဘူး၊ အစ္စန်အဖျားမှာ၊ အဲဒီမှာ တရားသွားထိုင်တော့ (ယုံချင်ယုံနော်) တစ်နေရာက ညဝါပြန်နေလိုက်ကြတာတဲ့၊ ဒီတော့ ဆရာတော်ကြီးက ညဝါပြန်နေတာ ကြားတယ်ဆိုတာ ဘုန်းကြီးက ဘုန်းကြီးနဲ့ နီးစပ်တဲ့လူတွေ ပြောတယ်လို့၊ သံသရာတို့နောက်ဘဝတို့ အရေးကြီးတဲ့ အကြောင်းတွေ ပြောတော့နေပါအုံး၊ စာတွေ ရ-ရက်သားနဲ့ တစ္ဆေဖြစ်ရသလားတဲ့၊ အို....စာသင်တာက စာမေးပွဲအောင်အောင် သင်တာပဲကွာ တစ္ဆေဖြစ်တာနဲ့ ဘာဆိုင်တုန်းလို့၊ တစ္ဆေဖြစ်တာတော့ ဘယ်တာ့နိုင်ပါမတုန်းလို့။

ဒီတော့ဒီဟာတွေကိုဘုန်းကြီးလေ့လာပြီးတော့နေတယ်၊ လေ့လာပြီးနေတော့ ဘုန်းကြီးက ကျောင်းမှာပြောတယ်၊ သာသနာမှာ ကောင်းကောင်း မနေနိုင်လို့ရှိယင် ထွက်ကြ၊ ဘာပြုလို့တုန်း၊ လူ့လောကမှာ သူ့နည်းနဲ့သူ အင်မတန် ပျော်စရာကောင်းတယ်၊ ဘယ်လိုတုန်း မိဘများနဲ့ အလုပ် အကိုင် ရိုးရာလုပ်စားသောက်အရှယ်ရောက်တော့အိမ်ထောင်လေး ဘာလေးကျ၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ့်သားသမီးတွေနဲ့ သိပ်ပြီးတော့ပျော်စရာကောင်းတာ ဒါကြောင့်မို့လို့ကောင်းကောင်းမနေချင်လို့ရှိယင် တစ္ဆေဖြစ်ဖို့တော့ မလုပ်ကြနဲ့လို့။

သာသနာမှာ ကောင်းကောင်းမနေချင်လို့ရှိယင် ကိုယ့်သားသမီးတွေ, ဘာတွေနဲ့ ပျော်ပျော်ကလေး နေပြီးတော့ ငါးပါးသီလနဲ့နေ ငရဲမကျဘူး၊ တိရစ္ဆာန် ပြိတ္တာမဖြစ်ဘူး၊ ငါးပါးသီလနဲ့နေ, ဒုစရိုက်ဆယ်ပါးရှောင်, မိဘရိုးရာနဲ့ လုပ်ကိုင်စားသောက်နေ သိပ်လဲမဆင်းရဲပါဘူး၊ တို့ဆွမ်းခံရတာလဲ ဆင်းရဲတယ် မဟုတ်လား၊ အထင်သေးတယ်မနေကြနဲ့လို့၊ ကျောင်းမှာ ဒီလိုပဲဟောနေတယ်၊ ဒါအဟုတ် စိတ်နဲ့ဟောနေတာ၊ တကယ့်စိတ်ရင်းနဲ့ ဟောနေတာ။

မနေနိုင်လူထွက်သန့်ရှင်းရမယ် ဘုန်းကြီးရဲ့ ညီတွေ, တူတွေ, နှိုင်ငံမှာ တချို့လဲ မှတ်မိပါလိမ့်မယ်၊ တူကဖြင့် ပထမကျော်လဲဟုတ်တယ်၊ သက္ကသီဟလဲဟုတ်တယ်၊ ပြီးတော့ အစိုးရပထမပြန်လဲအကုန်အောင်တယ် ဒါလဲလူထွက်သွားတာပဲ၊ထွက်တာကောင်းတယ်၊ သာသနာ

မှာစာတတ်ရုံနဲ့မဖြစ်သေးဘူး၊ ဘုန်းကြီးညီလဲ လူထွက်တယ်၊ ထွက်တာကောင်းတယ်၊ စာတတ်တာနဲ့ ပြီးတာမဟုတ်ဘူး၊ အင်း .. ဦးဇနကရဲ့အမျိုးထဲကကြည့်စမ်း၊ကောင်းကောင်းလဲ မနေဘူး၊ ဘုန်းကြီးလုပ်နေတယ်၊ ဘေးကပြောမယ်၊ လုပ်မှာပေါ့ကွာ အစားအသောက်ချောင်နေတာပြီးတာပေါ့၊ ဘာညာနဲ့ အဲ့ဒီလို အပြောမခံနိုင်ဘူးလို့၊ တို့အမျိုးထဲကတော့ ကောင်းကောင်းမနေနိုင်လို့ရှိယင် ထွက်၊စားရေးသောက်ရေးချောင်တာနဲ့ သာသနာမှာနေတယ်ဆိုတာ ငါ့အမျိုးထဲကတော့ ငါမခံနိုင်ဘူးလို့၊ ဒီတော့ထွက်ကြထွက်ပဲ ဘုန်းကြီးက၊ ဒါကြောင့်အများကြီးထွက်ကြတယ်၊ဘုန်းကြီးကကျောင်းလဲ ဒီလိုပဲ ပြောနေပါတယ်။

သာသနာကိုတော့သန့်ရှင်းအောင်လုပ်ရမယ်၊ ဘာပြုလို့တုန်း သန့်ရှင်းအောင်မလုပ်လို့ရှိယင် တို့လူတွဲတန်းတဲ့ ဒကာဒကာမတွေလဲ အလှူဒါနအကျိုးမရပါဘူး၊ နည်းပါတယ်။ ပေါင်းပင်ပေါက်နေတဲ့လယ်ယာကို စိုက်ရသလိုပဲ၊ လယ်ယာညံ့မှာ စိုက်ရတဲ့မျိုးစေ့လိုပဲ၊အသီးနည်းပါတယ်၊ ဒါကြောင့် မို့လို့ အခုကျောင်းကြီးကန်ကြီးတွေ ဆောက်လိုက်ကြတာ၊ ဘုန်းကြီးကျောင်း မှာလဲ လေဆောက်ချင် လိုက်ကြတာ၊ နောက်နေရာကောင်းကောင်းမရှိဘူး၊ မပေးနဲ့လို့ပြောထားရတယ်၊ ဆောက်ချင်လိုက်ကြတာ။

သံဃာတွေဘုန်းကြီးကစီစဉ်ထားလို့အင်မတန်လဲကြည်ညိုစရာကောင်းတယ်၊ဒါပေမယ့်ဓိုင်းကြဟ,ချကြဟဆိုတဲ့အပိုင်းကလဲ ပါနေတာဖြစ်တော့ မဟုတ်ဘူး၊ လူမြင်ကောင်းရုံလေး

ကောင်းလို့တော့ တို့မကောင်းသေးဘူး၊ တကယ့်စိတ်ထဲမှာ ကောင်းမှဖြစ်မယ်၊ စိတ်ထဲမှာကောင်းဖို့ဆိုတော့ကို စာမေးပဲ့ကို ဦးမတည့်နဲ့၊ စာတတ်အောင်သင် တရားကျင့်မှဖြစ်မယ်၊ တရားထိုင်မှဖြစ်မယ်၊ဝိနည်းအာပတ်သင့်လို့ရှိယင်လဲဒေသနာကြားပြီးတော့ သန့်ရှင်းအောင် နေကြပါလို့ ဘုန်းကြီးက ပြောပြီးတော့နေတယ်။

အခမဲ့ညားရေးပြန်သင်ပေး ဒါကြောင့် ယခု ကြွလာတဲ့ သံဃာတော်များလဲပဲသာသနာကို ဝိုင်းပြီးတော့ပြုဖို့ရန် စိတ်တော့ထားကြပါ၊ ဒကာများကလဲ နားလည်ကြပါ၊ ဒီသာသနာ ဒီလိုသွားလို့ ခု အထင်သေးခံရပါပြီ၊ဘုန်းကြီးတို့လက်လဲလွတ်သွားပါပြီ၊ နောင်ကို သာသနာပြုတဲ့အခါမှာကောင်းကောင်းနေချုံတင်မကပါဘူး ကျေးရွာကကလေးတွေမြို့တော့ထားလိုက်ပါလေကျေးရွာကကလေးတွေကို အခမဲ့သင်နိုင်အောင် ဘုန်းကြီးတို့ပြန်ပြီးကြိုးစားရပါမယ်၊ အဲဒီကြိုးစားဖို့ရာလဲ တတ်ပြီးသားပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

ဘုန်းကြီးကျောင်းမှာပဲ့ ခုနစ်တန်း ဆောင်ပြီးသားတို့ ရှစ်တန်းရောက်ပြီးသားတို့, ဘာတို့ဆိုတာတွေဟာကိုရင်တွေ ရှိနေတာပဲ၊ ဒီတော့ဒီပုဂ္ဂိုလ်တွေကို ခေါင်းဆောင်ပြီးတော့ သာသနာပြုလို့ရှိယင်ခုဒကာဒကာမတွေကအကုန်လုံး နောက်ကလိုက်နေတယ်၊ဒီလိုပြုတယ်ဆိုလို့ရှိယင်လိုက်ကြမှာ၊နောင်လဲလိုက်ကြမှာဒီတော့ကာဘုန်းကြီးတို့အချိန်မလွန်ခင်ဒီဘာဝါဒ

ညာဝါဒတွေကို ဘာမှမစဉ်းစားနဲ့၊ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဟာ တို့သာသနာပဲ၊ ကိုးကွယ်တဲ့ ဒကာ-ဒကာမတွေရာခိုင်နှုန်း အများကြီးရှိတယ်၊ အဲ့ဒါလောက်ဒကာ-ဒကာမတွေကိုလဲ လိမ္မာယဉ်ကျေးအောင် တို့ဆုံးမမယ်၊ သားသမီးတွေကိုထဲ ကျေးဇောမှာဆိုလို့ရှိယင် တို့ပညာတတ်အောင် သင်ပေးမယ်၊ လိမ္မာယဉ်ကျေးအောင် ဆုံးမမယ်၊ တို့ပါရမီဖြည့်မယ်လို့ အဲဒီလိုအနေမျိုးနဲ့ သာသနာကြီးဟာ ပြန်ပြီးတော့ နှဝ်ပေါင်းအနည်းငယ်နဲ့ တက်နိုင်ပါတယ်။

ဒီလိုမှ ပါရမီမဖြည့်တော့ဘူး၊ လင်လျှူရှူပြီးတော့ ကြည့်နေကြမယ်ဆိုယင်ဒီဘုန်းကြီးတစ်ပါးတည်းလုပ်နေလို့မရပါဘူး။ ဒီရတဲ့နည်းဘုန်းကြီးရှိတယ်၊ရတဲ့နည်းက ခပ်ရွယ်ရွယ် ခပ် လတ်လတ်ကလေးတွေ၊ ယောကျ်ားလေးတွေရော မိန်းကလေးတွေရော သိမ်းသွင်းမယ်၊ အဲ....သူတို့က လိုက်မယ် လိုက်မယ်လို့ အားအင်က ဘယ်မှာဘယ်နှစ်သိန်းလောက်ရှိပြီလာပြီဆိုလို့ရှိယင်တော့ အစိုးရက လိုက်ကိုလာမှာ။

အစိုးရကလိုက်လာမှာ၊ ဒီလိုမဟုတ်ပဲနဲ့အစိုးရကမစဝံ့ဘူး၊ ကောင်းမှုနိုးသိရက်သားနဲ့ မစဝံ့ဘူး၊အဲ့သလိုအားလုံးကျေးရွာရော,တောရော ဘုန်းကြီးလိုပေါ့လေ၊ဘုန်းကြီးဩဇာကို ဒါလောက် ဝမ်းမြောက်ဝမ်းသာ လက်ခံပြီးတော့လိုက်လာကြမယ် ဆိုလို့ရှိရင်တော့ဖြင့် ဒီ သာသနာကြီးကို ကုသိုလ်လိုချင်မှ စင်ကြပါတော့၊ သာမန်နဲ့တော့ မဝင်ကြပါနဲ့၊ သာသနာတော်မှာ မူရှိပါတယ်။

ဘယ်လိုမှုရှိသလဲဆိုလို့ရှိယင် အဇာတသတ်မင်း ခမည်းတော်ကို လုပ်ကြံပြီးတဲ့နောက်သူဘုရားနဲ့အတွေ့မခံဝံ့ပါဘူး၊ အင်မတန်ကြောက်နေပါတယ်၊ဒါပေမယ့်လို့ဘုရားကိုဖူးချင်လွန်းလို့ တစ်နေ့တော့ တန်ဆောင်မုန်း လပြည့်နေ့မှာ အခါအင်မတန်ကောင်းတုန်း၊ နက္ခတ်တွေ အင်မတန်ကောင်းတုန်း၊ လ,အင်မတန်သာတုန်း၊ အဲဒီမှာ မှူးကြီးမတ်ကြီးတွေနဲ့ စည်းဝေးပြီးတော့ "ခုနေအချိန်မျှားနော် ကောင်းလိုက်တဲ့လ ဘာမျှားလုပ်ရကောင်းမလဲ"နဲ့ ညည်းတယ်ကိုး၊ ဒီတော့ တချို့အမတ်တွေက ဘာလုပ်ဖို့ကောင်းတယ်၊ ညာလုပ်ဖို့ကောင်းတယ်၊ စည်းစိမ်ခံစားဖို့ကောင်းတယ်၊ ပျော်ပျော်နေဖို့ကောင်းတယ်၊တချို့အမတ်တွေက ပုရာဏကဿပဆီ သွားဖို့ကောင်းတယ်၊ တချို့က မက္ခလိဂေါသာလဆီသွားဖို့ကောင်းတယ်နဲ့ အမျိုးမျိုးပြောကြတယ်၊ ဇီဝကက မလှုပ်ဘူး။

ဗုဒ္ဓကိုအလေးထားပုံ ဒီတော့ အဇာတသတ်ကဒီစကားတွေ မကြားချင်ဘူး၊ ဇီဝက စကားကိုသူကြားချင်တယ်၊ "အချင်းဇီဝက ဒီ့ပြင်မှူးမတ်တွေဟာသူတို့ကိုးကွယ်တဲ့ အသီးသီးဆရာတွေနဲ့ သူတို့ဂုဏ်တွေကိုပြောပြီးတော့ နေကြတယ်၊ အသင် ဇီဝကကတော့ခမည်းတော်ကဘာမှရာထူးရိက္ခာမပေးလို့လား၊ မွဲနေသလား၊ ဘာမှကိုးကွယ်တဲ့ဆရာမရှိဘူးလား" ဆိုတော့ဇီဝကက ဒီလိုအချိန်တော့ ငါက တိတ်တိတ်နေလို့ မဖြစ်တော့ဘူး ဆိုပြီးတော့ သူမျှားလိုဆိုင်ရာမထပြောတာမဟုတ်ဘူး၊မြတ်စွာဘုရားရှိရာ

ဘက်ကို လက်အုပ်ချီ မတ်တတ်ရပ်ပြီးတော့ "အရှင်မင်းမြတ် ကျွန်ုပ် ကိုးကွယ်တဲ့ မြတ်စွာဘုရားက ဒီလိုမဟုတ်ပါဘူး၊ ယခု ကျွန်ုပ်ရဲ့ သရက်ဥယျာဉ်မှာ သံဃာ ငါးရာနဲ့ သီတင်းသုံးနေ တော်မူပါတယ်၊ အရှင်မင်းမြတ် ဗုဒ္ဓမြတ်စွာကို ဖူးနှိုင်လို့ ရှိယင် အင်မတန် စိတ်ချမ်းသာမှာပါပဲ" လို့ အဲဒီလို သံတော် ဦးတင်လိုက်တော့ "ဇီဝက သွားဖို့ရာပြင်တော့" ဆိုတော့ ဇီဝကက ထုံးစံအတိုင်း သွားဖို့စီစဉ်တယ်။

အရိယာသံဃာနှင့် ဗုဒ္ဓ ဗုဒ္ဓမြတ်စွာဆီရောက်တော့ သံဃာ ငါးရာက တိတ်လို့ ငြိမ်လို့ ဗုဒ္ဓမြတ် စွာက ရှိတယ်၊ အဲဒါကြည့်ပြီး သူက မထိုင်သေးဘူး၊ သံဃာ တော်တွေ ကြည့်ပြီးတော့ သူ့သားတော်ဟာ သံဃာများလို့ ငြိမ်နေယင် ဘယ်လောက် ကောင်းမလဲနဲ့ အဲသလို စိတ်ထဲ ဖြစ်ပြီးတော့ ဗုဒ္ဓမြတ်စွာကို ဦးချပြီးတော့ထိုင်နေတယ်၊ ဗုဒ္ဓ မြတ်စွာက "ဒကာတော် မိမိစိတ်ချမ်းသာတဲ့အခါမှာ မိမိရဲ့ သံယောဇဉ်ပေါ်မှာ စိတ်ရောက်တမ်းပဲ၊ ခုသားတော်ပေါ် မှာ စိတ်ရောက်နေတယ်မဟုတ်လား" လို့ အမိန့်တော်ရှိတော့ ဝမ်းသာလိုက်တာလေ၊ ကြည့်စမ်း....ဗုဒ္ဓမြတ်စွာရဲ့ ကျေးဇူး ဒကာ ငါ့ခမည်းတော်ကို လုပ်ကြံတဲ့ဥစ္စာ ငါ့အပြစ်ကြီးဟာ သိပ်ကြီးတာပဲ၊ ဒါပေမယ့် ဗုဒ္ဓမြတ်စွာက စပြီးတော့ အမိန့် တော် ရှိလိုက်တာ စိတ်ကို အေးသွားတာပဲ" ။

ရဟန်းဘဝ လက်တွေ့အကျိုးများ ဒါနဲ့ သူ လျှောက်တယ်၊ "မြတ်စွာဘုရား ရဟန်း ပြုရတဲ့ လက်တွေ့အကျိုးများ ရှိပါရဲ့လား" ဟို နောက်ဘဝကျမှ နတ်ပြည်ရောက်တယ် ဘာတယ်ဆိုတာကတော့ လက်တွေ့ မဟုတ်ဘူးလေ၊ လက်တွေ့ ဘုန်းကြီးလုပ်ရတဲ့ အကျိုးများ ရှိပါရဲ့လား ဆိုတော့ မြတ်စွာဘုရားက အင်မဲ့တန်မှ ကျမ်းကျင်တော်မူတယ်။

ဆိုပါတော့ မြတ်စွာဘုရားက အကျယ်တဝင့်ဟောနေလို့ ရှိယင် နောက်က တိတ္ထိတွေရဲ့ ဒကာအမတ်ကြီးတွေ အများကြီး ရှိဘယ်၊ အင်း....ရှင်ဂေါတမက ရှင်ဘုရင်နဲ့ စကားပြောရလို့ မို့၊ လေဖောနေတယ်ဟေ့လေ၊ မပြီးနိုင်တော့ဘူး လို့ ဒီလိုပြောကြလိမ့်မယ်၊ ဒီတော့ဗုဒ္ဓမြတ်စွာက ဘယ်လောက် ကောင်းတုန်း၊ "ဒကာတော် ဒီပြဿနာကို ဒကာတော်ကိုပဲ ပြန်မေးမယ်၊ ဒကာတော်စိတ်ထဲမှာ ထင်သလိုဖြေတာပေါ့၊ ပြဿနာတစ်ခု ပြောပြမယ်လေဆိုပြီးတော့ ပြဿနာကိုသာ ပြောပြတယ်၊ ခုနကအမြေကို မဖြေဘူး။

"ဒကာတော်ရဲ့ ကျွန်တစ်ယောက်က စဉ်းစားတယ်၊ ဟို ဟိန္ဒူနိုင်ငံမှာ ကံနဲ့ ကံရဲ့ အကျိုးကိုတော့ ယုံကြည်ကြတယ် နော်၊ နိဗ္ဗာန်ကိုသာ မယုံတာ၊ ဒဲ့ကံရဲ့ အကျိုးပေးပုံများ သိပ်ဆန်းတာပဲနော်၊ ကြည့်စမ်း ...အဇာတသတ်မင်းလဲ လူပဲ၊ ငါလဲ လူပဲ၊ အဇာတသတ်ကတော့ တကတည်း နတ်ကလေးတမျှ ချမ်းသာလိုက်တာ၊ စည်းစိမ်နဲ့၊ ငါ့မှာတော့ သူ့ကျွန်

ဖြစ်ပြီးတော့ ခိုင်းတာတွေ့ ဘာတွေ့ အကုန်လုံး လုပ်နေရတယ်၊ ကံမျှား သိပ်ဆန်းကြယ်တာပဲ။

ရှေးကံတွေ့ဟာ သိပ်ဆန်းကြယ်တယ်၊ ငါဒါကိုအားကျပြီး အဇာတသတ်လို ဖြစ်အောင်ဟဲ့လို့ ကြိုးစားယင် ဒါနပဲ့သူပြုတတ်မှာပေါ့၊ ဒါနပြုလို့ရှိယင် အဇာတသတ် တစ်နေ့ပြုတဲ့ ဒါနကို ငါက တစ်သက်လုံးက်လို့ မမီဘူး၊ ဒီလိုဆိုယင် နောက်ဘဝကျလဲ ငါ အောက်တန်းကျအုံးမှာပဲ၊ ဘာလုပ်ရပါ့မလဲလို့ သူစဉ်းစားလိုက်တာ၊ စဉ်းစားတော့ ဟာ....ငါရဟန်းပြုမှပဲ၊ ရဟန်းပြုပြီးတော့ တရားကျင့်မှပဲ၊ အဲ့ဒါလို့ သဘောနဲ့ သူရဟန်းပြုတယ်၊ တရားကိုကျင့်တယ်၊ သီလကိုငင်ကြယ်တယ်။

နောက်တော့ အရှင်မင်းရဲ့ကျေးကျွန်မျှားကဆိုပါတော့၊ "အရှင်မင်းမြတ် သတိရတော်မူပါ၊ အရှင်မင်းမြတ်ရဲ့ကျွန်တစ်ယောက်ဟာ ဘုန်းကြီး လုပ်သွားပါတယ်" "ဩဝ် ဘုန်းကြီးလုပ်သွားသလား၊ ဘယ်လိုနေတုန်း" မေးတော့ အမှန်အတိုင်း ပြန်ပြောတယ်၊ "မှန်ပါ ကောင်းကောင်းနေပါတယ်၊ တရားကျင့်နေပါတယ်၊" အဲ့ဒီလို သင်ကြားတော့ သင်ဘာပြောမလဲ၊ "အောင်မယ် ငါ့ကျွန်က ဘုန်းကြီးလုပ်နေသတဲ့လား၊ ထွက်စေ" လို့ သင်ပြောမှာလား ဆိုတော့—

"မပြောပါဘူး ဘုရား၊ မပြောရက်ပါဘူး၊ ဒကာတော်ကပဲ ဘေးရန်အန္တရာယ်မရှိအောင် ကာကွယ်ပေးရပါမယ်" လို့ဆိုတော့၊ သင့်ကျွန်ကို သင်က ဘေးရန်အန္တရာယ် ကာကွယ်

ပေးနိုင်လောက်အောင် အခြေအနေ ရောက်သွားတာဟာ ဘာအကျိုးတုန်း'' ''ဒါ သိပါပြီဘုရား၊ ဘုန်းကြီးလုပ်ပြီးတော့ ကောင်းကောင်းကျင့်နေတဲ့အကျိုးပါ၊ သူကလဲ အဇာတသတ်မင်းထက်သာအောင် ကုသိုလ်လိုချင်လို့ ဘုန်းကြီးလုပ်တာ၊ ဒီသဒ္ဓါမန်ကုသိုလ်လောက်လိုချင်လို့ ဘုန်းကြီးလုပ်တာ မဟုတ်ဘူး၊ အဇာတသတ်မင်းထက်ကိုသာအောင်၊ မဟုတ်တောင် တန်းတူအောင် ဘုန်းကြီးလုပ်တာ၊ အကျိုးလိုလို့ ဘုန်းကြီးလုပ်တာ၊ ဒီတော့ သိပ်သဘာဝကျသွားတယ်''။

ရဟန်းပြုရ ဒုတိယအကျိုး ''ကောင်းပြီဘုရား၊ ဒီပြင် တစ်မျိုးမျှားကော အကျိုး ရှိပါသေးသလား'' ဆိုတော့ ''ကောင်းပြီ ပြန်မေးမယ်၊ ဒကာတော်ကို အခွန်ဆက်နေတဲ့ အရပ်သားက လယ်သမားက ခုနကလိုပဲ စဉ်းစားပြီး ဘုန်းကြီးလုပ်ရယင် ကောင်းမှာပဲ၊ ကုသိုလ်တော့ သိပ်ရမှာပဲဆိုပြီး ဘုန်းကြီးလုပ်တယ်၊ ကောင်းကောင်း ကျင့်တယ်၊ ဒါကို ဒကာတော် ကြားတော့ကော ဘယ့်နှယ်လုပ်မလဲ၊ ငါ့အခွန်တော်တွေ ဆုတ်ယုတ်ကုန်တော့မယ်၊ ဒီလူတော့ ထွက်ဝေမှပဲလို့ ဒီလိုလုပ်မှာလား ဆိုတော့–

''ဟာ မခိုင်းပါဘူးဘုရား၊ သူကောင်းကောင်းကျင့်နေတဲ့ ဥစ္စာ၊ ခုနကလိုပဲ စောင့်ရှောက်ပေးရမှာပဲ'' ''ကဲဒီလိုဆိုယင် အကျိုးမရပေဘူးလား'' ''ရပါပေတယ်ဘုရား၊ ဒီထက်သာတဲ့ အကျိုးမျှားကော ရှိပါရဲ့လား ဘုရား'' ဆိုတော့ ''ကောင်းပြီ၊ ဗုဒ္ဓမြတ်စွာ ပွင့်လာတဲ့အခါမှာ ဒီသီလ ဒီသီလ

တွေကိုဟောတယ်၊ ဒီသီလ ဒီသီလဟောတော့ ဒီအရုပ်သား ကငါ ဒါလောက် အကျင့်တွေ ကျင့်ဖို့ဆိုတော့ အိမ်မှာ နေလို့တော့မဖြစ်ဘူး''။

ဒီအကျင့်ကို ကျင့်နိုင်ဖို့ရာကလဲ ခရူသင်းပုံတ်လို ဖြူဖွေးနေအောင် ကျင့်နိုင်မှကောင်းမှာ၊ ဒီအကျင့်တွေကို ကျင့်နိုင်ဖို့ရာဆိုလို့ရှိယင် အိမ်မှာ ဘယ်နည်းနဲ့မှ နေလို့ မဖြစ်ဘူး၊ တစ်နေ့လုံး ကိုယ့်သီလ ကိုယ်ထိန်းပြီးတော့ မကျိုးမပေါက်အောင် စောင့်ထိန်းရမယ်ဆိုယင်တော့ ရဟန်းပြုမှ ဖြစ်မှာပဲ ဆိုပြီးတော့ရဟန်းပြုတယ်၊ဗုဒ္ဓမြတ်စွာက ကမ္မဋ္ဌာန်းလမ်းစဉ် တွေရော သမထရော ဝိပဿနာရော စုံအောင်ဟောလို့ အဲဒီ ပုဂ္ဂိုလ်ဟာ ခုနကရဟန်းပြုတာထက် ပိုပြီးတော့ အကျိုးမရှိဘူးလား၊ ''ရှိပါတယ်ဘုရား အင်မတန်ကောင်းပါတယ်''။

အရိယာဖြစ်နိုင်တာ ဗုဒ္ဓမြတ်စွာက ရဟန္တာ ဖြစ်သည့်တိုင် အောင် တရားအစဉ်အတိုင်း ဟော တော်မူပါတယ်၊ တစ်ညထဲ ဝိပဿနာတရားလဲ ဟောတော်မူ ပါတယ်၊ ဟောတော်မူလို့ အကယ်၍များ ခမည်းတော် မလုပ်ကြံမိလို့ရှိယင် ဒီနေရာမှာ သောတာပန်ဖြစ်မယ်၊ သိပ် ကြည်ညိုသွားတယ်၊ မြတ်စွာဘုရားကို ပုထုဇဉ်ဘဝနဲ့ကြည်ညို တဲ့ အကြည်ညိုကို ပြိုင်လို့ရှိယင် အဇာတသတ်မင်းကို မှီတာ တစ်ယောက်မှမရှိဘူး၊ ခမည်းတော်လုပ်ကြံမိလို့ ယုတ်မာတဲ့ ပါပမိတ္တန့်ပေါင်းမိလို့ ရှင်ဒေဝဒတ်နဲ့ပေါင်းမိလို့အဲဒီအမှား ကြောင့် ခု သောတာပန် မဖြစ်ရတာ၊ နဂိုအတိုင်းသာ ဒီ

အတိုင်း လာခဲ့လို့ရှိယင် ဒီနေရာမှာ သောတာပန်ဖြစ်မယ်လို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူတယ်။

အမှီကောင်း၏ကျေးဇူး ဒါကြောင့် မတရားတဲ့ လူတွေနဲ့ ပေါင်းရတဲ့ ဥစ္စာ အသေဘနာစ ဗာလာနံအရ ဘယ်လောက်ကြီးကျယ်သလဲ၊ ဘုရားအစရှိတဲ့ သူတော်ကောင်းနဲ့ ပေါင်းရတာ ပဏ္ဍိတာနဥ္စ သေဝနာအရ ဘယ်လောက် မွန်မြတ်သလဲလို့၊ အဲ့ဒီလို နားလည်ပြီးတော့ ပေါ့လေ၊အင်း ဘုန်းကြီးဟောတာတော်တော်ကြာသွားပြီ။

ဘုန်းကြီ လုပ်ချင်ယင် ဥပဒေနဲ့ မှတ်ပုံတင် အနာဂတ်သာသနာကို ဘယ်လို ပြုပြင်ရမလဲဆိုယင် ဘုန်းကြီး လုပ်ချင်လို့ရှိယင် ကုသိုလ်ဖြစ်အောင် ကုသိုလ်များများလိုချင်တဲ့ ပုဂ္ဂိုလ်မှ လုပ်ကြပါလို့ တောင်းပန်မယ်၊ ဒီပြင်နည်းနဲ့စားဝတ်နေရေးအတွက်ကြောင့်တော့ ဘုန်းကြီးမလုပ်ကြပါနဲ့၊ ကုသိုလ်များများရမှ ဘုန်းကြီးလုပ်ပါဆိုတာ ဘုန်းကြီးတို့တောင်းပန်လို့ရသလောက် ရမှာပါပဲ၊အစိုးရက များများ ပါလာလို့ရှိယင်ဥပဒေနဲ့မှတ်ပုံတင်ပြီးတော့ကိုဖြစ်မယ်။

ကုသိုလ်တကယ်လိုချင်မှလုပ် ဘာပြုလို့တုန်း၊ ဘုန်းကြီးလုပ်ချင်လို့ရှိယင် တကယ့်ကို ကုသိုလ်လိုချင်မှ လုပ်ပါလို့ အစိုးရက ဟိုနယ် ဟိုနယ် ဟိုနယ်မှာ အကန့်လုံး တာဝန်ပေးထားမယ်၊ အဲဒီတော့ မှတ်ပုံတင်ရမှ ဘုန်းကြီးဖြင်မယ်၊ မှတ်ပုံတင်လက်မှတ်ရဖို့လိုမယ်၊အဲသ

လိုများ ပြုပြင်ပေးလို့ ရှိယင်တော့ သာသနာတော်ကြီးဟာ မှတ်ပုံတင်နဲ့ ဘုန်းကြီး၊ ကုသိုလ်ရချင်လို့လုပ်တဲ့ ပုဂ္ဂိုလ်ဟာ လည်ဖို့ပတ်ဖို့လိုသေးသလား၊ ပွဲလမ်းသဘင်လိုသေးသလား၊ သူက ပွဲနှားသွားဖို့ လိုသေးသလား၊ ဒီတော့ သာသနာတော်ဟာ အင်မတန် သန့်ရှင်းသွားပါမယ်။

နည်းပါးစေလေ နည်းတော့ နည်းသွားပါမယ်၊ နည်းပေစေလေ၊ အရေအတွက် နည်းပေမယ့် အရည်အချင်း သိပ်ပြည့်စုံသွားပါမယ်၊ ယခုတော့ အရည်အချင်း နည်းရာက အရေအတွက်ပါ နည်းသွားပြီ၊ နည်းသွားတာကို မြန်မြန်ဆယ်ဖို့တော့ ကောင်းပြီ၊ ဒီသာသနာတော်ကြီးကို ယခု ပရိသတ်တွေရော သံဃာတော်များရော ကြိုးကြိုးစားစားနဲ့ ဒကာ ဒကာမဘက်က များလာလို့ရှိယင် အစိုးရက လိုက်လာမှာ၊ ဘာပြုလို့တုန်း၊ အစိုးရဆိုတာဟာ ဘယ်အဝိုးရဖြစ်ဖြစ် တိုင်းပြည်နဲ့တော့ မဆန့်ကျင်ချင်ဘူး၊ တိုင်းပြည်က အရေးပါလာပြီ၊ သူတို့လဲ သဘောကျလာပြီဆိုယင် လိုက်လာမှာပေါ့၊ ကုသိုလ်များများရမှ ဘုန်းကြီးလုပ်ပါဆိုတာ အုပ်ချုပ်တဲ့လူက သိပ်သဘောကျမှာပေါ့။

မိမိကျောင်းကတော့ ပြင်မယ် အဲဒီတော့ ဘုန်းကြီးက မျော်နေတယ်လေ၊ မျော်နေတယ်၊ ဒီသာသနာကို မိမိကျောင်းကတော့ ပြင်မယ်၊ ဒီပြင်ကိုလဲ သံဃာတော်တွေကို ဒီလိုပဲ သွေးဆောင်မယ်၊ အင်း ဒကာ ဒကာမတွေကိုလဲ ဒီလိုပဲ ဟောပြောမယ်၊ ကုန်ကျသင့်မှကုန်ကျပါ၊ မကုန်ကျသင့်ယင် မကုန်ပါနဲ့၊ ဧကျောင်း

ကြီး ကန်ကြီးတွေဟာ သာသနာကို မဆောင်နိုင်ပါဘူး၊ စာမေးပဲ့တွေဟာ သာသနာကို မထိန်းနိုင်ပါဘူး။

စာရိတ္တဲ့ပြန်ဦးလှည့် ဒါတွေကို သေသေချာချာ နားလည်ပြီးတော့ သာသနာကို မူရင်းမှန်မှန်နဲ့ သီလစင်စင်ကြယ်ကြယ်နဲ့ ဘာဝနာပွားလို့ ကျေးရွာကျောင်းထိုင်တဲ့ ပုဂ္ဂိုလ်တွေက သီလစင်စင်ကြယ်ကြယ်နဲ့ ဘာဝနာနဲ့ နေပြီးတော့ ကလေးတွေ ပညာသင်ပေးလို့ တိုက်ကြီး တာကြီးနဲ့နေတဲ့ ပုဂ္ဂိုလ်ကလဲ အဲဒီလို သင်ပေးနိုင်အောင်ဟာ အမျိုးမျိုးပို့ချပေးလိုက်လို့ သူတော်ကောင်းတွေက ထိန်းပြီးထိန်းပြီး သွားလို့ရှိယင် ဒီတိုင်းပြည်ရဲ့ စာရိတ္တ ဘယ့်နယ်နေမလဲ။

ဘုန်းကြီးက စာရိတ္တဲ့ပြန်ပြီးတော့ ဦးလှည့်မှာ၊ ကောင်းတဲ့ဘက်ကို ပြန်ပြီးတော့ဦးလှည့်မှာ၊ အဲဒီလို ဆိုလို့ရှိယင် ဘုန်းကြီးတို့ သာသနာကို အစိုးရကရော၊ တိုင်းပြည်ကရော ကျေးဇူးတင်လို့ ရတနာသုံးပါး ဦးထိပ်ထား၍ဆိုတဲ့အတိုင်း အကုန်လုံး ပြန့်ပြီးတော့ ဦးထိပ်ထားပါမယ်၊ အဲဒီ အနေမျိုးကို ရောက်အောင် ဘုန်းကြီးတို့ ပြင်နိုင်ကြလို့ရှိယင် အားလုံး သံဃာတော်များက ဝိုင်းကြဲလို့ ရှိယင်တော့ ကောန်မုချ အထမြောက်မယ်၊ ကောန်မုချအောင်မယ်၊ အစိုးရ ကောန်မုချ ပါပါ့မယ်။

အစိုးရ သတ္တိရှိရှိနဲ့ ပြင်မယ်ဆိုလျှင် ဒါမှမဟုတ် အစိုးရကိုက သတ္တိရှိရှိနဲ့ ပြင်မယ် ဆိုလို့ ရှိယင်လဲ တိုင်းပြည်ကပါမယ်၊တိုင်းပြည်ကပါမှာပါ၊သံဃာတော်များ သူတော်ကောင်းများက ပါလာမယ်၊ ကြိုးကြိုး

စားစားပြုလုပ်ကြဖို့သာလိုပါတယ်၊ဒီတော့နှစ်ဘက်ပဲလူဝတ်ကြောင်တွေရောသံဃာတွေရောက ဒီလို ပြင်မယ်လို့မျှားဆိုလို့ရှိယင် အစိုးရက ပါလာမယ်၊ဒါမှမဟုတ်အစိုးရကသတ်ပိုရှိရှိနဲ့ စပြီးတော့ပြင်မယ်ဆိုလို့ရှိယင်သံဃာကောင်းတွေရော လူတွေကရော အကုန်လုံးပါမှာ၊ ဒီတော့ ဘုန်းကြီကနေအုံးလို့၊ဗုဒ္ဓမြတ်စွာရဲ့ သာသနာဟာ ယခုမှ ၂၅၀၀-ကျော်ကျော်လေးရှိသေးတယ်၊ ၂၅၀၀-ကျော်ကျော်လေးရှိသေးတဲ့ဥစ္စာ၊လေးသခြေနဲ့ ကမ္ဘာတစ်သိန်း အသက်စည်းစိမ်များစွာ စွန့်လွှတ်ပြီးတော့ ဖြည့်ခဲ့ရတဲ့ ပါရမီရဲ့ဘုန်းရှင်ကံရှင်မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးဟာ ဒီလောက်နဲ့ မည်းနိုင်သေးဘူး။

သံသယရှိစရာမလို သာသနာဆိုတဲ့ဥစ္စာ ပြုတဲ့သူရှိလို့ ရှိယင် ပြန့်တက်တာတဲ့၊ ကြည့်စမ်း အနော်ရထာမင်းစောလက်ထက်တုန်းက အရည်းကြီးတွေဟာ အနော်ရထာမင်းနဲ့ ရှင်အရဟံတို့ပြုလိုက်တာအကုန်လုံး ပြန်တက်လာတယ်၊ဒီတော့ သာသနာဟာပြန်တက်နိုင်တယ်၊ဒီအစိုးရကလဲပါမယ်၊အစိုးရပါယင် ဒီကလဲဘာမှပြောစရာမလိုတော့ဘူး၊ အဆင်သင့်ပါပြီးသား၊ ဒါမှ မဟုတ် ဒီက ပရိသတ်တွေအားကောင်းယင် အစိုးရလဲပါမယ်၊ ဒါ သံသယရှိစရာမလိုဘူး။

ဒီတော့ ဘုန်းကြီးက သာသနာ့ကို ပြင်ကြပါစို့ရဲ့၊ယခုကစပြီးတော့ ကျောင်းကြီး ကန်ကြီးတွေ ဆောက်ထားပေမယ့်လို့မတတ်နိုင်ပါဘူး၊အင်းကန့်တော့ပါရဲ့၊ရွှေတိုက်စေတီကြီးလဲ သာသနာတော် တည်အောင် မတတ်နိုင်ပါဘူး၊ ရွှေတိုက်

ဂေါပကလူကြီးရှေ့ကို ပြောရအုံးမယ်၊ ရှေ့တိုဂုံစေတီတော်ကြီး လိုပဲ အင်ဒိုနေရှားမှာ ပုထိုးတော်ကြီးစေတီတော်ကြီးရှိတယ် မဟုတ်လား။ ဟိုမှာ မဟာမေဒင်တွေ့ အုပ်ချုပ်နေတာပဲ၊ မတတ်နိုင်ပါဘူး၊ ဒါကြောင့်မို့ လို့ရှေ့တိုဂုံစေတီတော်ကြီးမှာ စိန်တွေ့ရွှေတွေ့ ဘယ်လောက်ဆီးနေပေမယ့်လို့ သာသနာတော် တည်အောင် တတ်နိုင်မယ်မဟုတ်ပါဘူး။

ပူ.ပေါင်းလုပ်ကြပါစို့ သာသနာတော်ဟာ အစိုးရနဲ့တိုင်းသူပြည်သားတွေနဲ့ပေါင်းပြီးတော့ ပြင်လိုက်လို့ရှိယင်ကောင်းတဲ့ဘက်ကိုလှည့်ပြီးတော့သာသနာကောင်းကြီးပြန်ပြီးတော့ဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်အကျိုးပြုတဲ့သာသနာဖြစ်ပါလိမ့်မယ်၊ စာရိတ္တပြုပြင်တဲ့ သာသနာဖြစ်ပါလိမ့်မယ်၊ ရဟန်းတော်များရဲ့ စာရိတ္တကလဲ ဝိနည်းသိက္ခာပုဒ်ညီညီညွတ်ညွတ်နဲ့ ကောင်းကောင်း ပြုပြင်ပြီးသားဖြစ်ရပါမယ်၊ အဲဒီလို သာသနာကြီးကို ဘုန်းကြီးကမျှော်နေပါတယ်။

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တို့ သရဋ္ဌ၊ ဘုဇိဿံ ဥဿိတဒ္ဓဇံ။

သာဂါရာစ၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ခေါင်းဆောင်ရွေသွား သူတော်ကောင်း အများတို့သည် လည်းကောင်း။ အနာဂါရာစ၊ အိမ်ရာမထောင် သာသနာ့ဘောင်၌ ခေါင်းဆောင်ရွေသွား ဆရာတော် အများတို့သည် လည်းကောင်း။ ဥဘော၊ မြန်မာဒကာမြန်မာဆရာဟု ကမ္ဘာကိုရှုနိုင်

သည့် (ကမ္ဘာကြီး ကိုကြည့်ပါ၊ ဘာဖြစ်နေတယ်ဆိုတဲ့ ဥစ္စာကို ကမ္ဘာကြီးဟာ အခု ဘယ်လောက် ပျက်စီးသွား၊ သလဲ ဆိုတာကို ကြည့်ပါ) ဥဘော၊ မြန်မာဒကာ မြန်မာဆရာဟု ကမ္ဘာကို ရှုနိုင်သည့် လူထုထိပ်ခေါင် ထိုခေါင်းဆောင်နှစ်ဦးတို့သည်။ အညောညနိုသိတာ၊ ကိုင်းကို ကျွန်းမှ ကျွန်းကို ကိုင်းမှဟု ဝုံညီမယွင်း အချင်းချင်း အားထားကြကုန်လျက်။ ဘုဇိဿံ၊ ခြောက်ဆယ်နှစ်နှစ်မျှ ကျွန်ဘဝက (ဒါက အထက်နိုင်ငံက ကြည့်ရေးတာကိုး) လုံးဝ မားမတ် လွတ်လပ်ခဲ့ပြီးသော။ သရဋ္ဌံ၊ မိမေ့ဘာနှစ် ချက်မြုပ်ဖြစ်၍ အသစ်တည်ဖန် ကိုယ့် နိုင်ငံကို။ ဥဿဲတဒ္ဓဇံ၊ မားမားစုင့်စုင့် လှုင့်တလူလူ အော့ဂ်လံ ထူလျက်သာလျှင်။ အာရာဓယန္တု၊ မြေပြင် ရေပြင် ဝေဟင် မလပ် တပ်ပေါင်း ကွပ်လျက် အမြတ်ရတနာ သာသနာ လည်း ရောင်ဝါထိန်ဦး လုံးစုံပြီးအောင် ချီးမြှောက်နိုင်ကြ ပါစေသတည်း။

သာဓု....သာဓု....သာဓု။

○

ဗုဒ္ဓမြတ်စွာ၏ သာသနာဘော် သန့်ရှင်းစည်ပင် ပြန့်ပွားတည်တံ့ရေးအတွက် တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ဩဝါဒ တရားတော်သည် စီစဉ် ရေးသားသော တရားမဟုတ်၊ ရုတ်တရက် ပင့်ဖိတ် တောင်းပန်သဖြင့် လက်တန်း ဟော ကြား သော ဟောတရား ဖြစ်သည်ကို သတိပြုလျက် ဖတ်ကြား

မှတ်သားကာ ဆရာတော်ကြီး၏ အဆုံးအမအတိုင်း လိုက်နာလျက် သာသနာတော်အကျိုး ဆောင်ရွက်နိုင်ကြပါစေ။

ဤဟောတရားကို သာသနာတော်နှင့် ပတ်သက်သော ဆရာတော်ကြီး၏ ကြိုတင်မြော်မြင်ချက် ရည်မှန်းမျှော်လင့်ချက် ဆန္ဒတော်များ မပျောက်မပျက်စေရန် ရည်သန်၍ တိတ်ခွေမှ တစ်ဆင့် ကူးယူရာ ၁၉၈၁-ခု၊ မေလ ၂၅ ရက်တွင် အမေရိကန်ပြည် ဝါရှင်တန်ဒီစီ၌ အောင်မြင်ပြီးစီးပါသည်။

အောင်သိမ်း

ခေတ္တ ဝါရှင်တန်မြို့
အမေရိကန်ပြည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

တစ်ဘဝသာသနာမှ

လာဘ သက္ကာရ သိလောက ဩဝါဒ တရားတော်

မြေဟောက်ပမာ ကြောက်စရာ ယနေ့ နံနက်စောစော ဩဝါဒပေးချိန်တွင် (ဩဝါဒမပေးမီ) ထုံးစံအတိုင်း "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစချီသော ဂုဏ်တော်များ၏ ပါဠိကိုလည်းကောင်း၊ အနက်ကိုလည်းကောင်း သံပြိုင်ညီညာ သံဃဲ့တော် ငါးရာကျော်တို့က ရွတ်ဆိုပူဇော်နေကြ၏။ ပြီးလျှင် လိုက်နာဖွယ်ကျင့်ကြံဖွယ် သတိထားဖွယ်တို့ကို ဖော်ပြဆုံးမသော ပါဠိဂါထာများကို အနက်နှင့်တကွ ရွတ်ဆိုကြရပြန်၏။ ထို့ဖြင့် "အညာနိလာဘူပနိသာ၊ အညာနိဗ္ဗာနဂါမိနီ" အစချီ၍ (လာဘ်လာဘကို တွယ်တာမက်မောနေခြင်းတို့သည် နိဗ္ဗာန်ကိုသွားဖို့လမ်းနှင့် တခြားစီသာဖြစ်ကြောင်း၊ နိဗ္ဗာန်ကိုသွားသောလမ်းကလည်း လာဘ်လာဘကို တွယ်တာ မက်မောခြင်းနှင့် တခြားစီသာ

ဖြစ်ကြောင်း) ဟူ၍ ဓမ္မပဒလာဂါထာကို အနက်ပါ ရွတ်ဆို နေကြရပြန်သည်။ နောက်ဆုံးတွင်—

> "ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလော ကော ကဋ္ဌကော ဖရုသော အန္တရာယိကော အနုတ္တရာသာ ယောဂက္ခေမဿ အဓိဂမာယ"[1]—

ဟူသော လာဘသက္ကာရသံယုတ်ပါဠိတော်လာဘုရားမြတ်စွာ၏ ဒေသနာတော်ကို ဆက်လက် ရွတ်ဆိုကြရပြန်၏။ ပြီးလျှင် အနက်ပါ ပေးကြရသည်။ " ဘိက္ခဝေ၊ ရဟန်းတို့။ လာဘသက္ကာရ သိလောကော၊ လာဘ်ပူဇော်သက္ကာရ အကျော် အစောသည်။ ဒါရုဏော၊ ခက်မာကြမ်းတမ်းသော သဘော ရှိ၏။ကဋ္ဌကော၊ ခါးစပ်ခံခက်သော အကျိုးဆက်ရှိ၏။ ဖရုသော၊ ဖမ်းကုတ်ဆွဲသကဲ့သို့ ကြမ်းကြုတ်ရဲလှ၏။ အနုတ္တရာသာ၊ အတုမရှိမှန်မြတ်လှသော၊ ယောဂက္ခေမဿ၊ ယောဂ လေးပါး၏ ကုန်ရာနိဗ္ဗာန်ကို။ အဓိဂမာယ၊ ရခြင်း၏။အန္တရာယိကော၊ အန္တရာယ်ကို ပြုတတ်ပေတည်း။

သံဃာတော်များသည် တစ်နေ့ စာရွက် ဆိုရမည့်စာတို့ကို ရွတ်ဆိုပြီးသောအခါ အားလုံးရပ်သွားကြ၏။ ငြိမ်သက်စွာ ဆရာတော်၏ဩဝါဒကိုငုံ့လင့်နေကြသည်။ ဆရာတော်သည် အကြောင်း အားလျော်စွာ၊ အခြေအနေ အားလျော်စွာ တွေ့ကြုံရသည့် အရာတို့ကိုရွတ်ဆိုကြသော စာပေတို့နှင့်ဟပ်၍

---

[1] သံ–၀၊–၁၊ နိဒါန်း–၄၂၄။

ဩဝါဒပေးလေ့ရှိတော်မူ၏။ ထို့ကြောင့် ယနေ့ အထက်ပါ လာဘီလာဘပူဇော်သက္ကာရ အကျော်အစောတို့နှင့်ပတ်သက်၍ မြေဟောက်ပမာ ကြောက်စရာ ကောင်းပုံကို ဩဝါဒပေးတော်မူသည်။

မနေ့တုန်းက ဥပုသ်နေ့လဲဖြစ်တော့ အားလပ်ကြလို့ မန္တလေးက ဒကာဒကာမတစ်စု လာကန်တော့ကြတယ်၊ ဘုန်းကြီးကို ဟိုစဉ်တုန်းကအတိုင်း ကြည်ညိုရင်းစဲ့ ရှိကြတဲ့ သူတွေပါပဲ၊ အဲ....သူတို့ ပြောကြလျှောက်ကြတဲ့ အထဲမှာ သူတို့မယ်....တဲ့။ ညီအစ်ကိုမောင်နှမ ၇ ယောက်ရှိတာ၊ ဟိုတုန်းက တစ်ဦးနဲ့တစ်ဦး သိပ်ချစ်ကြတယ်... တဲ့။ အခု အရင်လိုမဟုတ်ကြတော့ဘူး....တဲ့။

ဟဲ့....ဘယ်လိုဖြစ်ကြတာလဲလို့ မေးတော့ အမေကိစ္စတွေပေါ့ ဘုရားတဲ့၊ အမေတို့ အဖေတို့က အိုကုန်ပြီဖြစ်လို့ ရသင့်ရထိုက်တာလေးတွေ သားသမီးတွေကို ဝေပေးတော့ "သူနည်းတယ်၊ ငါများတယ်"နဲ့က စတာပဲ၊ အမေတို့ အဖေတို့အပေါ်လဲ မကျေနပ်ကြဘူး၊ ညီအစ်ကို မောင်နှမချင်းလဲ နည်းနည်းစီ စကားများကြရာက စတာပဲတဲ့။

ကဲ....အဲဒါသာ ကြည့်ကြပေတော့၊ ၅၂၈ သွယ် မေတ္တာနဲ့ဖွဲ့စည်းလာခဲ့ကြတဲ့ မေတ္တာအစေးဓာတ်တွေ ပြယ်ကြရသတဲ့၊ ဖြဟ္မစိုရ် အဆေးဓာတ်တွေ ခြောက်

သွေ့ကြရသတဲ့၊ ညီအစ်ကိုမောင်နှမ အလွန်ခိုင်မြဲလှ ပါတယ်ဆိုတဲ့ သံယောဇဉ်တွေကိုးတွေ့ ပြတ်ကြရသတဲ့၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ ဆိုတာ။

ဒါကြောင့် မြတ်စွာဘုရားက ပြော့တာ၊ ဒီလောဘ လောဘတွေဟာ ဒါရုဏောဒါ၊ ခက်မာကြမ်းတမ်းတယ်တဲ့၊ ကဋ္ဌကောဒါ၊ ခါးစပ်စပ် အရသာလို အလွန် ခံရခက်တယ်တဲ့၊ ဘယ်လောက် ဟုတ်ထားသလဲ....။

လောဘသက္ကာရ သိလောက မှန်ပါသည်၊ အမွေဟူသည်လည်း လူတို့အဖို့ လောဘ်လောဘပင် ဖြစ်၏၊ ရယူသုံးဆောင် ခံစားရသော ပစ္စည်းဟူသမျှ လူတို့အဖို့ လောဘ်လောဘပင် ဖြစ်၏၊ ရဟန်းများ အဖို့ကား ဆွမ်း သင်္ကန်းကျောင်း ဆေး ပစ္စည်းလေးပါးသည် လောဘ်လောဘ ဖြစ်၏၊ ဤပစ္စည်းများသည် နုနယ်သည်ဟု ထင်ရသော်လည်း အမှန်မှာ ကြမ်းတမ်းသော သဘောရှိ၏၊ သူတို့က ပေါက်ဖွားစေသည်မှာ မခံသာသော၊ နှလုံးမသာယာသော၊ မကျေချမ်းနိုင်သော၊ စိတ်ဝမ်း ကွဲပြားစေသော အကျိုးတို့ကို ဖြစ်စေတတ်၏၊ နုနယ်သာယာဖွယ် ဟန်ပန်ဖြင့် လာကြသော မာကျောသော စိန်ကျောက်များသဖွယ် ဖြစ်ကြသည်။

ထို့ပြင် သက္ကာရဟူသည် ကောင်းစွာ ပြုပြင်စီမံထားအပ်သော ထိုပစ္စည်းတို့ကို ရရှိခြင်း၊ ထိုပစ္စည်းတို့ဖြင့် အလေးအမြတ် အပြုခံရခြင်း၊ ပူဇော်ခံရခြင်း၊ အရိုအသေအပေးခံရခြင်းတို့ ဖြစ်၏၊ ရဟန်းများအဖို့ ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊

တုပ်ကွဲခြင်း၊ ရိုင်းခြင်း၊ လေးစားခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း စသည်ဖြင့် အရာရာတွင် ဦးစားပေးခြင်းကို သက္ကာရဟု ဆိုရ၏။

ထိုမှတစ်ပါး နာမည်ကျော်ကြားခြင်း၊ ဂုဏ်သတင်းပြန့်ခြင်း၊ လူသိများခြင်း၊ တန်ခိုးထွားခြင်း၊ အရှိန်အဝါပျံ့နှံ့ခြင်း စသည်တို့ကား သိလောကဟုခေါ်ရသည်၊ ဤသုံးမျိုးလုံးကပင် ဒုက္ခပေးတတ်၏၊ သတိရှိဖို့ ရှင်တော်ဗုဒ္ဓက ဆက်လက်၍ ဆရာတော်က ဩဝါဒ ပေးတော်မူပြန်သည်။

ပစ္စည်းဟာလုံးလုံးမရှိပြန်တော့လဲမကောင်းဘူး၊ စားသာ သောက်သာ, ဝတ်သာ ဆင်သာ, နေသာထိုင်သာ, သုံးသာစွဲသာ လောက်တော့လဲရှိမှ၊ မျှတရုံလောက်တော့ ရှိမှလို့ ဆိုလိုတယ်၊ အဲဒီလောက်မှမရှိယင်လဲ စာရိတ္တ ယိမ်းယိုင်စေနိုင်တယ်၊ ပျက်ပြားစေနိုင်တယ်၊ ထိန်းသိမ်းရမယ့် လူ့ကျင့်ဝတ်တွေကို ချိုးဖောက်ချင်တတ်ကြတယ်။

အဲ....ဒီ့ထက် များလာယင်လဲ၊ သိပ်ပိုလျှံလွန်းလာယင်လဲ အဲဒီပစ္စည်းတွေက (ခုနတုန်းက ပြောသလို လာဘ်လာဘတွေကပေါ့လေ) လူကို အန္တရာယ်ပြန်ပေးတတ်တယ်၊ မြွေဟောက်လို ပြန်ပေါက်တတ်တယ်၊ သူ့ရဲ့ ပြန်ပေါက်ခြင်းကို ခံရတတ်တယ်၊ ငရဲမီးလို ပူလောင်စေတတ်တယ်၊ ရှန်သူလို အမုန်းပွားစေတတ်တယ်၊ အခုပွားနေကြရုံပြီပေါ့....။

ဒါ့ကြောင့် မြတ်ဘုရားက "နာကျင်ခံခက်ခါး စပ်တဲ့အကျိုးတွေကို ဖြစ်စေတတ်တယ်" လို့ ဟောတော် မူတာပဲ၊ ဒါတွေကို မြင်ထားလို့ တို့ဘုရားကိုယ်တော်မြတ်က ရဟန်းတွေ ပစ္စည်းများများပိုင်တာ မကြိုက်ဘူး၊ မျှတရုံကလေး ခွင့်ပြုထားတယ်၊ "သပိတ်တစ်လုံး သင်္ကန်းသုံးထည်"....တဲ့။

ဒါပဲ ကျေကျေနပ်နပ်ခွင့်ပြုတားတယ်၊ ပစ္စည်းများများ မပိုင်စေရဘူး၊ သွားလေရာ, လာလေရာ ဒါပဲ၊ ဒီ တလွယ်တပိုးပဲ ပိုင်ပိုးခွင့် ပေးထားတယ်၊ ပေါ့ပေါ့ပါးပါးပဲ၊ ငှက်များလိုပေါ့၊ ငှက်များဟာ သွားချင်တဲ့နေရာသွား၊ ပျံချင်တဲ့နေရာပျံ၊ ကျချင်တဲ့နေရာကျ၊ ထပျံချင်ပြီ ဆိုယင်လဲ "ဖြုန်း" ကနဲ အတောင် ၂-ဘက်ခတ်ပြီး ပျံသွားရုံပဲ၊ ပစ္စည်းအပိုမပါဘူး၊ အတောင်သာလျှင် ဝန်ထုပ်ဝန်ပိုးရှိသလို့တဲ့၊ စာကဆိုတာက (ယေန ယေနေဝ ဒေါတိ၊ သပတ္တဘာ့ရော ဝေါတိ)တဲ့၊ ရဟန်းများလဲ သပိတ်တစ်လုံး သင်္ကန်းသုံးထည်မျှသာပဲ ဝန်ထုပ်ဝန်ပိုး ရှိပစေတဲ့၊ များလာယင် အန္တရာယ်ပေးမှာ ဝိုးလို့။

ရဟန္တာကိုပင် အန္တရာယ်ပေး ရှေးအစဉ်အလာကစ၍ သူတော်ကောင်းတို့ တောထွက်တော့မည်ဘိုလျှင် ရှိသမျှ ကုဋေကုဋ္ဌာပစ္စည်းတို့ကို အကုန်စွန့်လှူပစ်လေ့ရှိ၏၊ ပေးကမ်းဝေငှပေးလေ့ရှိ၏၊ ဤပစ္စည်း လာဘ်လာဘတို့သည်

အနှောင်အဖွဲ့တစ်မျိုးပင် မဟုတ်ပါလော၊ တောမှီ၍ ယောဂီ အလုပ်ကို ကြိုးဝားသူတို့အတွက် ဤပစ္စည်းတို့က အနှောင့် အယှက် ပေးနေတတ်သည်မှာ အမှန်ပင်ဖြစ်၏၊ တရားသိမြင် ရေးအတွက် အဟန့်အတားတစ်ချက် ဖြစ်တော့သည်၊ ထို့ ကြောင့်ပင် မြတ်စွာဘုရားက "အာနုတ္တရဿ၊ အတုမရှိ မှန် မြတ်သော။ ယောဂက္ခေမဿ၊ ယောဂလေးပါး၏ ကုန်ရာ နိဗ္ဗာန်ကို။ အဓိဂမာယ၊ ရခြင်း၏။ အန္တရာယိကော၊ အန္တရာယ်ကို ဖြူတတ်၏" ဟူ၍ ဟောတော်မူခြင်း ဖြစ်ပေ သည်၊ ထို့ကြောင့် ပစ္စည်းပစ္စယများလေ အန္တရာယ် များ လေပင် ဖြစ်၏၊ ဤသဘောကို ဆရာတော်က ဆက်လက်၍ ဩဝါဒပေးတော် မူနေပြန်သည်။

*၁ "ဟုတ်တယ်....ဒီပစ္စည်းလာဘ်လာဘတွေဟာ များလေ မကောင်းလေပဲ၊ များလာယင် ပုထုဇဉ် သား မပြောထားနဲ့ ရဟန္တာကိုတောင် ဒုက္ခပေးတတ် တဲ့ယ်" လို့ ဘုရားက ဟောဖူးတယ်၊ ဒါကို အရှင် အာနန္ဒာက ဘဝင်မကျလို့ "ရဟန္တာများလဲ လာဘ သက္ကာရ သိလောကတွေကို မက်မောကျပါသေး သလား ဘုရား၊ ဒီလာဘသက္ကာရ သိလောကတွေက ရဟန္တာများရဲ့ အရဟတ္တဖိုလ်ကိုတောင် ဖျက်ဆီးနိုင် ပါသလား ဘုရား" လို့ ပြန်လျှောက်ဖူးဘယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက "ရဟန္တာများရဲ့ အရ ဟတ္တဖိုလ်ကိုတော့ မဖျက်ဆီးနိုင်ဘူးပေါ့၊ ဒါပေမယ့်

*၁။ သံ-ပါ-၁၊ နိဒါန်-၄၃၄၊ ဋ္ဌ-၁၉၄။

ဒီပစ္စည်းလာဘ်လာဘတွေကို ဒကာ ဒကာမတွေက ယူလာပြီး ရဟန္တာအား လှူဒါန်းကြ ပူဇော်ကြ လုပ်နေတော့ ရဟန္တာပုဂ္ဂိုလ်က အနုမောဒနာပြုနေရ, တရားဟောနေရ, မေးတဲ့ပြဿနာတွေ ဖြေနေရတဲ့ အတွက် ဖလသမာပတ်ချမ်းသာနဲ့ နေရမယ့်အချိန်တွေ ကုန်ဆုံးရတယ်၊ လက်လွတ်ကုန်ရတယ်၊ အချိန်တွေ ကောရတယ်၊ ဒါတွေဟာ အန္တရာယ်ပေးတယ်လို့ ခေါ်ရတာပေါ့" ဟူ၍ ဖြေကြားတော်မူတယ်။

ပုထုဇဉ်သားတော့ မပြောထားနဲ့၊ တရားရဖို့ကိုလဲ အနှောင့်အယှက်ပေးတယ်၊ တရားမရခင် မေတ္တာဘာဝနာကိုလဲ ခေါင်းပါးစေတယ်၊ စိတ်ဝမ်းလဲ ကွဲပြားစေတယ်၊ စောစောက ပြောခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေဟာ လက်ငင်း သက်သေတွေပေါ့။

'တကထဲ.... မိဘတွေ့ လက်ထဲမှာ ဒီ ပစ္စည်းတွေ့ တစ်စုံတစ်ရုံးထဲ ရှိနေတုန်းက ဘာမှ မဖြစ်သေးဘူး၊ ကိုယ့်ဝေစုနဲ့ ကိုယ်လဲ သတ်မှတ်လိုက်ကရော ဥပါဒါန်စွဲတွေနဲ့ "သူနည်းတယ် ငါနည်းတယ်" နဲ့ ဖြစ်ကုန်ရော....။

ကြက်မိသားအုပ် ပမာ ဤ အမေ့ပစ္စည်းများနှင့် ပတ်သက်၍ ရှေး လူကြီးသူမတို့က ဆိုကြ၏၊ ယခုလို အဝေ မတည့်ကြဘူး ဆိုလျှင် ညီအစ်ကိုမောင်နှမတို့၏ သံယောဇဉ်တွေ ပြတ်ကြရ၏၊ မေတ္တာတွေ ခန်းကြရ၏၊ ချစ်စေးတွေ ပြေကြရတော့သည်၊ ပစ္စည်း

ဟစ္စယတို့က ညီအစ်ကို မောင်နှမတို့၏ အဖွဲ့အစည်းကို ချေမှုပစ်သလို ချိုးဖဲ့ဖျက်ဆီးပစ်သလို့ မွေ့နှောက်ပစ်သလို ဖြစ်စေသောကြောင့် "အမွေ" ဟု ဆိုတတ်ကြသည်၊ တစ်ဖန် အမွေသည် စုန်ရေနှင့်တူ၏ဟု ဆိုကြပြန်သည်၊ အောက်အကြေသို့ စုန်ဆင်းသောရေသည် ပြန်၍ဆန်တက်ရိုး မရှိသကဲ့သို့ မိဘတို့က ချကျွေးသော၊ ဝေငှပေးသော အမွေပစ္စည်းသည်လည်း သားသမီးတို့ထံသာလျှင် စုန်ဆင်းသွားကြတော့၏။

သားသမီးတို့က တစ်ဖန်ပြန်၍ လုပ်ကျွေးသောအားဖြင့် ဆန်တက်သောကိစ္စ အလွန်နည်းပါးလှ၏၊ ထို့ကြောင့် မိဘနှစ်ပါးက သားသမီးတွေတစ်ပြုံကြီးကို ဝအောင်ကျွေးနိုင်သော်လည်း သားသမီးတွေ တစ်ပြုံကြီးက မိဘနှစ်ပါး၏ ဟပါးစပ်နှစ်ပေါက်ကို ဝအောင် ပြန်လည်လုပ်ကျွေးဖို့ခဲယဉ်းတတ်ကြသည်၊ ဤသဘောကို ဆရာတော်က....

"မင်းတို့ မြင်ဖူးကြမှာပေါ့....ကြက်မကြီးမိသားအုပ်ကိုလေ....ကြက်မကြီးက ကြက်ပေါက်စကလေးတွေ တစ်ပြုံကြီးကို ရှေ့ကခေါင်းဆောင်ပြီး ခေါ်တယ်၊ "ဂေါက်ဂေါက် ဂေါက်ဂေါက်" နဲ့ အသံပေးပြီး အစာရေစာရှိမယ်ထင်တဲ့နေရာကို ဦးဆောင်ခေါ်သွားတယ်။

ပြီးတော့ ခြေထောက်နဲ့ယက်ပြီးရှာဖွေပေးတယ်၊ အစာလေးတွေ့ပေါ်လာတော့ကလေးတွေက ဝိုင်းအုံစားကြတယ်၊ သူစားရတယ်လို့ကိုမရှိဘူး၊ သားသမီး

လေးတွေကို ဦးစားမေး ကျွေးရှာတယ်၊ သိန်းစွန့်
ကျိုးကန်းတို့ရဲ့ ဘေးရန်ကိုလဲ ကာကွယ်ရသေးတယ်၊
အဲဒီလို့နဲ့ အရွယ်ရောက်သည့် တိုင်အောင် မိဘတွေမှာ
စောင့်ရှောက်ရရှာ့တာ။

အဲ ကြက်ကလေးတွေ အရွယ် ရောက်လာတော့
မိဘကို ပြန်ပြီး ရှာဖွေ့ကျွေး ကြသေးရဲ့လား၊ မကျွေး
ကြဘူး၊ ကိုယ့်ဟာကိုယ်သာ ရှာဖွေ့ စားကြတော့
တာပဲ၊ မကျွေးရုံတင်မကဘူး၊ ကြက်မကြီးယက်ပေးတဲ့
အစာကိုပဲ ဝိုင်းအုံလုစားကြရာက သူ့ဝေစု နည်းတယ်
ထင်ယင် အချင်းချင်း ခွပ်ကြသေးတာ၊ ကြက်ကလေး
တွေနဲ့ ဘယ်လောက် တူကြသလဲဆို....။

အဲဒီလိုပဲ—သာယာဖွယ်, မက်မောဖွယ် လာဘ်
လာဘတွေကိုမြင်ကြလို့ လောဘ တဏှာနဲ့(ဥပါဒါန်နဲ့
စွဲပြီး)တွယ်တာကြပြီဆိုယင်(လောဘော အတ္တံနဇာ-
နာတိ) ကြောင်းကျိုးအပြစ်ကို ဘာမျှ မသိကြတော့
ဘူး၊ ကြက်ကလေးဟာ ကိုယ့်မွေးချင်းချင်း မညှာ
ဓာတော့သလို၊ လူတွေလဲ ဒီအတိုင်းဖြစ်ကုန်ကြတော့
တာပဲ။

ဒီလာဘတစ်မျိုးသာ မကသေးဘူး၊ သက္ကာရတို့၊
သိလောကတို့လဲ အတူတူပဲ၊ ဒီ(လာဘ်-ပူဇော်သက္ကာရ
အကျော်အစော)ဆိုတဲ့သုံးမျိုးဟာ လူတစ်ယောက်ကို
လွှမ်းမိုးမိပြီဆိုယဲင် အဲဒီလူဟာမလွယ်တော့ဘူး၊ နှုန့
စွဲသလို အကုရခက်ပြီ။

ဤသို့လျှင် ဥပမာတွေ့ ပြ၍ လောက သက်သေတွေ့ တင်ပြီးလျှင် မြင်သာအောင်, ထင်သာအောင်ရှင်းပြဩဝါဒ ပေးတော်မူပါတယ်။

ရိုးတွင်းချဉ်ဆီ ရောက်အောင်တည် ဟုတ်ပါသည်၊ ဤ လောဘ သက္ကာရ သိလောက ရောဂါသည် စွဲမိပြီဆိုလျှင် အကုရဓက်သော အနာဆိုး စာစ်မျိုး ဖြစ်ပါ၏၊ အဘယ့်ကြောင့် ကုရဓက်သနည်း၊ အတွင်းခိုက် အောင်ရောဂါပိုးစိုက်ဝင်နေတတ်သောကြောင့်ဖြစ်ပါသည်၊ ထိုသို့စိုက်ဝင်ပုံကိုမြတ်စွာဘုရားက "လောဘသက္ကာရသိလော ကော ဘိက္ခဝေ ဆဝိ ဆိန္ဒတိ၊ ဆဝိ ဆေတ္တာ စမ္မံ ဆိန္ဒတိ၊စမ္မံ ဆေတ္တာ မံသံ ဆိန္ဒတိ၊မံသံဆေတ္တာ နှာရုံဆိန္ဒတိ၊နှာရုံဆေတ္တာ အဋ္ဌိ ဆိန္ဒတိ၊ အဋ္ဌိ ဆေတ္တာ တဋ္ဌိမိဉ္ဇံ အာဟစ္စ တိဋ္ဌတိ" ဟူ၍ ဟောတော်မူထားပါသည်။

အဓိပ္ပာယ်မှာလောဘ်လောဘပူဇော်သက္ကာရအကျော်အစော သည် အရေပါးကိုထိုးဖောက်၏၊အရေပါးကိုထိုးဖောက်ပြီး လျှင် အရေထူကို တစ်ဆင့်ထိုးဖောက်ပြန်၏၊ အရေထူကို ထိုး ဖောက်ပြီးနောက် အသားထဲကို ထိုးဖောက်ပြန်၏၊ အသား ထဲကို ဖြတ်သန်းပြီးနောက် အကြောကို ထိုးဖောက်ပြန်၏၊ အကြောကိုဖြတ်သန်းပြီးနောက် အရိုးကို ထိုးဖောက်ပြန်၏၊ အရိုးကို ထိုးဖောက်ပြီးနောက် ရိုးတွင်းချဉ်ဆီကို ခိုက်အောင်

---

* သံ-၄၊၁-၁၊ နိဒါန်-၄၃၂။ ၄၃၅။

သွားရှုရပ်တည်၏''ဟုဆိုလိုပါသည်။ ထို့ကြောင့်ပင်အကုသ
ခက်သော, ရောဂါမျိုးဟု ဆိုခဲ့ပါ၏။

''အရှင်ဝေဒဒတ်ဟာဒီလာဘသက္ကာရသိလောက
ကြောင့်ပေါ့ ဘုရားလုပ်ချင်တာ၊ ဒါ့ကြောင့်သံဃာ
တွေသင်းခဲ့တယ်၊ ဘုရားကို သေကြောင်းကြံတယ်၊
ဒီအတွက်ပဲကိုယ့်ကိုယ်ကိုနှစ်မှန်းရတယ်၊ကိုယ့်ကိုယ်ကို
တူးဖြိုသတ်ဖြတ်တာနဲ့ အတူတူပဲ။

ဒါ့ကြောင့် မြတ်စွာဘုရားကဟောတာ၊ ''အတ္တဲ
ဝဓာယ ဘိက္ခဝေ ဒေဝဒတ္တဿ လာဘသက္ကာရ
သိလောကော ဥဒပါဒိ၊ပရာဘဝါယ'' အရှင်ဒေဝ
ဒတ်ရဲ့ လာဘသက္ကာရ သိလောကဟာတဲ့။ကိုယ့်ကိုယ်
ကို သတ်ဖြတ်ဖျက်ဆီးဖို့ ဆုံးရှုံးနစ်နာ ပျက်ပြားဖို့
ဖြစ်လာတာတဲ့။

ဥပမာပြောရယင် ဌက်ပျော်ပင်ဟာ သေဖို့အဖူး
ထွက်(အဖီးထွက်)သလို၊ ဝါးပင်ဟာသေဖို့အသီးသီး
သလို ကျူပင်ဟာသေဖို့ အသီးသီးသလို၊ အဿတိုရ်
မြင်းမဟာ သေဖို့အတွက် ကိုယ်ဝန်ယူသလိုပဲ....တဲ့။

ဒေဝဒတ်ဟာလဲ သေဖို့အတွက်ဆုံး ရှုံးနစ်နာပျက်
ပြားဖို့အတွက် လာဘသက္ကာရသိလောက လွှမ်းမိုး
လာခြင်းပဲ....ဟူ၍ ပြောပြတော်မူတယ်။

ဂီဇ္ဈကုဋ်တောင်ခြေမှာ့ စကြံကြွနေတဲ့ မြတ်စွာဘုရားကို
တောင်ထိပ်ပေါ်ကနေ အရှင်ဒေဝဒတ်က ကျောက်တုံးနဲ့
လှိမ့်ချတုန်းက ဟောတာ ဒီတရားကို။

ဖလံ ဝေ ကဒလိ ဟန္တိ၊ ဖလံ ဝေဠုံ၊ ဖလံ နဠံ။
သက္ကာရော ကာ ပုရိသံ ဟန္တိ၊ ဂဇ္ဈော အဿတရိ ယထာ။

(ဘိက္ခဝေ၊ ရဟန်းတို့)ဖလံ၊ ဌက်ပျော်ဖူး ဌက်ပျော်ဖီး သည်။ ဝေ၊စင်စစ်။ ကဒလိ၊ ကိုယ်၏မိခင် ဌက်ပျော်ပင်ကို။ ဟန္တိယထာ၊အသေသတ်သကဲ့သို့။ဖလံ၊ဝါးသီး သည်။ဝေဠု၊ ကိုယ်၏မိခင်ဝါးအပင်ကို။ဟန္တိယထာ၊အသေသတ်သကဲ့သို့။ ဖလံ၊ ကျူသီးသည်။ နဠံ၊ကိုယ်၏မိခင်ကျူအပင်ကို။ ဟန္တိ ယထာ၊ အသေသတ်သကဲ့သို့။ ဂဇ္ဈော၊မြင်းမျိုးအမွှန်ကိုယ် ဝန်သားငယ်သည်။ အဿတရိ၊ကိုယ်ကိန်းအောင်းရာ ဝမ်း ခေါင်းအရှင် အဿတိုရ် မွေးမိခင်ကို။ ဟန္တိယထာ၊အသေ သတ်သကဲ့သို့။ တထာ၊ ထို့အတူ။ သက္ကာရော၊ လာဘ်လာဘ ပူဇော်သက္ကာရသည်။ကာ ပုရိသံ၊ကိုယ်ကိန်းအောင်းရာယုတ် မာသောယောကျ်ားကို။ဟန္တိ၊ဘဝနာဂတ်အနေကြပ်အောင် အသေသတ်တတ်လေသတည်း”....တဲ့။

အဆိုအမိန့်နှစ်ရပ် ဆရာတော်သည်လာဘသက္ကာရသိလောက နှင့်ပတ်သက်လာလျှင်ပုံပြင်အမျိုးမျိုးပြ၍ သာဓကအမျိုးမျိုးတင်၍ဆင်ခြင်နိုင်အောင်ဟောပြလေ့ရှိပါ သည်။ သာသနာတွင် ပျက်ပြားခြင်း၏ အကြောင်းရင်းမှာ ဤလာဘသက္ကာရသိလောကမှအစပြုတတ်သောကြောင့် ဖြစ် ၏။ မြတ်စွာဘုရားကလည်း နိဒါနဂဂ်သံယုတ် ပါဠိတော်မှာ

သံ-၁၂-၁ နိဒါန-၄၃၆။

ဤလာဘသက္ကာယသိလောက္၏အပြစ်တွေကို များစွာဟော ပြထားတော်မူပါသည်။ ထို့ကြောင့်ပင် ဆရာတော်က ဤ လာဘသက္ကာယသိလောက အပြစ်ကြီး အကြောင်းကို ဆက် လက်မိန့်ဆိုတော်မူပြန်ပါသည်။

"ဟိုတစ်ချိန်တုန်းက လယ်တီဆရာတော်ဘုရား ကြီးဟာ အဘိဓမ္မာတွေ ပြန့်ပွားစေချင်လွန်းလို့ ပရိ မ်ထ္ထ သံခိပ်တွေရေး၊ ပြီးတော့ မြန်မာပြည် ထက် အောက်အနှံ့ခရီးတွေဖြန့်၊ အဘိဓမ္မာတရားတွေဟော အဘိဓမ္မာအသင်းတွေဖွဲ့ လုပ်ခဲ့ဘူးတယ်။"

အဲဒီလို စိမံကိန်းကြီးနဲ့လုပ်မယ်ဆိုပြီး ခရီးထွက် ခါနီးမှာ မုံရွာကနေမန္တလေးကိုလာ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ ဝင်ပြီးနှုတ်ဆက်၊ အကျိုး အကြောင်းပြော၊ သူတို့ချင်းကလဲ အလှန်ရင်းနှီး၊ တစ်ပါးအပေါ်တစ်ပါး လေးစားကြတယ်၊ နှုတ် ဆက်ပြီး နေရာမှအထ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးက "ကြံ့ကြီးတော့ ထွက်သွားပေါ့ဟေ့၊ နောက်က ကြံ့ကလေးတွေ ထိုကြတော့မှာပဲ"

အဲဒီလို မိန့်လိုက်သတဲ့၊ ဒီတော့ ချက်ချင်းပဲ လယ်တီ ဆရာတော်ဘုရားကြီးက-

"စစ်တိုက်ဝံတယ်ဆိုတာကိုယ့်ဘက်ကလဲကျဦးမှာပဲ ဆရာတော်" လို့ပြန်လည်ခွန်းတုံ့လျှောက်ထားသတဲ့။

ပြီးတော့ မဆုတ်မနစ် ခရီးကို ဆက်လက်ကြွသွားတာပဲ တဲ့။ ဒီပညာရှိပုဂ္ဂိုလ် ဆရာတော်ဘုရားကြီး နှစ်ပါးတို့ရဲ့ မိန့်ဆိုချက် ၂ ခုဟာ သာမဲန့်ပုဂ္ဂိုလ်တွေ့ အနေနဲ့တော့ အဆက်အစပ်မရှိသလို ထင်ကြမှာပဲ၊ ဒါပေမယ့် ရှိတယ်၊ အဓိပ္ပာယ် အသီးသီးနဲ့ ကျယ်ဝန်းနက်ရှိုင်းစွာ ရှိကြပါတယ်။

ဆိုလိုတာက ကြံ့သတ္တဝါတို့ဆိုတာ ခွန်အားကောင်းလှပါတယ်၊ ကျွဲလောက်ရှိတယ်၊ကျွဲလိုအကောင်ပဲ၊ ဒါပေမယ့် ကျွဲလို ဦးချို ၂ ချောင်းမဟုတ်ဘူး၊သူက ဦးချိုတစ်ချောင်းတည်းရယ်၊ ဦးချိုကို အားကိုးတယ်။

အဲဒီကြံ့ကြီးတွေဟာ တောနက်မြိုင်ရှုတွေထဲလှည့်လည်တဲ့ အခါ ရွှေမှာတွေ့ရတဲ့ ခြုံနွယ်ပိတ်ပေါင်း တုံးတိုင်သစ်ဝါးတို့ကို ရှောင်ကွင်းပြီးသွားလေ့မရှိဘူးတဲ့၊ ခွန်အားကို အသုံးပြုပြီး ဦးချိုနဲ့ကော်ခတ် နောက်သို့ ကော်ပက်ပြီး သွားလေ့ရှိသတဲ့။

အဲဒီအခါမှာ နောက်ကပါလာတဲ့ကြံ့ကလေးတွေအပေါ် တုံးတိုင်ကျောက်ခဲတွေကျပြီး သေရတတ်သတဲ့၊ ကြံ့ကြီးဟာ နောက်ကပါလာတဲ့ သားသမီးလေးတွေ၊ ကြံ့ကလေးတွေ ဘယ်လိုပဲဖြစ်နေနေ သူ လှည့်မကြည့်တတ်ဘူး၊ သူတို့ လိုတဲ့ ခရီးကို အောင်အောင်မြင်မြင် ဒိုးယိုပေါက် သွားဖို့ပဲ အဓိကထားသတဲ့။

အဲဒီနည်းဥပမာပဲ၊ အခုလဲ အလိုနည်းပါးတော်ပူခြင်း အုပ်စိုစွတာဂုဏ်၊ ထကြွလုံ့လ ကြီးမားတော်မူခြင်း ဝီရိယ၊

ဖြူလွလှသော သီလအကျင့်၊ ရဲရင့်စာညဉ်ဖြိမ်သော သမာဓိခွန်အားတို့နှင့် ပြည့်စုံသည့်အပြင် ပညာတည်းဟူသော ဦးချို ရှိတော်မူသော လယ်တီဆရာတော်ဘုရားကြီး သည် လည်းကြံကြီးပမာ ခရီးထွက်သွားပြီ။

မကြာခင် ဝိုင်းအုံလှူဒါန်းကြမယ့် လာဘ်လာဘ၊ ဒကာဒကာမတို့ရဲ့ပူဇော်သကာ၊ လုပ်ငန်းအောင်မြင်လာတဲ့အခါ ရရှိမယ့် အကျော်အစော၊ ဒီ အားလုံးတွေဟာ ရွှေမှာတွေ့ရမယ့် ခြုံနွယ်ပိတ်ပေါင်း တုံးတိုင်ကျောက်ခဲတွေပဲ။

ဆရာတော်ဘုရားကြီးကတော့ ဒါတွေကိုမမှတဲ့၊ ငဲ့ကွက်မှုမထားဘဲ၊ နောက်သို့ ငေ့ါပက် ယမ်းခါ ဖယ်ရှားသွားမှာပဲ၊ ဒီအခါ နောက်ကပါလာတဲ့ ကြံသူငယ်ကလေးများပမာ တပည့်ကလေးတွေအပေါ် ကျမယ့် ထိမယ်၊ ပစ္စည်းလာဘ်လာဘ ဘုန်းပိ၍သေကြမယ်လို့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ရည်ညွှန်းမိန့်တော်မူလိုက်တာ။

ဒါကို လယ်တီဆရာတော်ဘုရားကြီးကလဲလက်ခနဲ ချက်ချင်း သိတော်မူလိုက်ပါတယ်၊ဒါကြောင့်လဲ "စစ်တိုက်တယ်ဆိုတာ ကိုယ့်ဘက်ကလဲ အနည်းအပါး ကျဉ်းမှာပဲဆရာတော်"လို့ ချက်ချင်း ပြန်လည်ခွန်းတုံ့လိုက်တာပဲ။

လယ်တီဆရာတော်ဘုရားကြီးဟာ ဆောင်ရွက်မယ့်အလုပ်ကို ဆုတ်နစ်ခြင်းမရှိ၊ တိတိကျကျ ဆက်လက် ဆောင်ရွက်တာပဲ၊ အဘိဓမ္မာပြန့်ပွားရေးအတွက် အလေးထားတော်မူတယ်၊ စစ်တိုက်သလို ကိုယ်အလေးအစား သဘောထား

အနာဂတ်သာသနာပြုပြင်ရေး ဩဝါဒတရားတော် ၉၃

တာ အောင်ကို့အောင်မြင်ရမယ်လို့ "အောင်စိတ်" မွေးထား
တာ။

ဟုတ်တယ်....ဒီလိုပဲ၊စစ်တိုက်တဲ့ နေရာမှာ ဘာပဲဖြစ်ဖြစ် အောင်မြင်ဖို့တစ်ခုပဲကြည့်ရတာပဲ။မအောင်မြင်လို့ ရှုံးလျှင် "ကျွန်ုပ်ခံစဇမ်း" မဟုတ်လား၊ ဒါကြောင့် စစ်ဦးစီးချုပ်လုပ်တဲ့သူဟာ မိမိတပ်များ ထိခိုက်ရှနာအနည်းငယ်သေဆုံးမှုဖြစ်ရတဲ့အတွက် ဆုတ်နစ်နေလို့မရဘူး၊ ရပ်တန့်နေလို့ မဖြစ်ဘူး၊ စစ်အောင်နိုင်ရေး တစ်ခုတည်းကိုသာကြည့်ပြီး အလုပ်လုပ်ရတာပဲ။

လယ်တီဆရာတော်ဘုရားကြီးကလဲ ဒီနည်းအတိုင်းပါပဲ၊ မိမိရည်မှန်းထားတဲ့ လုပ်ငန်းစဉ်တွေ့ အောင်မြင်ဖို့ရာ ရွှေသို့သာတိုး၍ ခရီးစဉ်အတိုင်း ချီတက်လာတဲ့အခါ လမ်းမှာ (မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးလှမ်းမြော်မြင်ထားတဲ့အတိုင်း) လယ်တီပဏ္ဍိတ၊ လယ်တီကောဝိဒ စတဲ့ကြုံသူငယ်ကလေးများ ကျဆုံးခဲ့ရပါတော့တယ်။

လယ်တီဆရာတော်ဘုရားကြီးရဲ့ အဓိကရည်မှန်းချက်များလဲ့(စစ်အောင်သလို) အောင်မြင်လာခဲ့ပါသတဲ့၊ အဲဒီလိုနဲ့ ခရီးဆုံးလို့ လယ်တီဆရာတော်ဘုရားကြီး ပြန်လှည့်လာတဲ့အခါ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက သတင်းတွေ့အကုန်ကြားထားတဲ့အတွက် ဂါထာလေးတစ်ပုဒ်ကို ရေးပြီးအပို့ခိုင်းခဲ့တဲ့၊ အဲဒီဂါထာလေးကတော့....

ယထာပိ ဗလဝါ ခဂ္ဂေါ၊
ဥက္ခိပျ ပုရတော ဌိတေ။
ပစ္ဆာဂေ ပုတ္တေ မာရေတိ၊
တထာ ထေရောပိ- ထာမဝါ-တဲ့။

ဗလဝါ၊ ခွန်အားဗလ ပြည့်ဝကြီးမားသော။ ခဂ္ဂေါ၊ ကြံ့သတ္တဝါကြီးသည်။ ပုရတော၊ ရှေ့၌။ ဌိတေ၊ တည်နေကုန်သော ခြံနွယ် ပိတ်ပေါင်း သစ်ဝါး တုံးတိုင်တို့ကို။ ဥက္ခိပျ၊ ကြွချိပင့်မြှောက် မိမိနောက်သို့ ပဝ်ပေါက်ဘော် ချပြီး၍။ ပစ္ဆာဂေ၊ နောက်ကမကွာလိုက်လာကြကုန်သော။ ပုတ္တေ၊ သားသမီးတို့ကို။ မာရေတိ ယထာ၊ သေစေသကဲ့သို့။ တထာ၊ ထို့အတူ။ ထာမဝါ၊ သီလသမာ ပညာခွန်အားကြီးမားသန်စွမ်းသော။ ထေရောပိ၊ ကမ္မာမဆံ့ ဂုဏ်ရောင်နှံ့၍ သင်းပျံ့ထင်ပေါ်မထေရ်ကျော်သည်လည်း၊ ပစ္ဆာဂေ၊ နောက်ကမကွာ လိုက်လာကြကုန်သော။ ပုတ္တေ၊ တပည့်သားငယ်တို့ကို။ မာရေတိ၊ သေစေတိ၏-တဲ့။

ဆရာတော်ဘုရားကြီး ၂ ပါးရဲ့ အမိန့်အဆို ၂ ရပ်ဟာ ခဲသလိုပဲ ကိုယ့်နည်းနဲ့ကိုယ် မှန်ကြတယ်လို့ မြင်တော်မူကြတယ်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအနေနဲ့က လုပ်ငန်း အောင်မြင်မှုရမည် ဖြစ်သော်လဲ လာဘသက္ကာရ သိလောကမျှားကြောင့် တပည့်ကလေးတွေ ပျက်ပြားကုန်လိမ့်မယ်လို့ မြင်တော်မူတယ်။

လယ်တီဆရာတော်ဘုရားကြီး အနေနဲ့ကတော့ အဓိက လုပ်ငန်းကြီး အောင်မြင်မည်ဆိုလျှင် ကိုယ့်တပ်ဘက်ကပဲ အတော်အတန် ကျချင်ကျပစေဆိုတဲ့ သဘောပါပဲ၊ ဘာပဲ ဖြစ်ဖြစ် ကိုယ့်တပ်ဘက်ကလဲ လုံးဝအကျအရှုံးမရှိဘဲ အောင်မြင်နိုင်မယ်ဆိုယင်တော့ ပို၍ အကောင်းဆုံးပဲပေါ့။

ဒါကြောင့် ဘုန်းကြီးက ပြောပြောနေရတာ၊ ဒီလောဘသက္ကာရသိလောကဘုန်းတွေ ပိယင် ပ်စိ ကြေကြေကုန်တတ်လွန်းလို့ ရှောင်ကြဟဲ့ ရှားကြဟဲ့နဲ့ သတိ ပေးပေးနေရတာ၊ တစ်နေ့တုန်းက ဒကာတစ်ဦးက သူ့ဦးပဉ္ဇင်း စာမေးပဲ့အောင်တာ ချီးကျူးပဲ့, ပူဇော်ပဲ့လုပ်မယ်လို့တဲ့၊ ဘုန်းကြီးကို လာပင့်တယ်၊ မလိုက်ပါဆူးလို့ ပြောလိုက်ရတယ်၊ စာချဘုန်းကြီးတော့ကို ပင့်သွားပေါ့လို့ ပြောတော့ ပင့်တော့ ပင့်ဟန့်တူရဲ့၊ စာချဘုန်းကြီးတွေလဲ လိုက်မသွားကြပါဘူး။

အားလုံး မင်းတို့တွေ သတိရှိကြ၊ ဒီလောဘသက္ကာရသိလောက က သာသနာကို ဒုက္ကိုးမပြုဘူး၊ ပျက်ပြားစေရုံသာ အကျိုးဖြစ်စေတယ်၊ ဒါ့ကြောင့်လဲ ဘုရားကိုယ်တော်မြတ်က အပြစ်တွေများစွာ ဟောပြထားတော်မူတာ။

အခု ပြောယင်းပြောယင်းနဲ့ကို ဒီလောဘသက္ကာရသိလောကတွေဟာ ဘုန်းကြီးတို့ ကျောင်းပေါက်ဝကို ရောက်နေပြီ၊ လာနေကြပြီ၊ သတိတားကြ အဝင်မခံနဲ့၊ ဝင်ခွင့်ပြုပြီး လက်သင့် ခံတဲ့နေ့ဟာ ပျက်ပြားဖို့စခြင်းနေ့ပဲလို့ အောက်မေ့ကြ။

ဤသို့လျှင် ဆရာတော်ဘုရားက ရှည်လျားသော ဩဝါဒ ကြီးကို တပည့်သားမြေးတို့အတွက် မည်သည်းမည်ဖြူ ပေးတော်မူပြီးမှ ထိုနေ့အတွက် တစ်ခန်းရပ်လိုက်ပါတော့သည်။

မှတ်ချက်။ ။အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသ၏ "တစ်ဘဝ သာသနာ" အမည်နှင့် မကြာမီ ထုတ်ဝေမည့် ကျမ်းစာမှ သာသနာပြုလိုသည့် လူ, ရှင်, ရဟန်းများ ကြိုတင် ဖတ်ရှုနိုင်ရန် ထုတ်နုတ် ဖော်ပြပါသည်။